www.burmeseclassic.com

THOE SAUNG

BURMESE CLASSIC .com

ပထမပိုင်း

# လက်ညှိုးထိုး၍မှန်းစေသည်


## သိုးဆောင်း

cOvEr tkk

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com



THOE SAUNG

# သိုးဆောင်း

## လက်ညှိုးထိုး၍ပန်းစေသည်

ပထမပိုင်း

ရွှေသမီးစာပေ

အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ရန်ကုန်မြို့။

ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၈၀။

SHWE THAMIEE PUBLISHING HOUSE

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၉၂၊(၃၉)လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း ၈၉၅.၈၃

( လက်ညှိုးထိုး၍ပန်းဝေသည် ) သိုးဆောင်း ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃
၂၀၀-စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။ (၁) လက်ညှိုးထိုး၍ပန်းဝေသည်

BURMESE CLASSIC .com

# လက်ညှိုးထိုး၍ပန်းဝေသည်

www.burmeseclassic.com

www.burmeseclassic.com

# လက်ညှိုးထိုး၍ ဝန်းဝေသည်

ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

•ည်သူ

ထူးထူးခြားခြား ငါ့ဆီက စာလာလို့ မင်း အံ့ဩနေမယ်နဲ့တူတယ်။ အံ့ဩရင်လည်း အံ့ဩစိတ်ကို ခဏဖယ်ပြီး စာကိုဆုံးအောင်ဆက်ဖတ်ကွာ။ မင်းအတွက် စိတ်ဝင်စားမှုတွေ ပေးချင်လို့။

ငါ အခုတာဝန်ကျနေတဲ့ ရွာလေးကိုတော့ မင်း မှတ်မိဦးမှာပေါ့။ ပြီးခဲ့တဲ့နှစ် ဆရာကန်တော့ပွဲဆုံတုန်းက မင်းကို ပြောပြခဲ့တယ်လေ။ မမှတ်မိလည်း ကိစ္စမရှိပါဘူးကွာ။ စာအောက်ဆုံးမှာ ရေးပေးလိုက်ပါတယ်။ ဒီလိုကွ . . .

ငါတို့ရွာလေးက ရာသီဥတုမျှတပြီး ရိုးမနဲ့နီးတော့ သစ်ပင်ဝါးပင်ပေါတယ်ပေါ့ကွာ။ ရွာသူ၊ ရွာသားတွေအားလုံးကလည်း စိုက်ပျိုးရေးကိုပဲ အဓိက လုပ်ကိုင်ကြတယ်။ စိုက်ပျိုးရေးအတွက် အကောင်းဆုံး မြေဆီလွှာတွေကို ပိုင်ဆိုင်ထားတဲ့ ရွာလေးပေါ့။

ဒါပေမဲ့ လွန်ခဲ့တဲ့ သုံး၊ လေးလလောက်ကစပြီး ငါတို့ရွာလေးရဲ့ အနီးဝန်းကျင်တောင်ကုန်းလေးတစ်ခုမှာ အင်မတန်ထူးဆန်းတဲ့ ပြောင်းလဲမှုတွေ ဖြစ်လာတယ်။ တောင်ကုန်းပေါ်က ရှိသမျှ သစ်ပင်တွေအား



www.burmeseclassic.com

www.burmeseclassic.com

လုံးအလိုလို သေကုန်ကြတယ်ကွာ။ ဘာပရောဂ၊ ဘာအနှောင့်အယှက်မှမပါဘဲ သေကုန်တာ။

ပတ်ဝန်းကျင်မြေသားနဲ့ သစ်ပင်တွေအားလုံး၊ စိုက်ခင်းတွေအားလုံးဟာ ပုံမှန်အတိုင်းပဲ။ အဲဒီတောင်ကုန်းလေးတစ်ခုပဲ ကွက်ပြီး လွင်တီးခေါင်ပြင်သဘောမျိုး ခြောက်သွေ့သေဆုံးကုန်တာ။ ဘယ်လိုကြောင့်ရယ် မသိဘူး။

မြက်ပင်ကစပြီး သက်တမ်း နှစ်ဆယ်သုံးဆယ်လောက်ရှိတဲ့ အပင်ကြီးတွေပါ မကျန်ဘူး။ သစ်ပင်ကြီးတွေဆို အရိုးပြိုင်းပြိုင်းကျပြီး ခြောက်သွေ့သွားတာ ယုံရက်စရာတောင်မရှိဘူး။

အခုဆို အဲ့ဒီတောင်ကုန်းပေါ်မှာ ဘာပင်မှ စိုက်လို့မရတော့ဘူးကွာ။ အရင်ရှိခဲ့တဲ့ သစ်ပင်ကြီးငယ်တွေလည်း အရိုးနဲ့အရေပဲ ကျန်တော့တယ်။ အရမ်းထူးဆန်းတယ်။ တစ်ရွာလုံးလည်း အဲ့ဒီတောင်ကုန်းလေးရဲ့ ပြောင်းလဲသွားမှုကို အံ့သြနေကြတယ်။

အခုဆို တကယ့် လွင်တီးခေါင်ပြင်ပါပဲ။

ဒီအကြောင်းတွေ မင်းကို ပြောပြရတာကလည်း တခြားကြောင့်မဟုတ်ဘူး။ ဆရာကန်တော့ပွဲမှာ မင်းတို့ငါတို့ ဆုံတုန်းက မြေဆီလွှာအမျိုးမျိုးနဲ့ပတ်သက်ပြီး မင်း စာတမ်းတစ်စောင် ပြုစုနေတယ်ကြားလို့ စာရေးပြီး ပြောပြရတာ။

မင်းလေ့လာရင် လေ့လာလို့ရအောင် အဲ့ဒီတောင်ကုန်းလေးက မြေနည်းနည်းကို ဒီစာနဲ့အတူ ထည့်ပေးလိုက်တယ်။ မင်းတတ်နိုင်သလောက် လေ့လာစမ်းသပ်ကြည့်ပေါ့။

ဒီလိုမှမဟုတ်ဘဲ ကိုယ်တိုင်လာရောက် လေ့လာချင်တယ်ဆိုရင်တော့ ငါ့လိပ်စာကို အောက်မှာရေးပေးလိုက်တယ်။ ဒီစာထဲမှာပါတဲ့



အလွန်ထူးဆန်းသော တောင်ကုန်းလေးက ငါနေတဲ့နေရာနဲ့ လေးဖာလုံလောက်ဝေးတယ် . . . သူငယ်ချင်း။ အကြောင်းထူးရင် သံကြိုးရိုက်လိုက်ပါ။

ငါကတော့ မင်းရောက်လာလိမ့်မယ်လို့ ယုံကြည်နေတယ်။

* * *

ထင်ကျော်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# I

“ထင်ကျော် . . . ”

နဝမတန်းမှာခင်ခဲ့သည့် သူငယ်ချင်း။ တစ်မြို့တည်းသားတော့ မဟုတ်။ ထင်ကျော်က မြို့မ (အ.လ.က)ကျောင်းမှ သူတို့ကျောင်းကို ပြောင်းလာခြင်းဖြစ်ပါသည်။ အခုတော့ ဒီကောင်က ဆရာဝန်ကြီးဖြစ်ကာ နိုင်ငံ့တာဝန်တွေကိုပင် ထမ်းဆောင်ကာနေပေပြီ။

သူကရော . . .

သူကတော့ ကျောင်းပြီး၍ နောက်တစ်ဘွဲ့အတွက် စာတမ်းတစ်စောင် ပြုစုလို့နေသည်။ အလုပ်အကိုင် မည်မည်ရရမရှိသေး။ စာကို နောက်တစ်ခေါက်ထပ်ဖတ်ကာ အောက်ဆုံးတွင်ရေးပေးထားသော လိပ်စာကို ကြည့်လိုက်၏။ သူ မသိပါ။

မြန်မာနိုင်ငံအစွန်အဖျားမှ မြို့လေးတစ်မြို့ကိုဆိုတာတော့ ခပ်ရေးရေးသိသည်။ ရွာကိုတော့မသိ။ စာကိုဖတ်ပြီး အတူပါလာသော သံဖြူပုံးလေးကို ကြည့်မိသည်။

နိုင်ငံခြားဖြစ် မုန့်ပုံးခွံလေးတစ်ခုပါပင်။ အဖုံးကို တိတ်များဖြင့် သေချာကပ်ပေးထားသည်။ ခက်ခက်ခဲခဲခွာယူ၍ အဖုံးကို ဖွင့်ကြည့်



တော့ . . . အောက်သက်သက် အငွေ့အသက်တချို့ ရိုက်ခတ်လာသည်ကို ခံစားရ၏။ နှစ်ရက်သုံးရက်ခန့် အလုံပိတ်ထားသော မြေကြီးနံ့ဖြစ်သည်။

လက်ဖြင့် နှိုက်ယူကြည့်တော့ မြေကြီးမှုန့်တချို့ လက်တွင်းပါလာသည်။ သာမန်ထက် ထူးခြားမှုမရှိသော မြေကြီးတွေပါပင်။ အရောင်၊ အနံ့ထူးခြားမှုမရှိ။ မျက်လုံးနဲ့ မြင်ရသလောက် သာမန်ထက် ခိုပါ။ မြေလတ်ပိုင်းဒေသများတွင် ရှိတတ်သော သဘာဝမြေသားမျိုး။

သို့ပေမဲ့လည်း ဝေးလံခေါင်သီလှသော ဒေသမှ တကူးတက ပို့ပေးလိုက်သည်မို့ ပေါ့ပေါ့လေးသဘောထား၍ မရ။ နောက်ပြီး စာပါအကြောင်းအရာတွေကလည်း ရှိသေးသည်။

စဉ်းစားမနေတော့။ စာတမ်းပြုစုနေသူမို့ လက်တွေ့စမ်းသပ်ကြည့်ဖို့သာ အလေးသာသည်။ ထို့ကြောင့် သံဖြူပုံးလေးကို ယူကာ ခြံတွင်းဆင်းခဲ့လိုက်သည်။ ပန်းအိုးအလွတ်တစ်အိုးယူ၍ ခြံထောင့်တွင် ပုံထားသော မြေဆွေးကို ထည့်သည်။ သံဖြူပုံးလေးတွင်းမှ မြေကြီးနှင့် အနည်းငယ်ရောထည့်ပြီးတော့ သမအောင်မွှေသည်။

ထို့နောက်မှာတော့ မေမေစိုက်ထားသော ရွက်လှပန်းခြုံထဲမှ ခပ်လှလှတစ်ပင်ကို အမြစ်ပါအောင်နှုတ်ကာ ပန်းအိုးတွင်း ထည့်စိုက်လိုက်သည်။ ရေကိုသင့်သလောက် လောင်း၍ နေရောင်ကျသောနေရာကို ရွှေ့ထားလိုက်ပါသည်။

ကိစ္စပြီး၍ အိမ်ထဲပြန်ဝင်တော့ . . .

“ဘာလဲကွ . . . ပန်းအိုးထဲ ထည့်စိုက်ရင် ရွက်လှပင်က အဖူးဖူးပြီး အသီးသီးမယ်တဲ့လား”

ဘယ်အချိန်ကတည်းက သူလုပ်နေသမျှကို စောင့်ကြည့်နေသည် မသိပါ။ အိမ်ထဲဝင်ဝင်ချင်း ကိုးရိုးကားရားစကားဖြင့် ကပ်သီး



www.burmeseclassic.com

www.burmeseclassic.com

ကပ်ဖဲ့ပြောသူက သူ၏ တစ်ဦးတည်းသောအဖေ။ (ထိုသို့ပြောလိုက်သဖြင့် ကျွန်တော့်အမေကို တစ်မျိုးမထင်စေချင်ပါ။ ကျွန်တော့်အဖေလိုလူမျိုး ရှားမှရှားသောကြောင့် တစ်ဦးတည်းသောအဖေဟု သုံးနှုန်းလိုက်ခြင်း ဖြစ်ပါသည်။)

"မဟုတ်ပါဘူး . . . သား စမ်းသပ်စရာရှိလို့ပါ"

"ဟုတ်လား . . . မင်းရဲ့ စာအုပ်ထူကြီးတွေက ဘာပြောလိုက်ပြန်ပြီလဲ။ သူ့ဟာသူ ရှင်နေတဲ့ပန်းပင်ကို အိုးထဲပြောင်းစိုက်ရင် ဆေးဖက်ဝင်သွားမယ်တဲ့လား။ ဘယ်ရောဂါတွေ ပျောက်မယ်တဲ့လဲ"

"ဟာဗျာ . . ."

စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းကုတ်မိသည်။ အဖေကတော့ တကယ့်ပင် ပင်စင်စား ပီသပါသည်။

"မင်းကိုယ်မင်းလည်း နားလည်ဦး။ အသက်မငယ်တော့ဘူး။ အလုပ်လေးဘာလေး လုပ်ဖို့စဉ်းစား။ ဒီမြေကြီးတွေနဲ့ချည်း အချိန်ကုန်မနေနဲ့။ ကြာရင် ငါ့တစ်အိမ်လုံးလည်း မြေကြီးဖုံးတော့မယ်"

စိတ်ပေါက်ပေါက်ဖြင့် လက်ဆေးရန် နောက်ဖေးမဝင်တော့ဘဲ အခန်းထဲသာ ပြန်ဝင်ခဲ့လိုက်သည်။ အပြင်မှာ ဆက်နေလျှင် ဖွင့်နေကျ ဓာတ်ပြားတွေ တစ်ချပ်ပြီးတစ်ချပ် အသက်ဝင်လာပေတော့မည်။

ရေမရှိသည်မို့ အဝတ်စုတ်ဖြင့် လက်သုတ်ကာ ခုတင်ပေါ်ပစ်လှဲချလိုက်သည်။ ဒါဟာ သူနဲ့ ဖေဖေရဲ့ နေ့စဉ်လိုလို ဆက်ဆံရေးပါပင်။ မေမေက မြို့မဈေးထဲမှာ အထည်ဆိုင်ဖွင့်ထား၍ မနက်အစောကြီးသွားကာ ညနေမှ အိမ်ပြန်လာသည်။

ညီမလေးက အဌမတန်းကျောင်းသူ။

မနက်ရှစ်နာရီခွဲလျှင် ကျောင်းသွားပြီး ညနေကျောင်းလွှတ်ချိန်မှ ပြန်လာတတ်၏။ ဒီတော့ အိမ်တွင် သူနဲ့ဖေဖေသာ ကျန်နေလေ့ရှိပါသည်။



ကျောင်းပိတ်ရက်များတွင်တော့ ညီမလေးရှိနေ၍ အိမ်က သာသာယာယာ ရှိနေတတ်သည်။ ယခုလို ကျောင်းဖွင့်ရက်များတွင်တော့ သူတို့အိမ်လေးက သားအဖနှစ်ယောက်၏ ခွေးထွေးသော ဆက်ဆံရေးနဲ့ အမြဲလိုလို တိတ်ဆိတ်နေလေ့ရှိ၏။

ယခုလည်း အခန်းတွင်းအောင်းကာ တစ်နေကုန် နစ်မြုပ်ရတော့မည်။ မပြီးသေးသော အလုပ်တွေလုပ်ရမည်။ စာတမ်းအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမည်။ စာတမ်းလည်း မြန်မြန်ပြီးမှပင်။ မဟုတ်ပါက ဖေဖေပြောသလို တကယ်ပင် တစ်အိမ်လုံး မြေကြီးဖုံးနိုင်ပါ၏။

ခြံထဲမှာ အမည်နာမအမျိုးမျိုးဖြင့် ပုံထားသော မြေကြီးများမှာနေသည်။ အိမ်ထဲမှာလည်း ပလတ်စတစ်အိတ်တွေ။ ပန်းအိုးတွေ၊ ခြင်းတောင်းတွေ၊ ခွက်တွေနှင့် မြေဆီလွှာအမျိုးအစားတွေ အစီအရီ။ ယုတ်စွအဆုံး သူ့အခန်းထဲမှာပင် ပန်းအိုးငယ်လေးတွေနဲ့ အများအပြားရှိနေသည်။

ဒီတော့ ပင်စင်စား အဖေ မျက်စိနောက်တာ မဆန်း။ အခန်းတွင်းအောင်းကာ တစ်နေကုန် နေပစ်လိုက်သည်။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေသည်မို့ ထင်ကျော်ကိစ္စမှာလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။

ညနေရောက်တော့ . . .

"ကလင် . . . ကလင် . . . ကလင် . . ."

စက်ဘီးဘဲလ်ကို အဆက်မပြတ် တီးဝင်လာကတည်းက မီးမီး ပြန်လာပြီမှန်း သိလိုက်သည်။ အိမ်ရှေ့တွင် စက်ဘီးကိုရပ်ပြီး အပြေးတစ်ပိုင်းဝင်လာသော ခြေသံက ဧည့်ခန်းရောက်စဉ်တွင် . . .

"ဖေကြီး . . . သမီးပြန်လာပြီ"

"အေး . . ."



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ခြေသံက သူ့အခန်းရှေ့ရောက်လာကာ . . .

"ကိုကို . . . မီးမီးပြန်လာပြီ"

"အေး . . . အေး . . . အဝတ်သွားလဲတော့"

အခန်းရှေ့မှ လှည့်ထွက်သွားသော ခြေသံလေးကို ကြားရပါသည်။ မောင်နှမနှစ်ယောက်သာရှိပေမဲ့ သူနဲ့မီးမီးအသက်က တော်တော်ကွာသည်။ ကျောင်းက ပြန်ရောက်တာနဲ့ သူပြန်လာပြီဖြစ်ကြောင်း လှမ်းအောင်လိုက်ပြောတတ်တာ မီးမီးအကျင့်။

တစ်အောင့်ကြာတော့ . . .

"သားကြီးရေ . . . မေမေ ပြန်လာပြီ"

တစ်နေကုန် စီးပွားထွက်ရှာသောမေမေမှာ ယခုလို ညနေပိုင်းတွင် ဆိုင်သိမ်းပြီး ပြန်လာလေ့ရှိပါသည်။ မေမေပြန်လာလျှင်တော့ မုန့်ပဲသရေစာ တစ်ခုမဟုတ်တစ်ခု ပါလာတတ်၏။ ထင်သည့်အတိုင်းပါပဲ။

"သားကြီးရေ . . . မေမေ မုန့်စိမ်းပေါင်း ဝယ်လာတယ်။ လာထွက်စားဦး"

အခန်းတံခါးကိုဖွင့်တော့ ညှော်ခန်းမှာ ဖေဖေက ရုပ်တည်ကြီးနဲ့ ထိုင်နေသည်။ မသိယောင်ဆောင်ရင်း ညှော်ခန်းကိုကျော်ကာ မီးဖိုဆောင်ဘက် ဝင်လိုက်တော့ . . .

"မီးမီးကို ကြီးတာပေးနော် မေမေ"

သူဝင်လာတာကို မြင်တော့ အငယ်မက မေမေ့ကို တွတ်ထိုးသည်။

မေမေက ရယ်ကာ . . .

"အေးပါ . . . သမီးလေးရယ်၊ သမီးလေးအတွက် မေမေ ပိုဝယ်လာပါတယ်"



မေမေက ဝယ်လာသော အိတ်သုံးခုအနက် အကြီးဆုံးအိတ်ကို အငယ်မလက်တွင်း ထည့်ပေး၏။ ပြီးတော့ တစ်အိတ်ကို ပန်းကန်ထဲသို့ လှယ်ထည့်ကာ . . .

"ဖေကြီး . . . မုန့်စိမ်းပေါင်းပါလာတယ်"

ဟုဆိုကာ ညှော်ခန်းဘက် ဝင်သွားပါသည်။ သူကတော့ ကျန်သော အိတ်ကိုဖွင့်ပြီး တစ်ဖတ်နိုက်စားလိုက်၏။ မကျိုးမကြေသည့်အရသာဆင်ပြေပါသည်။ ထိုစဉ်မှာပဲ သူ့ဘေးထိုင်စားနေသော မီးမီးက . . .

"ကိုကို . . . ဒီနေ့ လမ်းလျှောက်ထွက်ဦးမှာလား"

"ထွက်မှာပေါ့"

သူ့အဖြေကြောင့် မီးမီးမှာ နှုတ်ခမ်းကိုမဲ့ပြီး . . .

"ဟွန်း . . . ကိုကိုကလည်း ဒီနေ့ မလျှောက်ပါနဲ့လားကွာ။ မီးမီးနဲ့ ကြက်တောင်ရိုက်ရအောင်လေ . . . နော်"

"မရဘူး . . . လမ်းပဲ လျှောက်မယ်။ နင်နဲ့ ကြက်တောင်ရိုက်ရတာ နားငြီးတယ်"

"ဘာဖြစ်လို့လဲ"

"အငြင်းသန်လို့"

မီးမီးမှာ ခြေကိုဆောင့်၏။

"ဟာ . . . မငြင်းပါဘူးကွာ။ ကိုကိုက လိမ္မာပါတယ်။ ဒီနေ့ လမ်းလျှောက်မထွက်နဲ့တော့နော်။ ကြက်တောင် ရိုက်မယ်"

"မရိုက်ဘူး"

"ဒုန်း . . ."

ခြေကို ထဆောင့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"တွေ့လား . . . ကိုကိုက မီးမီးကို မချစ်ဘူး"

မီးမီးပုံစံကိုကြည့်ပြီး စိတ်ထဲက ကြိတ်ရယ်မိသည်။ မီးမီးမှာ နှုတ်ခမ်းကို ရှုံ့တွ၍ သူ့ကို မျက်စောင်းထိုးကြည့်နေတော့ . . .

"မချစ်ပါဘူး . . . ဘာကိစ္စ နင့်ကို ချစ်ရမှာလဲ"

"ကိုကိုနော်"

စွာကျယ်ကျယ်အသံနဲ့ ထအော်ပြီး . . .

"ရတယ် . . . မီးမီးလည်း မချစ်ဘူး။ ကိုကို့မြေကြီးတွေကို အကုန်လိုက်ရောပစ်မယ်"

ပြောပြောဆိုဆို ထိုင်ရာမှ ထပြီး အိမ်ရှေ့ပြေးထွက်သွားပါသည်။

"ဟာ . . . မီးမီး . . . လျှောက်မလုပ်နဲ့နော်"

နောက်မှ ပြေးလိုက်တော့ မီးဖိုခန်းတွင်း ဝင်လာသော မေမေနဲ့ ဆုံသည်။

မေမေက . . .

"ဒီမောင်နှမတွေ ဘာဖြစ်နေကြတာလဲ"

"ဟိုမှာ မေမေ့သမီး သားမြေကြီးတွေကို ရောပစ်မလို့တဲ့"

"ဟယ် . . . သမီး . . . မလုပ်ရဘူးလေ"

မေမေ လှမ်းအော်ပေမဲ့ မမီတော့ပါ။ မီးမီးမှာ အိမ်ပြင်ရောက်သွားခဲ့ပါပြီ။ သူ့ကိုစိတ်ကောက်၍ ပထမတစ်ခါ လုပ်ဖူးသည်မို့ မီးမီးကို လန့်သည်။ သူ ပြေးလိုက်လာတာကိုသိတော့ မြေကြီးများ ပုံထားရာ ခြံထောင့်သို့ သွက်သွက်ပြေးလေ၏။ မီလုမီခင် အချိန်မှာပဲ . . .

"ဟင် . . ."

ခြေလှမ်းတို့ တိခနဲရပ်ပြီး ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်က . . .



"ဟာ . . . မီးမီး ဒီမှာကြည့်စမ်း"

မြေပေါ် အထိတ်တလန့် ထိုင်ချမိလိုက်၏။ ရှေ့မှာ ရှိနေသည်က အသစ်စက်စက် ပန်းအိုးတစ်လုံးနဲ့ ရွက်လှတစ်ပင်။ ဒါပေမဲ့ ထိုရွက်လှပန်းပင်က ဦးကျိုးညွတ်ခွေနေပါသည်။ လွန်ခဲ့သော နာရီပိုင်းအနည်းငယ်က မှ စိုက်ထားခဲ့သော ပန်းပင်လေး။

သူ့ပုံစံကိုကြည့်ပြီး မီးမီးက အထိတ်တလန့်ပြေးလာကာ . .

"ကိုကို . . . ဘာဖြစ်လို့လဲ . . ."

"ဒီအပင် သေသွားပြီ"

သူ့စကားကို မီးမီး နားမလည်။ မျက်လုံးဝိုင်းလေးနဲ့ အစ်ကိုဖြစ်သူကိုတစ်လှည့် ရှေ့မှ သစ်ပင်လေးကို တစ်လှည့်ကြည့်နေသည်။ ပြီး . . . တိုးတိုးမေး၏။

"ကိုကို . . . စိုက်ထားတာလား"

"မနက်ကမှ စိုက်ထားတာ"

အဖြေနဲ့အတူ ခေါင်းထဲတွေးစရာတွေ ပေါ်လာသည်။ ရွက်လှပင်ဟူသည်အမြစ်က ဆွဲနှုတ်ပြီး ဒီအတိုင်း ပစ်ထားလျှင်ပင် နှစ်ရက်၊ သုံးရက်လောက်က အေးဆေးသည်။ ချက်ချင်းလက်ငင်း ညှိုးရော်ချွတ်ခြံကျတတ်သည့် အမျိုးမဟုတ်။ ယခုက မြေဆွေးနှင့် ကောင်းကောင်းမွန်မွန် စိုက်ပျိုးထားရုံမဟုတ်၊ ရေပါလောင်းပေးထားသေးသည်။

ဒါကို နာရီပိုင်းအတွင်း တွေ့ရသည့်ပုံစံက . . .

ရွက်လှပင်၏ထိပ်ဦးမှာ အောက်သို့ ဦးစိုက်ကျဆင်းနေသည်။ အရွက်အလက်တွေအားလုံးကလည်း ရေမဝသော ပန်းလို (သို့) နေရောင်ဒဏ်ကို နေ့စဉ်ရက်ဆက်ခံထားရသော ပလတ်စတစ်ပျော့ဖတ်လို ပြားပြားကပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

အပင်ကို ဆွဲနုတ်ကြည့်တော့ အတွင်းနစ်ဝင်ထားသော အမြစ်ပိုင်းမှာ ပူနေသည်။ ကပျာကရာ လက်ထိုးစိုက်ကြည့်ပြန်တော့ အတွင်းမြေသား၌ သာမန်ထက်ထူးခြားသော ပူနွေ့နွေ့ဓာတ်တစ်ခုကို ခံစားရသည်။

ထူးတော့ ထူးနေပြီ။

"မီးမီး ကိုကို့ကို ဟိုထောင့်က ပန်းတစ်ပင် သွားနုတ်ပေးစမ်း။ အမြစ်ပါအောင် နုတ်နော် . . ."

"ဟုတ် . . . ဟုတ် . . . ကိုကို . . . "

ဘာမှန်းညာမှန်းမသိပေမဲ့ အရေးကြီးမှန်း တွက်ဆကာ မီးမီးပြေးသွားသည်။ ပြီးတော့ ပင်စည်ကောင်းကောင်း အရွက်ဖားဖားတစ်ပင်ကို ရွေးနုတ်လာ၏။

မြေသားကို သန့်လျက်နဲ့ ပြန်ဆွကာ မီးမီးနုတ်ယူလာသော ပန်းပင်ကို ထည့်စိုက်သည်။ ရေကို များများလောင်းပေးလိုက်၏။ လောလောလတ်လတ် ရွက်လှပင်က စိတ်ဝင်စားဖွယ် ပန်းအိုးလေးအတွင်းမှာ ရေဝဝသောက်၍ မတ်မတ်ထောင်သွားလေပြီ။

နေစောင်းပြီ။

ဒွိဟဖြစ်စရာတစ်ခုတော့ ရှိ၏။ နေရောင်မှာထားလို့ ပန်းအိုးနှင့်တကွ အတွင်းမြေသားတွေ ပူနေတာလား။

ယခုတော့ နေပူရန်မရှိတော့ပါ။

ညသည် အေး၏။



## II

အိပ်ရာမှနိုးနိုးချင်း သတိရမိသည်က ပန်းအိုး။

'ဝှန်း'ခနဲ ထကာ ခြံထဲပြေးဆင်းလိုက်သည်။ အိမ်တံစက်မြိတ်လွန်တော့ သူ့မျက်လုံးတို့ နေရာတစ်ခု၌ စူးဝင်သွားစဉ် . . .

"ဟာ . . ."

အထိတ်တလန့်ဖြစ်သော အာမေဍိတ်သံနဲ့အတူ သူမြင်လိုက်မိသည်က . . .

"ဘုရားရေ . . ."

လုံးဝ ထင်မှတ်မထားသော မြင်ကွင်းတစ်ခု။ မနေ့ညနေကမှ စိုက်ထားခဲ့သော ပန်းလေးတစ်ပင်မှာ သေဆုံးရုံမဟုတ် သစ်ရွက်တွေပင် ခြောက်နေပြီ။ အလျင်အမြန်ပြေးသွားကာ ထိကိုင်ကြည့်လိုက်တော့ . . .

"ဖျောက် . . ."

မည်မျှ ခြောက်သွေ့နေသည်မသိ။ သစ်ရွက်တစ်ခုက ပင်စည်မှ ခပ်ဆတ်ဆတ်ကျိုးကာ လက်တွင်းပါလာသည်။ လက်တွင်းပါလာမှ ထင်ထားတာထက် များစွာခြောက်သွေ့နေကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

အံ့သြဖွယ်မြင်ကွင်းတစ်ခုကြောင့် လူက ကြောင်တောင်တောင်ပင် ဖြစ်သွားသလို။

အချိန်က တစ်ည။

ထိုအချိန်အတွင်း အပင်က သေရုံမဟုတ်။ ခြောက်ပင်ခြောက်နေပြီ။ တခြားအရွက်တွေ ကိုင်ကြည့်ပြန်တော့လည်း အားလုံး တစ်ပုံစံတည်းပါပင်။

သေချာပြီ။

ထင်ကျော်ပို့ပေးလိုက်သော မြေကြီးမှာ တစ်ခုခုထူးခြားနေတာ သေချာပြီ။ စည်သူနောက်ကို လှည့်ကာ အိမ်တွင်း ပြေးဝင်လိုက်၏။ မျက်နှာကို ကပျာကယာသစ်ကာ အခန်းတွင်းရှိ လက်ကျန်သံဖြူပုံးလေးကို ယူသည်။ မ,ယူစဉ် နောက်ထပ် သတိထားမိတာတစ်ခုက သံဖြူပုံးလေး၏ အောက်ခြေသံသားမှာ ပူနေပါ၏။

အဖုံးဖွင့်ပြီး လက်ထိုးစိုက်ကြည့်တော့ လက်ကျန်မြေသားတွေက နေလောင်ထားသလို ပူနွေ့နွေ့၊ သိပ်အပူကြီးတော့မဟုတ်။ အခန်းကို စည်သူ အပူပေးမထားပါ။ အောက်ခြေသံမံတလင်းမှာလည်း မီးမဖိုထား။ ဒါကို ဘာကြောင့် ဤသံဖြူပုံးလေးတစ်ခုတည်း ကွက်ပြီး ပူနေရပါသနည်း။

ရင်ခုန်လာချေပြီ။ ဘယ်လိုကြောင့်နည်း။ ဘာကြောင့် ဒီတစ်ခုတည်း ကွက်ပြီး ပူနေရတာနည်း။ စဉ်းစားမရတော့ပါ။ သံဖြူပုံးလေးကို လက်မှာ ပိုက်ပြီး စက်ဘီးဆွဲထွက်လာခဲ့တော့၏။ သူ၏ ဦးတည်ရာက မြို့လေးရဲ့ အခြေခံပညာအထက်တန်းကျောင်းဆီသို့ . . .

• • •



စည်သူစက်ဘီးကို ခပ်သွက်သွက် နင်းလာခဲ့သည်။ သူတို့မြို့လေးက မနက်ခင်းတစ်ခုနဲ့ လျှော်ညီစွာ သက်ဝင်လှုပ်ရှားနေပါပြီ။ ကျောင်းကို အမြန်ဆုံးရောက်နိုင်မည့်လမ်းကို ရွေးချယ်နင်းလာသည်မို့ ဆယ့်ငါးမိနစ်သာသာမှာ ကျောင်းရှေ့ရောက်သွားသည်။

ဒါပေမဲ့ . . .

"ကျွတ် . . ."

ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိ၏။ အချိန်စောနေသေးသည်။ ကျောင်းဝန်းတံခါးပင် မဖွင့်သေးပါ။ ဇောဖြင့်လောပြီး ထွက်လာခဲ့တာ အချိန်ကို သတိမထားမိခဲ့။ မတတ်နိုင်တော့ . . .

စက်ဘီးရပ်ပြီး ကျောင်းတံခါးအဖွင့်ကို စောင့်ရတော့သည်။ တစ်အောင့်အကြာမှာ ကျောင်းသားတစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာပါ၏။ ခဏကြာတော့ ဆယ့်လေး၊ ငါးယောက် ဖြစ်လာသည်။

ထိုအခါတွင် ကျောင်းစောင့်မှာ အိပ်မှုန်စုန်မွှားဖြင့် တံခါးလာဖွင့်ပေးသည်။ ကျောင်းသားများနည်းတူ စည်သူ စက်ဘီးကိုတွန်းကာ ကျောင်းတွင်း ဝင်လိုက်သည်။

တည်သီးပင်အောက်တွင် စက်ဘီးကိုရပ်ပြီး အဆောင်တစ်ခုဆီသို့ ဦးတည်သွားလိုက်ပါသည်။

"သိပ္ပံဆောင် . . ."

လွန်ခဲ့သော ခုနစ်နှစ်လောက်ကအတိုင်း သိပ္ပံဆောင်လေးမှာ ပြောင်းလဲမှုမရှိ။ တည်ငြိမ်အေးဆေးကာနေသည်။ တံခါးပိတ်ထားသည်မို့ အဆောင်ရှေ့မှာပင် ငုတ်တုတ်ထိုင်စောင့်ရပြန်၏။ ထိုအတောအတွင်းမှာပင် ပြောင်းလဲမှုတစ်ခုကို ခံစားရသည်။

လက်တွင်ပိုက်ထားသော သံဖြူပုံးလေးမှာ တစ်ဖြည်းဖြည်း တစ်စ



www.burmeseclassic.com

www.burmeseclassic.com

ပူဆွေးမှု ကင်းမဲ့လာခြင်းဖြစ်သည်။ ဤမြေကြီးမှာ ဘာတွေ ထူးခြားနေတာနည်း။ မကြာခင် သိရတော့မည်။

ကျောင်းသား၊ သူတွေ တဖွဲဖွဲ ရောက်လာနေကြပြီ။ သူကတော့ သိပ္ပံဆောင်ရှေ့မှာ ငုတ်တုတ်ထိုင်ကောင်းတုန်း။ အဆောင်လေးမှာ ကျောင်းမကြီးနှင့် တွဲလျက်မဟုတ်ဘဲ သီးသန့်ရှိနေသည်မို့ တော်သေးသည်။

ကျောင်းတက်ရန် ဆယ့်ငါးမိနစ် အလိုမှာတော့ သူ အားကိုးတကြီး စောင့်မျှော်နေသော လူတစ်ယောက်မှာ စက်ဘီးလေးကို တရျောက်ရျောက်နင်းပြီး ရောက်လာပါတော့၏။

"စောင့်လိုက်ရတာ . . . အောင်မိုးရာ"

သူ့ကို ဖြုန်းစားကြီးတွေ့တော့ အောင်မိုး မျက်လုံးပြူးသွားပြီး . . .

"ဟာ . . . ဟေ့ကောင် . . . ဘာထိုင်လုပ်နေတာလဲ"

"မင်းကိုစောင့်နေတာ"

"ငါ့ကို . . ."

အောင်မိုး ကြောင်သွားတော့ . . .

"အေး . . . မင်းရဲ့သိပ္ပံခန်းကို ခဏသုံးချင်လို့"

အောင်မိုးသည် မြို့နယ်အထက်တန်းကျောင်းလေး၏ သိပ္ပံလက်ထောက်တစ်ဖြစ်လဲ သိပ္ပံအခန်းမှူးဖြစ်ပါသည်။ သူတို့ ထင်ကျော်တို့လိုပင် တစ်တန်းတည်းတက်လာသည့် အခန်းဖော်သူငယ်ချင်းပင်ဖြစ်၏။ ကျောင်းပြီးတော့ သိပ္ပံလက်ထောက်လျှောက်ကာ မြို့နယ်အထက်တန်းကျောင်းမှာပင် အလုပ်ဝင်နေခြင်းဖြစ်သည်။

အောင်မိုးမှာ သူ့စကားအား နားလည်ပုံမရ။ ဒါပေမဲ့ အဆောင်တံခါးဖွင့်ပြီး အတွင်းကို ဖိတ်ခေါ်သည်။ အတွင်းရောက်တော့ အောင်မိုးနားလည်အောင် အကျဉ်းချုပ်ပြီး ရှင်းပြလိုက်ရ၏။ ထိုအခါမှာ . . .

"ဒါဆို မင်းလက်ထဲက ပုံးက ထင်ကျော်ထည့်ပေးလိုက်တာပေါ့"

"ဟုတ်တယ်"

"မင်းပြောမှ ငါတောင် စိတ်ဝင်စားသွားပြီ။ ပြစမ်းပါဦး။ ဘာတွေထူးခြားနေလို့လဲ ကြည့်ရအောင် . . ."

အောင်မိုးက သံဖြူပုံးလေးကို ယူကာ အဖုံးဖွင့်ကြည့်သည်။ အတွင်းကို လက်နှိုက်၍လည်း လှေ့လာသည်။ အပြင်လည်း ထုတ်ကြည့်သည်။

"ဘာမှလည်း မထူးခြားပါဘူး။ ဒါနဲ့ မင်း ငါ့အခန်းကို သုံးချင်တယ်ဆိုတာက . . ."

"ဒီမြေကြီးတွေကို ဓာတ်ခွဲကြည့်ချင်လို့"

အောင်မိုးက မျက်မှောင်ကြုတ်ကာ . . .

"ငါ့ဆီမှာ ပစ္စည်းသိပ်မစုံဘူးနော်"

"ရှိသလောက်ပေါ့ကွာ"

ထို့နောက်မှာ အောင်မိုးက ပိတ်ထားသော ဗီရိုသော့များကို လိုက်ဖွင့်ပေးသည်။

"မင်းအတွက် ပြဿနာကြီးကြီးမားမား မရှိလောက်ဘူးမလား"

"ရတယ် . . . ဘာမှမဖြစ်ဘူး။ ကျောင်းအုပ်ကြီးက တစ်လနေလို့ တစ်ခေါက်တောင် သိပ္ပံခန်းကို လာကြည့်တာမဟုတ်ဘူး။ မင်းစိတ်ကြိုက်သာသုံး"

သူလည်း ခပ်သွက်သွက်ပင်ဖွင့်ပေးသော ဗီရိုများအတွင်းမှ လိုအပ်သော ပစ္စည်းကိရိယာများကို ထုတ်ယူလိုက်သည်။ ပြီးတော့ သံဖြူ



www.burmeseclassic.com

www.burmeseclassic.com

ပုံးလေးနဲ့အတူ စမ်းသပ်ခန်းတွင်းကို ဝင်ခဲ့လိုက်၏။ စမ်းသပ်ခန်းဆိုသည်က အဆောင်တွင်းမှာပင် သီးသန့်အခန်းလေးကန့်ကာ ဓာတ်ခွဲခန်းငယ်သဘောမျိုး လုပ်ထားခြင်းဖြစ်သည်။

ကျောင်းတက်တုန်းကတော့ ဤအခန်းအတွင်းမှာပင် ဓာတုဗေဒစမ်းသပ်မှုတွေ လက်တွေ့လုပ်ဖူး၏။ မကြာခင်အချိန်ပိုင်းတွင်းမှာပဲ သူ၏ ကိုယ်စိတ်နှစ်ပါးကို အလုပ်တွင်းသို့ စုန်းစုန်းမြှုပ်လိုက်လေတော့သည်။

သူ့စိတ်ထင် နှစ်နာရီသာသာလောက် ကြာသွားမည်ထင်၏။ အခန်းတွင်းမှထွက်လာသော သူ့ကို အောင်မိုးက အလျင်စလို ဆီးမေးသည်။

"စည်သူ . . . ဘယ်လိုလဲ"

နဖူးမှ ချွေးကိုသုတ်ကာ ခေါင်းကိုယမ်းရင်း . . .

"မထူးခြားဘူး"

"ဘာကိုလဲ"

"သာမန်မြေသားတွေမှာရှိသင့်တဲ့ ဓာတ်ပေါင်းစပ်မှုတွေထက် ဒီမြေကြီးမှာ ဘာမှမပိုဘူး"

"ဒါကို ဘာလို့"

အောင်မိုး၏အမေးစကားမှာ အဆုံးထိ ရောက်မလာခဲ့။ ဒါပေမဲ့ အောင်မိုး ဘာကိုဆိုလိုကြောင်း သဘောပေါက်လိုက်သည်မို့ . . .

"ငါ အံ့ဩနေတာလဲ အဲ့ဒါပဲ။ သာမန်ထက်မပိုတဲ့ မြေသားက သစ်ပင်တွေကို ဘာလို့ ခြောက်သွေ့သွားစေတာလဲ"

ငြိမ်သွားတော့ အောင်မိုးက တစ်ခွန်းထောက်၏။

"မင်း ဘာလုပ်မယ် စိတ်ကူးလဲ"



အရင်ဆုံး သက်ပြင်းကိုချ၏။ ဒုတိယအနေနဲ့ ခေါင်းကို ယမ်းသည်။ ထို့နောက်မှာတော့ စက်ဘီးဆွဲ၍သာ အိမ်ပြန်ခဲ့ပါတော့သည်။

တစ်လမ်းလုံး စဉ်းစားလာသည်က ထင်ကျော်ပေးလိုက်သော စာလေးတစ်စောင်အကြောင်း။

ထိုအထဲမှာပါသည့် ထူးဆန်းသောတောင်ကုန်းလေးအကြောင်း၊ ထိုတောင်ကုန်းလေးဆီမှ အကြောင်းမဲ့ သေဆုံးကုန်သော သစ်ပင်ကြီးငယ်တို့အကြောင်း . . .

လက်တွင်းမှာ သံဖြူပုံးလေး ပါလာသည်။ အထဲမှာ ထူးဆန်းသော မြေသားအနည်းငယ်ရှိနေသည်။ လုပ်စရာတစ်ခုပဲ ရှိတော့၏။

အိမ်ရောက်တော့ . . .

ခြံကိုပတ်ကာ နောက်ဖေးဘက် ထွက်လိုက်သည်။ အိမ်နောက်ဖက်မှာ ပင်စင်စားဖေဖေ စိုက်ပျိုးထားသော သီးပင်စားပင်နှင့် အရိပ်ရပင်အချို့ရှိ၏။

ထိုအထဲမှ တစ်ပင်ရွေးကာ . . .

သံဖြူပုံးလေးအား ပင်စည်အခြေသို့ သွန်ချလိုက်ပါသည်။ မြေသားတွေ အပင်ခြေရင်းမှာ စုပုံကျသွားသည်။ ရင်တထိတ်ထိတ်ဖြင့်သာ စောင့်ကြည့်ရပေတော့မည်။

သူ နောက်ဆုံးစမ်းသပ်လိုက်သည့် အပင်မှာကား . . .



www.burmeseclassic.com

www.burmeseclassic.com

# III

"ဟော့တော် . . . ကုန်ပါပြီ"

မေမေ့အော်သံကြောင့် အိပ်ရာမှနိုးထကာစ စည်သူ မျက်လုံးကျယ်သွား၏။ ဧည့်ခန်းတွင် သတင်းစာဖတ်နေသော ဖေဖေက မျက်လုံးပြူးနဲ့ နောက်ဖက်လှမ်းကြည့်သည်။ မီးမီးက မီးဖိုချောင်သို့ ပြေးဝင်သည်။

သိပ်မကြာလိုက် . . .

"ဟောတော့ . . . သဘော်သီးတွေ"

မီးမီး၏ အသံစာစာလေး ထွက်လာပြီးနောက်မှာ . . .

စည်သူ ဝုန်းခနဲ ထပြေးသွားတော့သည်။ မီးဖိုခန်းကိုကျော်ကာ နောက်ဖေးဘက် ထွက်စဉ်၌ . . .

"ဟာ . . . "

မြေတွင် ပြန့်ကျဲနေသော သဘော်သီးများ၊ အဝါရောင်သဘော်ရွက်များနှင့် မြင်ကွင်းက လုံးဝ ထိတ်လန့်ဖွယ်၊ မနေ့ကအထိ ဝေဆာနေသော သဘော်ပင်ကြီးမှာ ညတွင်းချင်း ပုံစံပြောင်းသွားချေပြီ။ မနေ့က ပြွတ်ခဲနေသော သဘော်သီးတွေ ယနေ့မြေမှာ အစုလိုက် အပြုံလိုက်။



အညှောင့်ခင်က စိမ်းနေသောအရွက်တွေ မနက်လင်းတော့ ဝါညိုနေပြီ။ နောက်ပြီး မြေပေါ်မှာ အကျဲကျဲ အလွင့်လွင့်။

ပင်စည်ကရော . . .

အောက်ခြေပိုင်းနှင့် အလယ်ပိုင်းတွင် မသိသာပေမဲ့ ထိပ်ပိုင်းမှာကား . . .

အပေါ်သို့ ဆက်လက်ထိုးထွက်မည့် အညွန့်အဖျားတွေ ဦးညိုးခြောက်ကပ်နေပေပြီ။

"ဟာ . . . "

နောက်ဖက်မှထွက်လာသော အာမေဋိတ်သံကြီးတစ်ရပ်။ သူ့ခေါင်းကိုတွန်းတိုက်ရင်း ဖေဖေရှေ့ကို ရောက်လာ၏။ ပြီးတော့ အသီးစိမ်းတွေ ခြေချနေသော သဘော်ပင်ကြီးကို ကြည့်ရင်း ကြက်သေသေသွားချေပြီ။ တစ်မိသားစုလုံးက အံ့သြဖွယ်အဖြစ်အပျက်နှင့် သဘော်ပင်ကြီးကြည့်ကာ ကျောက်ရုပ်များအလား ကြောင်တောင်ငေးသွားပါ၏။

ပင်စည်ခြေရင်းမှာတော့ မနေ့က သူသွန်ခဲ့သော မြေသားတွေ ပုံမပျက်ဘဲ ရှိနေပါသည်။ သဘော်ပင်ကြီးကို ကြည့်ပြီး ရင်တွင်းမှာ စာလှပ်လှပ်မောလာ၏။ နှလုံးခုန်နှုန်းတွေ မြန်လာကာ လူက ကြက်သီးတို့ပင် ဖျိုးဖျိုးဖျင်းဖျင်း ထလာသည်။

ဘယ်သူမှတော့ ရိပ်မိမည်မဟုတ်ပါ။ အကျိုးတစ်ခုဖြစ်ထွန်းလာပေမဲ့ ဖြစ်ပေါ်ရာ မူလက အကြောင်းရင်းကို သူကလွဲ၍ မည်သူမှ သိမည်မဟုတ်။

ပျက်ယွင်းလှုပ်ရှားသွားသော မျက်နှာအား မည်သူမျှ မမြင်မိခင် တစ်ဖက်လှည့်လိုက်သည်။ မနေ့က သဘော်ပင်ခြေရင်းကို ထင်



www.burmeseclassic.com

www.burmeseclassic.com

ကျော်ပို့ပေးလိုက်သော မြေသားတွေ သွန်ချခဲ့သည်။ အသီးတွေ ပွတ်ခဲ နေသော သဘော်ပင်ကြီးအား အရိပ်တကြည့်ကြည့် တစ်နေကုန် စောင့် ကြည့်ပါသော်လည်း ထူးခြားမှုတစ်စုံတစ်ရာ ရှိမလာခဲ့။

ယနေ့မနက်တွင်မှ . . .

အခန်းတွင်း ပြန်ရောက်လာသည့်တိုင် စည်သူ ရင်ခုန်သံတွေ မြန်နေသည်။ ကြီးစွာသော အံ့သြမှုနဲ့အတူ လူက ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ။ ထင်ကျော်၏မြေကြီးထဲမှာ ဦးနှောက်နှင့် လိုက်မမီနိုင်သော ထူးဆန်းမှုတွေ ရှိနေသည်ဆိုတာတော့ သေချာသွားလေပြီ။

ထူးဆန်းသော တောင်ကုန်လေးအကြောင်းကို နောက်တစ်ကြိမ် ပြန်ဖတ်မိသည်။ သေချာပါသည်။ စာထဲမှ အကြောင်းအရာအားလုံးသည် တမင် ကြံစည်ရေးသားထားခြင်း လုံးဝ မဟုတ်နိုင်တော့။

ထူးဆန်းသော တောင်ကုန်းလေးသည် ထင်ကျော်နေသော ဒွေးပင်ရွာတွင် တကယ်ပင် ရှိနေပါလိမ့်မည်။ သဘာဝမကျသော ဆန်း ကြယ်မှုတွေလည်း ထိုတောင်ကုန်းလေးတွင် ပျော်ဝင်နေပါလိမ့်မည်။

ဘာကြောင့် ထိုတောင်ကုန်းလေးသည် သစ်ပင်အားလုံးကို သေစေနိုင်တာလဲ။

အဖြေတစ်ခုသာရှိပါသည်။

အဲဒါက . . .

ထင်ကျော်ထံ သံကြိုးရိုက်လိုက်ခြင်းပင် ဖြစ်တော့၏။



# IV

"ဘော် . . . ဘော် . . . ဘော် . . ."

ရထားကြီးတစ်စီးက လည်ချောင်းကိုညှစ်ပြီး ကျယ်ကျယ်လောင် လောင် အော်မြည်လာပါသည်။ အရှိန်ဖြင့် ခုတ်မောင်းလာရာမှ သွား နှုန်းကို လျှော့လိုက်သည့်အတွက် သူလိုက်ပါလာရာ တွဲကြီးက ပခက် ထဲ့သလို ဘယ်ညာလူးသွားသည်။

အရှိန်ကိုလျှော့ပြီး ဥသြကို အဆက်မပြတ်ဆွဲနေသည်မို့ ဘူတာ ဝင်တော့မည်ဖြစ်မှန်း ရိပ်စားမိ၏။ ဤဘူတာတွင် သူဆင်းရမည်။ စည် သူ ထိုင်ရာမှထကာ ခေါင်းမိုးမှ ခရီးဆောင်အိတ်ကို ချသည်။ ပြီးတော့ ခြေလှမ်းကိုထိန်း၍ အပေါက်ဝတွင် သွားရပ်နေလိုက်ပါသည်။

ပထမဆုံးမြင်ရသည်မှာ ရထားသံလမ်းဘေးတစ်လျှောက်ရှိ လူ နေတဲအိမ်ငယ်လေးများ၊ ထိုတဲအိမ်လေးများ ရှေ့တွင်ရပ်ပြီး လက်ပြနေ ကြသော ကလေးသူငယ်များ၊ ပြီးတော့ ဆူးခြုံတောနှင့် ရထားဘူတာ ဝင်း၊ သံလမ်းများ၊ ရှန်တိန်ထိုးနေသော ကုန်တွဲများ။

စသည်တို့ကိုလွန်တော့ ဝန်ထမ်းအိမ်ရာများကို တွေ့ရ၏။ ရထားကြီးက နှေးသည်ထက်နှေးကွေးလာပါပြီ။ ဘရိတ်ဆွဲထားသည် ကြောင့် သံချင်းပွတ်တိုက်သံ 'တကျွိကျွိ' ကိုလည်း ကြားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းအိမ်ရာလွန်သွားတော့ ဘူတာဆိုင်းဘုတ်ကို တွေ့ရ၏။ စက်ခေါင်းတွဲကြီးက ဘူတာတွင်းသို့ နောက်တွဲများအားလုံးကို ဒရွတ်တိုက်ဆွဲခေါ်သွားပါသည်။ ကြိုးစားမှု အထမြောက်သည်ဟု ဆိုရပါမည်။ ခရီးဝေးနှင်လာသော လှည်းဆွဲမြင်းတစ်ကောင်လို စက်ခေါင်းတွဲကြီးမှာ ဘူတာထိပ်ဖက်တွင် မောမောပန်းပန်းရပ်သွား၏။

လူစီးတွဲများအားလုံး ဘူတာ ပလက်ဖောင်းဘေး အံဝင်ခွင်ကျဖြစ်တော့ ဘူတာလေးမှာ အိပ်မောကျနေရာမှ ထကြွလှုပ်ရှားသွားပါတော့သည်။ တွဲပေါ်အော်ဟစ်ပြေးတက်လာသော ဈေးသည်တွေ၊ ဘူတာဆင်းသူတွေ၊ ရထားပေါ်တက်သူတွေ၊ တွဲရှာသူ၊ ပြေးလွှားသူတွေနဲ့ ဆူညံလှုပ်ရှားသွားပါ၏။

စည်သူ ရထားပေါ်မှ ဆင်းလိုက်သည်။ ဘူတာ သမံတလင်းကို ခြေချပြီးတော့ ပတ်ဝန်းကျင်ကို တစ်ချက်ရှိုးလိုက်သည်။ ထို့နောက် ခရီးဆောင်အိတ်ကို တင်းတင်းဆုပ်ကာ ဘူတာထွက်ပေါက်ကို ဦးတည်လိုက်ပါ၏။

ထွက်ပေါက်တစ်နေရာ၌ ဘူတာဝန်ထမ်းတစ်ဦး ဆေးလိပ်ထိုင်ဖွာနေသည်။

"အစ်ကို . . . ဒွေးပင်ရွာကို ဘယ်လိုသွားရမလဲ"

"ဒွေးပင်"

ဆေးလိပ်သောက်သူက ပါးစပ်မှ အငွေ့တွေထုတ်ရင်း သူ့ကို ပြန်မေးသည်။

"ဟုတ်ပါတယ် . . . ဒွေးပင်ပါ။ ကျွန်တော် ဒွေးပင်ရွာကို သွားချင်လို့ပါ"

"ဟိုရှေ့လမ်းကနေ ဘယ်ဘက်ကို ထောင်တက်သွား။ ငါးမိနစ်လောက်လျှောက်ရင် တောကားဂိတ်တစ်ခုကို တွေ့လိမ့်မယ်။ အဲဒီမှာ



ဆောက်ကြီးကားကိုစီး၊ ဒွေးပင်ထိအောင်တော့ ကားမရှိဘူး။ ကျောက်ကြီးတနေ လှည်းကြုံစောင့်စီးရမှာ"

အသေအချာပြောပြပေးသော ဝန်ထမ်းကို ကျေးဇူးတင်စကားပြောလိုက်၏။

"ဟုတ်ကဲ့ . . . ကျေးဇူးပါအစ်ကို"

ဝန်ထမ်းက ခေါင်းညိတ်ပြကာ သူ့ဆေးလိပ် သူပြန်သောက်နေသည်။ စည်သူ ဘူတာဝန်းတွင်းမှ ထွက်ခဲ့ပါသည်။ ဘူတာအပြင်ဘက် လမ်းပေါ်မှာ မြင်းလှည်းတွေ တန်းစီရပ်ထား၏။ ဘူတာပြန်ခရီးသည်တင် မြင်းလှည်းများ ဖြစ်ဟန်တူပါသည်။

သူကတော့ ခပ်တည်တည်ပင် မြင်းလှည်းများကို ဖြတ်ကျော်လိုက်သည်။ လမ်းဘေးမှ သီကာ ညွှန်ပြလိုက်သော ဘယ်ဘက်အရပ်ဆီသို့ မှန်မှန်လျှောက်လာခဲ့ပါသည်။ ဖွံ့ဖြိုးမှုနှေးကွေးသော နယ်မြို့လေးပေမှ လမ်းပေါ်တွင် မော်တော်ကား၊ ဆိုင်ကယ်များကို မတွေ့ရ၊ စက်ဘီးများဖြင့်သာ ဥဒဟို သွားလာနေကြသည်။ ရိုးမတောင်တန်းကြီးများကို ကျောပေးထားသော မြို့လေးပေမို့ သစ်ဝါးပေါသည်ကို တွေ့ရ၏။

လမ်းဘေးတစ်ဖက်တစ်ချက်ရှိ လူနေအိမ်တို့မှာ သစ်မာများဖြင့် အခိုင်အမာ ဆောက်လုပ်ထားပါသည်။ ရေနံချေးဝနေသော အိမ်မည်းကြီးများကိုလည်း အများအပြားတွေ့ရသည်။ အကုန်လုံးက ခြံဝန်းကျယ်ကြီးတွေနဲ့ သစ်ပင်ပန်းပင်တွေနဲ့ နေချင်စဖွယ်။

တစ်ခါမှ မရောက်ဖူးသည်မို့ အထူးအဆန်း ဖြစ်လို့နေသည်။ ညာဘက်ခြမ်းဆီမှာ မှိုင်းညို့ညို့ရိုးမတောင်တန်းကြီးတွေ ရှိ၏။ မြို့လေးမှာ တောရိပ်၊ တောင်ရိပ်ဖုံးကာ အေးချမ်းလို့နေပါသည်။ မိုးအကုန်ဆောင်းအဦးပေမို့ လေအေးအေးကလည်း တစ်ချက်တစ်ချက် ရောက်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုတော၊ တောင်၊ ရေ၊ မြေနှင့် စိမ်းလန်းသော နေရာဒေသမှာ လွင်တီးခေါင်ပြင် တောင်ကုန်းလေးတစ်ခု ရှိနေပါသတဲ့။ ဟုတ်ပါ့မလား။ ကိုယ်တွေ့မမြင်ရသေးသည်မို့ ငြင်းရန် ခဲယဉ်းနေပါသေးသည်။

ဘူတာဝန်ထမ်းပြောလိုက်သော ငါးမိနစ် (သို့) ခွေးတစို့ ကြာပြီးသွားစဉ်မှာ . . .

ရှေ့တူရူတွင် လှမ်းမြင်လိုက်ရသည်က ကုက္ကိုပင်တန်းအုပ်အုပ်၊ လူတစ်ဖက်နီးနီးရှိသော ကုက္ကိုပင်ကြီးတွေက အကိုင်းအခက်ဝေဆာစွာ အေးရိပ်နေ၏။ ထိုအောက်မှာကား လူစုလူဝေးရပ်ဝန်းလေးတစ်ခု ရှိနေသည်။

စက်ခေါင်းစိမ်းကားကြီးတွေ ရပ်ထားပြီး လူအများ လှုပ်ရှားသွားလာနေကြ၏။ မြင်ရုံနဲ့ သဘောပေါက်သည်။ ဒါဟာ ကျေးလက်ကားဂိတ်တစ်ခုပါပင်။ အနီးရောက်သွားတော့ တောသူတောင်သားတို့၏ ချစ်စဖွယ်မလေ့စရိုက်များကို မြင်ရသည်။

ပါးကွက်ညိုမြိန်းမကြီးတွေ၊ ဈေးခြင်းတောင်း ခေါင်းပေါ်ရွက်ကာ ကားရှာနေသူတွေ၊ သစ်ပင်ရိပ်အောက်တွင် ကွမ်းထိုင်ဝါးနေသူတွေ၊ ကျေး လက်သူ/သား ပီပီ တစ်ဦးနဲ့တစ်ဦး တစ်နေရာမှတစ်နေရာ အော်ဟစ်ပြောဆိုနေပုံတွေ စတာတွေနဲ့ ကားဂိတ်လေးက ရိုးသားမှုတစ်ခုကို ဖော်ကျူးနေသည်။

သူ့ကိုမြင်တော့ အထူးဆန်းသဖွယ် ဝိုင်းကြည့်ကြ၏။ မြို့ကြီးသားမဟုတ်ပေမဲ့ ခရီးသွားရာတွင် အဆင်ပြေရန် ဘောင်းဘီရှည်၊ ကင်းဗက်၊ ဂျင်းလက်ရှည်တို့ကို ဝတ်စားလာသည်။ ဒီလိုဆိုတော့ သူ့ပုံစံက ခေါင်းပေါင်းပေါင်း၊ ပုဆိုးကြမ်းဝတ် တောရွာဓလေ့တွင် ပျော်မွေ့သူတွေထက် ထူးခြားနေတာတော့ သေချာသည်။



သိသိသာသာကြီး ဝိုင်းကြည့်နေသည်မို့ မနေတတ်၊ မထိုင်တတ်ဖြစ်ကာ အရှက်ပြေသဘော နီးစပ်ရာလူတစ်ယောက်ကို ကပ်မေးလိုက်သည်။

"ဒွေးပင်ရွာကို ဘယ်ကားစီးရမလဲ . . . နောင်ကြီး"

"ဒွေးပင်ကိုလားဗျ။ ဒွေးပင်က 'အောင်တိုင်းကျော်' စီးရမှာ။ ဒါက 'ဟန်သာမြင့်' သရောတောသွားမဲ့ကား"

"ဟုတ်လား"

အူလည်လည် ဖြစ်သွားသည်။ ဒီလူ ဘာတွေပြောလိုက်မှန်းသူမသိပါ။ အောင်တိုင်းကျော်တဲ့။ သူ့ဘေးကားက 'ဟန်သာမြင့်' တဲ့။ နောက်မှ သဘောပေါက်လိုက်မိ၏။ နံဘေးရှိကား၏ ကိုယ်ထည်မှာ 'ဟန်သာမြင့်' ဟု စာလုံးဝါကြီးများဖြင့် ရေးထားသည်ကို တွေ့ရပါသည်။

'ဟန်သာမြင့်' ဆိုတာ ကားနာမည်ကို ဆိုလိုခြင်း ဖြစ်ပါလိမ့်မည်။ ဒါဆို 'အောင်တိုင်းကျော်' ကရော ဘယ်မှာနည်း။

"နောင်ကြီး . . . အောင်တိုင်းကျော်က ဘယ်နားမှာလဲဗျ"

"ဟိုရှေ့မှာလေဗျာ . . . ခင်ဗျားကလည်း ရှာရောပေါ့"

ကွမ်းတံတွေးကို ဗျစ်ခနဲထွေးရင်း အပြစ်တင်သလို ပြောတော့စည်သူ ပုခုံးတွန့်လိုက်မိသည်။ သူ့ကို သိပ်စိတ်ရှည်ချင်ပုံမရပါ။ ထို့ကြောင့် ညွှန်ပြသောနေရာသို့ ခပ်သွက်သွက်ပင် လျှောက်သွားလိုက်ရပါသည်။ ဒါတောင် နောက်ဖက်မှ အသံကြားရသေး၏။

"ဟွဲ့ . . . မောင်မှတ်၊ ဘယ်သူတဲ့တုံး"

"အောင်တိုင်းကျော် ရှာတာပါဗျာ။ ဘယ်က မြို့သားမလည်းမဝယ်လဲ မသိပါဘူး"

"သေဟ . . . "



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်မိသည်။ မလွယ်ပါချေ။ သူတို့ နယ်မြေဖြစ်လေတော့ အချွန်ကလေး၊ အတက်ကလေးတွေနဲ့ပေါ့။ ပြီးတော့ ခေါင်းပေါင်းဝတ်အခေါ်ကြီးက မှတ်ချက်ပြုသေး၏။

"ဟုတ်မှာပါဟယ် . . . ပုံစံက မအူမလည်လေးပါ"

သွက်သွက်ပင် လျှောက်လာခဲ့လိုက်သည်။ တော်ပါသေး၏။ သူတို့ ဟိုဘက်ရီးမသာရှိပေလို့။ မြို့ကြီးသားတွေဆိုပါက ဘယ်လောက်တောင် နှိပ်ကွပ်လိုက်ကြမလဲမသိ။ ကားတန်းဆုံးမှပဲ 'အောင်တိုင်းကျော်' ဟူသော နာမည်တပ်ကားကြီးကို တွေ့ရပါသည်။ တခြားကားများနည်းတူ စက်ခေါင်းစိမ်းကားကြီးပါပင်။

သစ်သားကိုယ်ထည်ပေါ်မှာလည်း သဘော်ဆေးအစိမ်းရောင်ကို သုတ်ထား၏။ ထို မွဲခြောက်ခြောက် ဆေးရောင်ပေါ်မှာပင် ဖုန်တွေက အလိမ်းလိမ်း။ သစ်သားကာ ထရံမိုးကားကြီးဖြစ်ပါသည်။ ကားကြီး၏ ဘေးကိုယ်ထည်တွင် လူတစ်ယောက်၊ ဝါးလုံးများကို ကြိုးတုပ်နေသည်။

ကားခေါင်းမိုးပေါ်တွင် ဈေးခြင်းတောင်းတွေ၊ ဝန်စည်စလယ်တွေ အပြည့်။ ကောက်ရိုးခင်းထားသော ကားအတွင်းပိုင်းမှာလည်း ခရီးသည် တော်တော်များနေပြီ။ ကားရှေ့ဘက်ခပ်လှမ်းလှမ်းမှာ ကြေးနီရောင် အသားရည်နှင့် လူတစ်ဦး မတ်တတ်ရပ်နေသည်။ ဝါးလုံးတုပ်နေသော ပုဂ္ဂိုလ်ကို ရပ်ကြည့်နေခြင်းဖြစ်သည်။ စည်သူ ရပ်နေသူနားတိုးသွား၍..

"ဒါဒွေးပင်ရွာကို သွားမဲ့ကားလားဗျ"

ထိုလူက သူ့ကို သေချာကြည့်ကာ . . .

"ကျောက်ကြီးကို သွားမှာ။ ဒွေးပင်သွားချင်ရင် ကျောက်ကြီးကနေ လှည်းကြုံစောင့်စီး။ ဒွေးပင်ကို ကားမထွက်ဘူး"

ဘုတာဝန်ထမ်းပြောလိုက်သော စကားမှာ ဒက်ထိမှန်နေပါ၏။ မတတ်နိုင်တော့။ သူတို့ပြောသလိုပဲ ကျောက်ကြီးကိုသာ လိုက်ရပေတော့မည်။



"ခေါင်းခန်းရဦးမလား"

"ရတယ် . . . ခေါင်းခန်းက နှစ်ဆပေးရမှာ"

ဝါးလုံးတုပ်နေသူက လှမ်းအော်သည်။ ထိုလူမှာ ကားစပယ်ယာ ဖြစ်ဟန်တူသည်။ သဘာဝကျပါသည်။ ကားခေါင်းခန်းက နောက်ခန်းဈေးထက်နှစ်ဆ။ စည်သူ ကားခေါင်းခန်းတွင်း တက်ထိုင်လိုက်သည်။ နာရီကိုကြည့်တော့ ဆယ့်တစ်နာရီခွဲ၊ ဗိုက်တောင် ဆာသလိုရှိလာ၏။

အနီးနား ကုက္ကိုပင်ရိပ်အောက်မှာတော့ ဒန်အိုးလေးတွေ ဖြန့်ခင်းရောင်းချသော ထမင်းဆိုင်လေးတွေရှိသည်။

ထို့ကြောင့် အဆာပြေထမင်းဆင်းစားရန် တွေးမိစဉ်မှာပဲ . . .

"ပြီးပြီလား . . . စံလှ . . . မင်း ဝါးကြိုးတုပ်လို့ပြီးရင် ကားထွက်မယ်"

"ပြီးပြီ ဆရာ"

နောက်ဘက်မှ ဖြေသံထွက်လာတော့ ရပ်နေသူက ကားဆရာနေရာတွင် ဝင်ထိုင်သည်။ သွားလေပြီ။ ဗိုလ်ဆာလည်း အူလိမ့်ခံရုံသာ ရှိတော့၏။ စံလှဆိုသူက ကားစက်ဂေါက်ကို ထမ်းရင်း ရှေ့လျှောက်လာသည်။

ကားခေါင်းတွင်း ဂေါက်ထိုးကာ လှည့်၏။

အချက်နှစ်ဆယ်လောက် လှည့်ပြီးစဉ်မှာ စက်ခေါင်းစိမ်းကြီးက တဖြည်းဖြည်း တုန်လာသည်။ ပြီးတော့ တအင့်အင့် ညစ်အော်ကာ မီးခိုးတွေ လုံးတက်သွား၏။ စက်နိုးချေပြီ။

စပယ်ယာက စက်ဂေါက်သံချောင်းကိုထမ်း၍ နောက်ဘက်ပြန်လျှောက်သွားသည်။ မကြာလိုက်ပါ။

"လူစုံပြီဆရာ . . . ထွက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

လီဗာနင်းလိုက်ရာ ကားကြီးက ငယ်သံပါအောင်အော်ရင်း တစ်ဘီးချင်း လိမ့်ထွက်သွားလေတော့၏။ ခေါင်းခန်းမှာ ကျယ်ပေမဲ့ နောက်ထပ်စီးသူ မရှိပါပေ။

နှစ်ဆပေးထားသည်မို့ သူနဲ့ ဒရိုင်ဘာနှစ်ယောက်တည်း။ ကားစက်သံတအုန်းအုန်း၊ မီးခိုးတွေ တစ်လုံးလုံးဖြင့် ကားကြီးက တရွေ့ချင်း ရွေ့နေချေပြီ။

တကယ်တော့ ရထားစီးရတာနဲ့ပင် သိပ်မကွာလှပါ။

အင်ဂျင်ကြီး၏ ဆွဲခါမှုကြောင့် သူစီးနင်းလိုက်ပါရာ ခေါင်းခန်းတစ်ခုလုံး တုန်ခါကာနေသည်။

လီဗာနင်းလိုက်တိုင်း ခိုညည်းသံလိုလိုလည်း စက်ခေါင်းစိမ်းကြီးဆီမှ ကြားရ၏။

ဒါပေမဲ့ တာဝန်ကျေပါသည်။

အရှေ့ဆီမှာ မန်ကျည်းပင်တန်း မြေလမ်းလေးက အသင့်စောင့်ကြိုနေသည်မဟုတ်ပါလား။



# V

ကျောက်ကြီးကိုရောက်တော့ နေ့လယ်တစ်နာရီထိုးနေပါပြီ။ ကားပေါ်ကဆင်းစဉ် သူ့တင်ပါးတွေ ကျိန်းစက်နေ၏။ နောက်ခန်းတွင် ခရီးသည် လေးငါးခြောက်ယောက်သာ ကျန်တော့သည်။ ဒါတွေကတော့ ကျောက်ကြီးသူ၊ ကျောက်ကြီးသားတွေ ဖြစ်ဟန်တူပါသည်။

ကျန်ခရီးသည်များမှာ လမ်းတစ်လျှောက် ကျေးရွာနှင့် တဲအိမ်များမှာ ဆင်းနေခဲ့ကြသည်မို့ ဂိတ်ဆုံးချိန်တွင် ဤမျှလောက်သာ ကျန်တော့ခြင်းဖြစ်သည်။ ကားရပ်တော့ သူတို့တွေမှာလည်း မိမိတို့ဝန်စည်စလွယ်များကို ထုပ်ပိုးထမ်းရွက်ရင်း အသီးသီး ထွက်ခွာသွားကြသည်။

ကျန်ခဲ့တာက ကားခေါင်းခန်းတွင်း ပိုက်ဆံရေနေသောဒရိုင်ဘာ၊ ကားဖုန်သုတ်နေသော စပယ်ယာနှင့် သူတစ်ယောက်သာ၊ ဗိုက်မှာ တချုတ်ချုတ် ဆာလောင်နေပါပြီ။ ဆိုင်လေးကနားလေး ရှိလိုရှိငြား ရှာကြည့်တော့ ခပ်လှမ်းလှမ်းမှာ ခနော်ခနဲ့ မြေစိုက်ဆိုင်လေးတစ်ဆိုင်ကို တွေ့ရ၏။

ဘာရောင်းသော ဆိုင်မှန်းမသိပေမဲ့ ခတ္တနားခိုစရာမှာ ထိုနေရာသာရှိသည်မို့ ခရီးဆောင်အိတ်ကိုဆွဲကာ ဆိုင်လေးရှိရာဆီ သွားလိုက်သည်။ ဆိုင်ဝရောက်စဉ်မှာပဲ နှာသီးဝသို့တို့ထိလာသော ရနံ့တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com

ငါးပိရည်ကျိုနဲ့။

ချက်ချင်းလက်ငင်း သွားရည်ကျသွားရ၏။ ဆိုင်တွင်းမှာ လူမရှိပါ။ အနံ့ထွက်ပေါ်လာရာကို စူးစမ်းတော့ ဆိုင်နောက်ဘက်မှ ဖြစ်နေသည်။ ထို့ကြောင့် . . .

"ဆိုင်ရှင်တို့ . . ."

"ဟေလကွာ . . ."

ထူးသံတစ်ခုနဲ့အတူ အပေါ်ပိုင်းဗလာကျင်း၍ လုံချည်တိုတိုဝတ်ထားသော လူကြီးတစ်ယောက် ထရံနောက်မှ ပြေးထွက်လာသည်။ သူ့ကိုမြင်တော့ . . .

"ဘာများ အဲလိုရှိသလဲ . . . မောင်ရင်၊ ထိုင်ပါဦး"

အူကြောင်ကြောင်ဖြင့် ညွှန်ပြသော ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ စားပွဲရှည်ကြီးများခင်းထားပြီး လူထိုင်တန်းလျားငယ်လေးတွေနှင့်မို့ ဆိုင်ဆိုတာတော့ သေချာသည်။ ထို့ကြောင့် . . .

"ဒီမှာဘာရောင်းလဲ သိချင်လို့ပါ"

"ထမင်းရောင်းပါတယ်။ ထမင်းဆိုင်ပါ . . . ဒါပေမဲ့ . . ."

ထမင်းဆိုင်ဆို၍ စည်သူ ဝမ်းသာသွားရသော်လည်း . . .

"ပဲပြုတ်ကြော်နဲ့ ငါးပိရည်၊ အတို့အမြုပ်ပဲ ရတော့တယ်"

တံတွေးကိုသာ မျိုချမိသည်။ ဆိုင်ရှင်ဦးလေးကြီး၏ နောက်ဆက်တွဲစကားမှာတော့ စိတ်ဝင်စားဖို့ ကောင်းပါသည်။

"စောင့်နိုင်ရင်တော့ ငါးရှဉ့်ရှိတယ်။ ခုနမှ ရိုးထဲကရထားတာ။ ဒါပေမဲ့ မီးမြှိုက်ရမှာ ကြော်ရမှာနဲ့ တော်တော်ကြာဦးမယ်"

စဉ်းစားရပါသည်။ ဗိုက်အခြေအနေ ကိုယ်လေ့လာကြည့်တော့ အဲလောက် မစောင့်နိုင်တော့ဘူးဆိုတာ အဖြေထွက်လာ၏။ ဆိုင်ရှင်ဦးလေးကြီးကလည်း အနားတွင်ရပ်ကာ သူ့အဖြေကို ငံ့လင့်နေတာမို့. . .



"ထားလိုက်ပါတော့ဗျာ။ ကျွန်တော် အဲလောက် မစောင့်နိုင်တော့ဘူး။ ရှိတာသာ ချပေးတော့"

"ဟုတ်ပြီ . . . ငါ့တူ"

စားပွဲကို တစ်ချက်၊ နှစ်ချက်အဝတ်ဖြင့်တိုက်ကာ ဆိုင်နောက်ဖက် အပြေးတစ်ပိုင်း ပြန်ဝင်သွားသည်။ ကြည့်ရတာ တစ်ဆိုင်လုံး၌ သူတစ်ယောက်သာ ရှိဟန်တူပါသည်။ သူပင် စားပွဲထိုး၊ သူပင်ဆိုင်ရှင်၊ သူသည်ပင် စားဖိုမှူးဖြစ်ပုံရနေ၏။

မကြာလိုက်၊ သူ့ရှေ့ကို အငွေ့တထောင်းထောင်းထနေသော ထမင်းတစ်ဇလုံ၊ ပဲပြုတ်ကြော်တစ်ခွက်၊ မီးဖိုမှ ချကာစ ငါးပိရည်ပူပူနှင့် အတို့အမြုပ်ပန်းကန် ရောက်လာပါသည်။ တစ်အောင့်ကြာတော့ ရေနွေးကရားအိုးနှင့် ဖန်ခွက်တစ်လုံးကိုပါ လာချပေးသည်။

အရင်ဆုံးထိုင်ရာမှ ထပြီး လက်အရင် သွားဆေးလိုက်သည်။ လက်ဆေးပြီးတော့ အကျီကို လက်ခေါက်ကာ စားပွဲတွင် ပြန်ထိုင်၏။ ငါးပိရည်ကို ထမင်းပူပူပေါ် သုံးလေးဇွန်း လောင်းချလိုက်သည်။ ပြီးလျှင် လက်ငါးချောင်းဖြင့် တစ်ပန်းကန်လုံးနှံ့အောင် နယ်ဖတ်လိုက်၏။

ပဲပြုတ်ကြော်ကို ထမင်းပေါ် ပုံလောင်းကာ ရောနယ်သည်။ ထမင်းနှင့် ပဲပြုတ်သမသွားစဉ်မှာတော့ အတို့အမြုပ်ပန်းကန်တွင်းမှာ မုန်လာရွက်ချဉ်ဖတ်ကို တစ်ချောင်းဖြတ်ကာ လက်ညှိုးတွင်ချည်သည်။ ပြီးတော့ အခွေလိုက်အတိုင်း ထမင်းတွင် မြှုပ်ပြီးခပ်ကြီးကြီးတစ်လုတ် စလွေးလိုက်ပါသည်။

ငါးပိရည်နှင့် ပဲပြုတ်ရောနယ်ထားသော ထမင်းက လျှာပေါ်တွင် စိမ့်ကျသွား၏။ မုန်လာရွက်ချဉ်ဖတ်ကို တကျွတ်ကျွတ်ကိုက်ဝါးတော့ ချဉ်တင်တင်၊ ဖန်တွတွအရသာက လျှာပေါ်ထပ်ရောက်လာသည်။ သုံးခုပေါင်းသွားစဉ်မှာ အရသာခံသောလျှာပင်မဟုတ်။ ပါးချောင်တွေပင် အီစိမ့်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ငါးပိရည်ကျိုမှ ရေတ်သီးစပ်လာ၏။ ထိုအခါမှာ ရေနွေးခရားအိုးမှ ရေနွေးပူပူကို ဖန်ခွက်တွင်းလောင်းထည့်ရင်း 'ရှူး' ခနဲ မှုတ်သောက်လိုက်သည်။ တောငါးပိရည်ကျိုမှာ ခံတွင်းတွေ့လေစွ။

တစ်ပန်းကန် ကုန်သွားပြီးစဥ်မှာ ကားဒရိုင်ဘာနှင့် စပယ်ယာ ဆိုင်တွင်းဝင်လာပြီး . . .

"ဦးလေးမောင်နီရေ . . . ကျွန်တော်တို့ကို နှစ်ယောက်စာလုပ်ဗျာ။ ဘာဟင်းရှိသေးလဲ။ ထုံးစံအတိုင်း ပဲပြုတ်ကြော်နဲ့ ငါးပိရည်ပဲလား"

"စောင့်နိုင်ရင်တော့ ငါးရှဥ့်ရှိတယ်။ ခုနမှ ရိုးထဲက ရထားတာ။ မီးမြိုက်ထားတယ်"

စပယ်ယာနှင့် ဒရိုင်ဘာတစ်ယောက်ကို တစ်ယောက်ကြည့်၏။ ဒရိုင်ဘာက . . .

"အဲဒါဆို မြန်မြန်လုပ်ဗျာ . . . ကျွန်တော် ငါးရှဥ့်စောင့်စားမယ်။ စံလှ . . . မင်းရော"

စပယ်ယာက ခဏတာ တွေဝေသွားပေမဲ့ . . .

"ကျွန်တော့်ကိုတော့ ရှိတာအရင်ချဗျာ။ စားရင်းနဲ့ စောင့်မယ်"

"ကောင်းပြီ . . . ကောင်းပြီ . . ."

ဦးလေးမောင်နီခေါ်သူ ဗိုက်ရွှဲရွှဲအသားမည်းမည်း ဦးလေးကြီးမှာ တုတ်တုတ်တုတ်တုတ်ဖြင့် နောက်ဖက် ပြန်ဝင်သွားပြန်သည်။ ခဏကြာတော့ စံလှအတွက် စားသောက်ဖွယ်ရာများ လာချပေးသည်။ ထိုအချိန်မှာပဲ စည်သူ၏ စားသောက်ခြင်းကိစ္စမှာ ပြီးဆုံးသွားပါတော့သည်။

ထိုင်ရာမှထပြီး ရေစည်ပိုင်းတွင် လက်သွားဆေး၏။ လက်ဆေးပြီးတော့ စားပွဲတွင် ပြန်ထိုင်ကာ ရေနွေးငှဲ့သောက်နေလိုက်သည်။ ဝမ်း



မီးတော့ ငြိမ်းသွားချေပြီ။ ခရီးမှာ မဆုံးသေး၊ ဆက်လက်ချီတက်ရပေဦးမည်။

ကြားသိရသလောက် ဒွေးပင်ကိုရောက်ရန် ဤရွာမှ လှည်းကြုံ ဆောင့်စီးရမည်ဆိုပါသည်။ ဘယ်နားက စောင့်စီးရတာနည်း။ လှည်းကြုံ ရော ရှိပါရဲ့လား။ ဆိုင်ရှင်ဦးလေးကြီးကိုပဲ မေးမြန်းစုံစမ်းရပေတော့မည်။ ဒါပေမဲ့ . . .

"လေးမောင်နီရေ . . . ဒါ အောင်တိုင်းကျော် နောက်ဆုံးကား လားဗျ"

ဟူသော အသံနဲ့အတူ ဆိုင်ရှေ့သို့ နွားလှည်းတစ်စီး ဆိုက်လာ၏။ အသံကြောင့် ဆိုင်နောက်တွင် ချက်ပြုတ်နေသော ဦးလေးမောင်နီ ပြေးထွက်လာသော်လည်း ငါးရှဥ့်ဟင်းစောင့်နေသောဒရိုင်ဘာမှာ ဆိုင်ရှင် ဦးလေးကြီးအစား ဝင်ဖြေပေးသည်။

"မဟုတ်ဘူး . . . ဒါ ဒုတိယကား။ မြို့မှာ နောက်တစ်ကား ကျန်သေးတယ်"

"ဩော် . . . ဒီလိုဆို တော်သေးတာပေါ့ကွာ"

နွားဇက်ကြိုးကို တင်းတင်းဆွဲရင်း ထိုသူက ပြန်ဖြေတော့ . . .

"ဘာဖြစ်လို့တုံး . . . ကြွက်နီရ"

ဆိုင်ရှင်ဦးလေး မောင်နီ၏အမေးကို . . .

"ရွာက ဆရာလေးရဲ့ဧည့်သည် အောင်တိုင်းကျော် နောက်ဆုံးကားနဲ့ ပါလာမယ်ပြောလို့ လာကြိုတာပါဗျာ။ လမ်းမှာ ဒီနွားနှစ်ကောင်ကန် ဆွဲနေတာနဲ့ တံပိုးကြီးတုတ်ကျိုးသွားလို့ ကြာနေတာ။ တော်သေးတာ ပေါ့။ ကျွန်တော်က ကားဆိုက်ပြီးသွားပြီတောင် ထင်နေတာ"

လှည်းမောင်းသူက တဖူးဖူးနှာမှုတ်နေသော နွားနှစ်ကောင်ကို ညွှန်ရင်းပြောတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဒွေးပင်ကလား"

ဒရိုင်ဘာက စည်သူ့ဘက်ကို တစ်ချက်လှမ်းကြည့်ရင်း လှည်းမောင်းသူကို မေးသည်။

"ဟုတ်တယ်လေ"

အဖြေဆုံးစဉ်မှာပဲ စည်သူ မတ်တတ်ထရပ်လိုက်ရတော့၏။

"ကိုယ့်လူပြောတဲ့ ဆရာလေးဆိုတာ ဆရာဝန်ထင်ကျော်ကို ပြော တာလား"

နွားကိုဇက်သပ်ကာ လှည်းပေါ်မှ ခုန်ဆင်းမည်လုပ်နေသော ကြွက်နီ အရှိန်တန့်သွားသည်။

"ဟုတ်တယ် . . . ဆရာလေးထင်ကျော် လွှတ်လိုက်တာ။ ဒါနဲ့ ခင်ဗျားက . . . "

"ကျွန်တော်က စည်သူပါ။ ကိုထင်ကျော်ရဲ့ ညှော်သည်ပါပဲ"

ထိုလူက လှည်းပေါ်မှ မဆင်းသေးဘဲ သူ့ကိုကြည့်သည်။ ပြီး တော့ ရပ်ထားသော သစ်သားကိုယ်ထည်ကားကြီးကို လှမ်းကြည့်ပြီး . .

"နို့ . . . ပြောတော့ ဒါ နောက်ဆုံးကားမဟုတ်ဘူးဆို"

"ကျွန်တော် ဒီကားနဲ့ပါလာတာပါ။ ထင်ကျော်က ရထားဆိုက် မဲ့အချိန် မှန်းပြီးလွှတ်လိုက်တာနဲ့တူတယ်"

ထိုလူက လှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည်။ ပြီးတော့ နွားနှစ်ကောင်ကို နားဖားကြိုးမှ ကိုင်ကာ အရိပ်ထဲဆွဲသွင်း၏။ ထို့နောက် မှ ဆိုင်လေးရှိရာ ပြန်လျှောက်လာရင်း . . .

"သိပါဘူးဗျာ . . . ကျုပ်က ခင်ဗျားပါလာမဲ့ကားကို ဆရာ လေး သေချာသိထားတယ် အောက်မေ့လို့"

"မဟုတ်ဘူး . . .။ ဒီနေ့ ကျွန်တော် ရောက်လာမယ်ဆိုတာ သိထားတာ . . "



"ဩော် . . ."

ကြွက်နီဆိုသူက ဆောင်းထားသော ခမောက်ကိုချွတ်ပြီး စားပွဲ ပေါ် တင်သည်။

"လေးနီ . . . ထမင်းရှိသေးလားဗျ။ ကျုပ် ဘာမှမစားရသေး ဘူး"

"ထမင်းက ရှိတယ်။ ဟင်းတော့ မရှိဘူး။ ခဏနေရင်တော့ ငါးရှဉ့်ကြော် စပ်စပ်ရမယ်"

"လုပ်ဗျာ . . . မြန်မြန်လေး"

ဆိုင်ရှင်ဦးလေးကြီးမှာ တုတ်တုတ်တုတ်တုတ်ဖြင့် နောက်ထဲ ပြေးဝင်သွားပြန်သည်။ ကြွက်နီက သူ့ရှေ့မှာ မောမောပန်းပန်း ဝင်ထိုင် ရင်း . . .

"ကျုပ် ထမင်းစားလိုက်ဦးမယ်နော့။ ပြီးမှ သွားကြတာပေါ့"

"ဟုတ်ကဲ့ . . . ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

# VI

နွားလှည်းလေးတစ်စီးမှာ လှုပ်လီလှုပ်လဲ့ ပြေးလွှားနေပါ၏။ အလာတုန်းက ကန်သည်ဆိုသော နွားနှစ်ကောင်မှာ ယခုတော့ အတိုင်၊ အလှည့် မှန်မှန်ဖြင့် သွက်လို့ပင် နေပါသေးသည်။ အပြန်လမ်းဖြစ်သည် ကြောင့်လားတော့မသိ။ လှည်းပေါ်တွင်က မောင်းသူ ကြွက်နီဆိုသော လူငယ်တစ်ယောက်နှင့် မြို့မှ ဧည့်သည်တစ်ဦး ပါလာသည်။

သူတို့ရဲ့ ဦးတည်ရာက ဒွေးပင်ဆိုသော ရိုးမစပ်မှ ရွာလေးတစ်ရွာဆီသို့ . . .

"ခင်ဗျားတို့ရွာက တော်တော်ဝေးသေးလားဗျ"

စကားမရှိစကားရှာ သဘောမျိုး စည်သူသွေးတိုးစမ်းတော့ . .

"အရမ်းကြီးလည်း မဝေးပါဘူး။ ရောက်တော့ သိလိမ့်မယ်ပေါ့"

ပြန်ဖြေရင်း နီးစပ်ရာ နွားတစ်ကောင်ကို ကြိမ်ဖြင့်လှမ်းတို့သည်၊ ကြိမ်တို့လိုက်မှုကြောင့် နွားမှာ ပုံမှန်သွားနေရာမှ ခပ်သွက်သွက်ပြေးသည်။ သူတို့လှည်းလေးရဲ့ နောက်ပိုင်းမှာက ဖုန်တွေတလူလူ လွင့်ကျန်လို့။

"ဒါနဲ့ ခင်ဗျားတို့ ဆရာလေးရော ရွာမှာ အဆင်ပြေရဲ့လား"



"ဆရာလေးထင်ကျော်ကို ပြောတာလား"

"ဟုတ်တယ်လေ"

"ပြေပါတယ်။ ဒါပေမဲ့ အခုတလော သူ အလုပ်နည်းနည်း ရှုပ်နေတယ်ဗျ။ ရွာမှာ ဒီလပိုင်းအတွင်း နာမကျန်းသူတွေ တော်တော်များနေလို့"

စည်သူ ငြိမ်နေမိလိုက်သည်။ လေ့လာကြည့်ရသလောက် ကြွက်နီလည်း ဆက်ဆံရေး မဆိုးပါ။ စည်သူမေးမြန်းသမျှတွေကို နွားလှည်းမောင်းနေရင်းနဲ့ ကောင်းကောင်းမွန်မွန် ဖြေကြားပေး၏။

"ဒါနဲ့ ခင်ဗျားက ရွာကို ဘာလာလုပ်တာလဲ"

ဖျတ်ခနဲမေးလိုက်သော မေးခွန်းကြောင့် စည်သူ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ စူးစမ်းတာလား၊ စုံစမ်းတာလား မသိပေမဲ့ အလျဉ်းသင့်သလို ပြန်ဖြေလိုက်သည်။

"လာလည်တာပါ။ ထင်ကျော်နဲ့ကျွန်တော်က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ။ ထင်ကျော့်ဆီ လာလည်တာ။ ခင်ဗျားတို့ရွာကို ရောက်ဖူးချင်တာလည်း ပါတာပေါ့"

ကြွက်နီကို အကဲခတ်ကြည့်တော့ အေးဆေးပါပင်။ နွားဇက်ကြိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းရင်း လှည်းကို မြန်လိုက်၊ နှေးလိုက်မောင်းနေသည်။

နွားနှစ်ကောင်က လည်ကိုမော့ရင်း ဟန်ချက်ညီညီ လှည်းကြီးကို ဆွဲခေါ်နေ၏။ ကြွက်နီကလည်း ကြိမ်လုံးကို မြှောက်လိုက်၊ ညာသံပေးလိုက်နှင့် နွားနှစ်ကောင်ကို အားတင်းပေးနေသည်။

သူတို့လှည်းလေးမှာ လယ်ကွင်းတွေကိုလွန်တော့ အရိပ်ရသော ရွာလမ်းလေးကို ရောက်လာသည်။ ဒါပေမဲ့ ကြွက်နီမှာ ရွာအတွင်းသို့ ဦးတည်မမောင်းဘဲ ရွာပြင်ဘက်လမ်းကို ဖွဲ့ထွက်လိုက်သည်မို့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဒွေးပင်မဟုတ်ဘူးလား"

သံသယရှိသည့်ကြောင့် မေးလိုက်တော့ . . .

"မဟုတ်ဘူး။ ဒါက သစ္စပ်ကုန်း။ ဒွေးပင်ရောက်ဖို့ နောက်နှစ်ရွာ ဖြတ်ရဦးမှာ"

ရွာလမ်းလေးကို လှည့်ကြည့်စဉ် ကြွက်နီ သဘောပေါက်စွာ စကားဆိုသည်။

"ရွာထဲကသွားရင် ဝေးလို့ ရွာပြင်ကို ထွက်လိုက်တာ"

လမ်းတစ်လျှောက်၌ ဆီးသီးပင်၊ မန်ကျည်းကောက်ကွေးပင်များကို တွေ့ရသည်။ အပင်အချို့ပေါ်မှာ အသီးခူးနေသော ရွာခံကလေးများကို တွေ့ရပါသည်။

ထိုမှလွန်တော့ မန်ကျည်းပင်တန်းများ အုပ်ဖွဲ့ရှိရာကို ရောက်လာ၏။ ကြွက်နီအတွက် မထူးခြားပေမဲ့ သူ့အတွက်တော့ ရိုးမနောက်ခံနှင့် ပတ်ဝန်းကျင်ရှုခင်းများမှာ အသစ်အဆန်း။ ပြီးတော့ နေပူနေပေမဲ့ ခန္ဓာကိုယ်အရေပြားတွေမှာ သာမန်သဘောသာ ဆောင်နေသည်။ ဟုတ်၏။ လေတဖြူးဖြူး တိုက်နေလို့လားမသိပါ။ နေပူရှိန်က အားသိပ်မပြင်းသလို ခံစားနေရသည်။

နွားလှည်းလေးမှာ တစ်ခါတစ်ရံ လယ်ကွင်းများကိုဖြတ်၊ တစ်ခါတစ်ရံ ရွာတန်းရှည်လေးတွေကို အပြင်မှဖြတ်ကျော်၊ တစ်ခါတစ်ရံတွင်တော့ အတော်အတန်ကျယ်ဝန်းသော သဲချောင်းလေးသားမှ ကပ်သီမောင်းနှင်သွားရတာလည်း ရှိသည်။

ရိုးမကို နောက်ခံပြုထားသည်မို့ သဘာဝအတိုင်းဖြစ်တည်နေသော တောင်ကျချောင်းလေးဖြစ်ဟန်တူပါသည်။ လမ်းမှာ ကောင်းသည်လည်း ရှိ၏။ တစ်ခါတစ်ရံ ချိုင့်ခွက်ကြီးငယ်တို့ ထူထပ်ပေါ်များသည်လည်း ရှိ၏။



လှည်းပေါ်တွင် ကောက်ရိုးခင်းထားပေမဲ့ ကြာလာတော့ တင်ပါးတွေ နာလာသည်။ လှည်းစီးရသော အချိန်သည်ပင် တစ်နာရီနီးနီးရှိနေပြီ မဟုတ်ပါလား။

တစ်နေရာရောက်တော့ . . .

"ခြေထောက်ကို လှည်းပေါ်တင်ထားဦးဗျို့။ ရှေ့ကချောင်းကို ဖြတ်ရမှာ"

လှမ်းကြည့်တော့ အရှေ့ဆီမှာ မကျယ်မကျဉ်းချောင်းရိုးကလေး တစ်ခု ရှိနေပါသည်။ လှည်းမှာ ထိုချောင်းရိုးလေးဆီသို့ ဦးတည်မောင်းနှင်သွား၏။ ကြိုတင်သတိပေးချက်အတိုင်း အောက်သို့ လွဲချထားသော ခြေနှစ်ချောင်းကို ရုတ်ခြည်းအပေါ် ပြန်တင်လိုက်ရသည်။

နွားနှစ်ကောင်မှာ ချောင်းရိုးထဲသို့ မြိုင်ဆိုင်စွာ ဆင်းချသွားတော့သည်။ ရေမှာ အရမ်းကြီးမနက်။ နွားကျောပေါ်ရုံသာရှိသည်မို့ လှည်းပေါ်သို့ ရေရောက်မလာပါ။

ရေလယ်ရောက်တော့ ကြွက်နီက လှည်းကို သွက်သွက်မောင်းနှင်သည်။ အေးအေးသက်သာပင် လှည်းမှာ ရေတိမ်ပိုင်းကို ဖြတ်ကျော်၍ ကမ်းစပ်တက်လာ၏။ ထို့နောက်တော့ နွားနှစ်ကောင်မှာ ကမ်းပါးစောက်ပေါ် လှည်းကို ဆွဲတင်သွားလေတော့သည်။

ကမ်းပါးပေါ်ရောက်စဉ်မှာ ဘွားခနဲ တွေ့လိုက်ရသည်က . . .

"ဟောဟိုက ရွာတန်းရှည်မဟာ ကျုပ်တို့ရွာပေါ့"

မှိုင်းညို့ညို့ရိုးမတောင်နှင့် တစ်ဆက်တည်းဖြစ်နေသော ရွာလေးတစ်ရွာ။ ဒွေးပင်ရွာ (သို့) ထင်ကျော် တာဝန်ကျနေသောရွာ။ မြင်ရပြီ။ ကိုယ့်အိမ်ကိုယ် ပြန်မြင်လို့လားမသိ နွားနှစ်ကောင်မှာ အလိုလို အဆွဲသွက်လာသည်။

www.burmeseclassic.com

ကြွက်နီပြောသလိုပင် ရွာတန်းရှည်လေးပါပင်။ ရွာဟိုဘက်မှာ တောတန်းသာရှိတော့၏။ အဝေးက မြင်ရလို့လား မသိ။ ရွာလေးက အေးဆေးငြိမ်ဝပ်နေသလို။

"ရွာဟိုဘက်မှာ ရိုးမပဲ ရှိတော့တာပဲကွ"

"ဟုတ်တယ်လေ . . . ။ ကျုပ်တို့ရွာက ရိုးမတောင်ခြေမှာ တည်ထားတာပဲဥစ္စာ"

အဝေးမှ ရွာလေးကို ကြည့်ပြီး ဤမျှ ဝေးလံခေါင်သီလွန်းသော နေရာ၌ မညည်းမညူ တာဝန်ထမ်းဆောင်နေသည့် ထင်ကျော်ကိုပင် ချီးကျူးမိသည်။

"ခင်ဗျားတို့ရွာက အေးအေးချမ်းချမ်းပဲနော်"

"ဘာကို ကြည့်ပြောတာလဲဗျ"

စိမ်းပြင်ပြင် လှည့်ကြည့်ရင်းမေးတော့ . . .

"မြင်ရတာကို ပြောတာပါ။ နောက်ဖက်မှာ တောတန်းနဲ့၊ ဘေးမှာ စမ်းချောင်းနဲ့ သစ်ပင်၊ ဝါးပင် စိမ်းစိမ်းစိုစိုနဲ့ဆိုတော့ . . ."

ကြွက်နီ 'ဟက်'ခနဲ ရယ်သည်။

"အရမ်းကြီးလည်း ချီးမွမ်းမနေနဲ့ဦး . . . ကိုယ့်လူ။ ရွာရောက်မှ လာမိတာမှားပြီ ဖြစ်နေမယ်"

"ဘာဖြစ်လို့လဲဗျ"

"လူတွေ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သေတာကို ခင်ဗျား ကြုံဖူးလား"

ကြားရသောစကားကြောင့် သူ အံ့ဩသွားမိခိုက် . . .

"ရွာမှာ လူသေမစဲတာ နှစ်လပြည့်တော့မယ်"

"ဟင် . . ."

❦ ❦ ❦



## VII

တွေဝေမှင်တက်စွာနဲ့ပင် ပါလာခဲ့တော့၏။ ဒါပေမဲ့ သူ့ခေါင်းထဲမှာ ကိစ္စတစ်ခုက အစုန်အဆန် ပြေးလွှားနေသည်။ ကြွက်နီပြောသော စကားရဲ့ အဓိပ္ပာယ်ကဘာလဲ။ ထိုစကားရဲ့ဦးတည်ရာက ဘယ်ကို ရည်ညွှန်းတာလဲ။

လမ်းတစ်လျှောက် စဉ်းစားလာလိုက်တာ ရွာထဲကိုပင် ရောက်နေပြီ။ ရွာထိပ်တွင်ကစားနေသော ကလေးများသူတို့ လှည်းကိုမြင်တော့ ကစားတာရပ်ပြီး ဝိုင်းကြည့်ကြသည်။ ခွေးပင်ရောက်ပြီမို့ လှည်းလေးမှာ ရွာလယ်လမ်းအတိုင်း ဝင်လာခဲ့သည်။

လမ်းတွင် တွေ့ရသူများ၊ တစ်ဖက်တစ်ချက်ရှိ အိမ်ခြံတို့မှ ရွာခံတွေမှာလည်း လူစိမ်းတစ်ဦးရောက်လာသည်ဟူသော အသိနဲ့ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ဝိုင်းဝန်းစူးစမ်းကြပါသည်။ စည်သူမှာတော့ မရောက်ဖူးသော အရပ်ဒေသဆိုပေမဲ့ လာတုန်းကလောက် ဘက်ကြွမှုမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကြွက်နီစကားက သူ့စိတ်ကို ကသိကအောက် ဖြစ်သွားစေပါသည်။ ပတ်ဝန်းကျင်အနေအထားကိုလည်း မလေ့လာနိုင်တော့။ လှည်းလေးမှာ ရွာအတွင်းပိုင်းကို တဖြည်းဖြည်း ဝင်ရောက်လာ၏။

ရွာတွင်းသို့ အတော်အတန် ဝင်ရောက်ပြီးသည့်တိုင် ထင်ကျော်ရှိရာဆီ မရောက်သေးပါ။ ရွာလယ်လမ်းမဟု ခေါ်ရမည်လားမသိသော တာရိုးတစ်ခုဘေးမှ သီကာ တရွေ့ရွေ့သွားနေသည်။ မြင်တွေ့ရသလောက် ရွာလေးက ခြံဝန်းလေးတွေနှင့် သစ်ပင်ဝါးပင် စုံစုံလင်လင်ဖြင့် စိမ်းစို၍ နေပါ၏။

ရွာတာရိုးတစ်လျှောက်တွင်လည်း အရိပ်ရပင်ငယ် တချို့ကိုတွေ့ရသည်။ ရှေ့ဘက်ခပ်လှမ်းလှမ်းမှာ ကုန်းကျော်တံတားတစ်ခု၊ သစ်သားဟောင်းတံတားလေးဖြစ်ပါ၏။ တစ်ဖြောင့်တည်းသွားနေသော ရွာတာရိုးနဲ့ ညာဘက်ခြမ်းမှလာသည့် တာရိုးတို့ကို ဆက်သွယ်ပေးထားသော တံတားလေးဖြစ်၏။

လှည်းမှာ ထိုတံတားအောက်မှ ငုံ့ပင်သွားရပါသည်။ ယခုချိန်ထိ ကြွက်နီရော၊ သူရော နှစ်ယောက်စလုံးက တိတ်ဆိတ်၍သာ နေပါသည်။ လက်ရှိထက် ပိုမိုတိတ်ဆိတ်သွားစေလောက်သော အကြောင်းတစ်ခုက သူတို့လှည်းလေးအား စောင့်ကြိုနေပါတော့၏။

"ဟာ . . ."

လူတစ်ယောက်အား ဝိုင်းဝန်းရိုက်နှက်နေကြသော မြင်ကွင်းတစ်ခု။ သူပင် မဟုတ်၊ ကြွက်နီပင် အံ့ဩမှုကြောင့် ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။ သတ္တဝါနဲ့ လက်နက် မမျှပါချေ။ ခံရသူမှာ တစ်ယောက်တည်းဖြစ်ပြီး ဝိုင်းဝန်းထိုးကြိတ်နေသူတွေက ငါးယောက်တိတိ။ မြင်ကွင်းကို ကြည့်ပြီး ကြွက်နီက . . .



"ကျွတ် . . . ဝေလတို့အုပ်စုတော့ ဘာတွေ အနိုင်ကျင့်ကြပြန်ပြီလဲမသိဘူး"

ထိုစဉ်မှာပဲ . . .

"ဘုန်း . . ."

လဲကျသွားသူ၏ ကျောကုန်းအား ပြေးကန်လိုက်သည်ကြောင့် အသံကျယ်ကြီးတစ်ခု ထွက်သွားသည်။ အကန်ခံရသူ ကော့တက်သွားသည့် နောက်တစ်ယောက်ကို ခြေထောက်ကို ဆောင့်နင်းချ၏။

"ဖြောင်း . . . အား . . ."

ညာဘက်ပေါင်တစ်ချောင်းမှာ တဆတ်ဆတ် တုန်သွားရပါသည်။ အသည်းခိုက်အောင်နာကျင်မှုကြောင့် အော်သံကျယ်ကြီးမှာ ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားတော့ . . .

"ဟာ . . . ဘာလုပ်နေကြတာလဲ။ ဘယ်သူမှ ဝင်မတားကြဘူးလား"

မခံမရပ်နိုင် သူ့နှုတ်မှ ထွက်သွားစဉ် . . .

"ဝင်တားဖို့နေနေသာသာ သူကြီးအစ သူတို့ကို ကြောက်နေရတာ။ ဘယ်သူဝင်ပါရဲမှာလဲ"

"ဟင် . . ."

လူအချို့ ဝေးဝေးမှ ထိုအချင်းအရာကို ရပ်ကြည့်နေသည်။ ဒါပေမဲ့ ဘယ်သူမှနှိပ်စက်သူကို ဝင်မတားကြပါ။ အကန်ခံရသူက မြေတွင် ခွေခွေလဲနေပြီ ရှမ်းဘောင်းဘီဝတ် လူထွားကြီးတစ်ယောက်က ထိုလူ့ဦးခေါင်းကို မြေထောက်ဖြင့် ဖိနင်းထားသည်။

"ဟာ . . . လုပ်ကြပါဦး၊ ဟိုမှာ သေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားဆုံးတော့ ကြွက်နီရဲ့ အကြည့်တစ်ခု ဒိုင်းခနဲရောက်လာကာ . . .

"ဟေ့လူ . . . ကိုယ်နဲ့မဆိုင်ဘဲ လျှောက်အော်မနေနဲ့။ သူတို့ကြားကုန်မယ်"

ကြွက်နီက လှည်းကို ခပ်သွက်သွက်မောင်းသည်။ လှည်းသံကြားတော့ နှိပ်စက်သူငါးဦး၊ ခေါင်းတွေ တစ်ပြိုင်နက် လှည့်လာ၏။ ကြွက်နီကိုကျော်ကာ သူ့ကိုတွေ့တော့ အကြည့်တွေ ရဲကုန်သည်။ သူတို့ဘေးမှလှည်းဖြတ်တော့ အားလုံးက လက်ရှိအလုပ်ကိုရပ်ပြီး သူ့ကို စူးရဲစွာ ဝိုင်းကြည့်ကြသည်။

သူကတော့ မြေတွင်လဲနေသူ အနှိပ်စက်ခံလူသားတစ်ယောက်ကိုသာ စိုးရိမ်စိတ်ဖြင့် ကြည့်နေမိပါသည်။ မျက်နှာတစ်ပြင်လုံး ဖူးရောင်ကာ ပါးစပ်တွင် သွေးတွေ စီးကျနေ၏။ ပါးတစ်ဖက် မြေတွင် ပြားပြားကပ်ကာ ကျန်တစ်ဖက်က အပေါ်မှ ဖိနင်းချထားသော ခြေဖဝါးအောက်တွင် သွေးသံရဲရဲ။

အကန်ခံထားရမှုကြောင့် ပေါင်တစ်ဖက်မှာ တဆတ်ဆတ်တုန်နေသည်။ ရင်နင့်ဖွယ်မြင်ကွင်းကို ကြည့်ပြီး လူက ခံပြင်းစိတ်ဖြင့် ကြက်သီးထမိသည်။

"ဟေ့လူ . . . လှည့်ကြည့်မနေနဲ့။ ဟိုမှာ ခင်ဗျားကို ဝိုင်းကြည့်နေကြပြီ"

အသံကြောင့် ငမိုက်သားအုပ်စုစီ မျက်လုံးရောက်သွားစဉ် ကြွက်နီ ပြောသလို အားလုံးက မီးဝင်းဝင်းတောက် မျက်လုံးတွေနဲ့ သူ့ကို စူးစိုက်ကာကြည့်နေ၏။



ငါးယောက်လုံးရဲ့ မျက်နှာတွေမှာ ခက်ထန်မာကျောပြီး လူဟူသော သဏ္ဌာန်သရုပ်ပင် ပျောက်နေသလို၊ ရက်စက်မှုတွေ ဗိုလ်ကျလိုမှုတွေက သူတို့မျက်နှာမှာပင်မဟုတ်။ သူတို့အနီးဝန်းကျင်တစ်ဝိုက်မှာဝါ တလက်လက်တောက်လျှက်။

ကြွက်နီက သူတို့စက်ကွင်းမှလွန်ရန် လှည်းကို မြန်မြန်မောင်းသည်။ သို့ပေမဲ့ မာန်ဟုန်ပြင်းသော အကြည့်တွေက သူတို့လှည်းလေးနောက်ပိုင်းကို ကပ်လျက် ပါလာပါသည်။ မြင်ကွင်းမှကွယ်တော့ နှိပ်စက်မှုတွေ တစ်ဖန် ပြန်စကြသည်ထင်၏။

လဲကျနေသူ၏ နာကျင်အော်ဟစ်သံ၊ ငိုညည်းတောင်းပန်သံတွေ လေဟာနယ်ကို ဖြတ်ပြီး သူတို့နားတွင်းသို့ တစ်ဖန်ပြန်ရောက်လာသည်။

"ကြွက်နီ . . . ဘယ်လဲ . . ."

"ဆရာလေးဆေးခန်းဘက်ဆီ"

မေးသံတစ်ခုနဲ့အတူ သစ်ပင်ကွယ်မှ လူတစ်ယောက် သူ့ကိုလှည်းပေါ် လှမ်းခနဲ ခုန်တက်လာသည်။ ထိုလူလှည်းပေါ်ရောက်လာလာချင်းပင် ကြွက်နီက နောက်လှည့်၍ . . .

"ဝေလတို့အုပ်စု အနိုင်ဝိုင်းကျင့်နေတာ ဘယ်သူလဲကွ"

အမေးခံရသူက စိတ်မကောင်းသလို ကျွတ်ခနဲစုတ်သပ်ကာ –

"တစ်ဖက်ရွာကပါကွာ။ အသုဘအိမ်မှာ ဖဲလိမ်ရိုက်လို့ဆိုပြီး ဝိုင်းနှိပ်စက်ကြတာ"

"ဟုတ်လား . . .။ ရွာက တော်တော်ပါသွားလို့လား"

ထိုလူက နှုတ်ခမ်းကို မဲ့သည်။

"အလကားပါကွာ။ ဖဲဝိုင်းမှာ ငါ ရပ်ကြည့်နေတာ ဖဲလိမ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

တာ မဟုတ်ဘူး။ သူ့ဘာသာ ရှိးရှိးသားသားနိုင်နေတာ။ အဲဒါကို သူတို့ရှုံးတော့ ပိုက်ဆံပြန်လိုချင်လို့ ဖလိမ်ရိုက်တယ်ဆိုပြီး ရမည်ပိုင်းရှာနိုပ်စက်ကြတာ"

ရင်တွင်းမှာ ဘာမှန်းမသိသော ခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။ လည်ချောင်းတို့ပင် ခြောက်ကပ်လာသလို ထင်မိပါ၏။

"ဒီလူကလည်း ဦးသိုက်ညိုပိုင်နက်ထဲမှာမှ ဖလာကစားရတယ်လို့"

နားထဲကို နာမည်နှစ်ခုက နင့်နင့်နဲနဲ ဝင်ရောက်လာသည်။

တစ်ခုက ဝေလ၊ တစ်ဦးက သိုက်ညို။

သူတို့ ဘာတွေနည်း။



# VIII

အုတ်အကြမ်းထည်ဖြင့်ဆောက်လုပ်ထားသော တော်ရိလျော်ရိ တိုက်အိမ်ပုလေး တစ်လုံးရှေ့၌ လှည်းရပ်သွားပါသည်။

"ဆရာလေးရေ . . . မြို့ကဧည့်သည် ပါလာပြီ"

ကြွက်နီရဲ့ အော်သံကျယ်ကြီး ဆုံးသွားစဉ်မှာ . . .

"ဟော့ကောင် . . . စည်သူ"

နာမည်ခေါ်သံနဲ့အတူ အတွင်းမှ ပြေးထွက်လာသူတစ်ယောက်။

"ထင်ကျော် . . ."

သေချာပင် မမှတ်မိပါချေ။ ထင်ကျော်ပုံစံက လွန်ခဲ့သော နှစ်နှစ်ခန့်ကနှင့် လုံးဝမတူတော့။ မုတ်ဆိတ်မွေး၊ ပါးပြိုင်းမွေးများနှင့် အသားအရည်နီမောင်းကာ လုံးဝ ရင့်ကျက်ပြည့်စုံနေသော လူကြီးပုံစံပင်။ စည်သူလည်းပေါ်မှခုန်ဆင်းကာ ထင်ကျော့်အား ပွေးဖက်လိုက်မိသည်။

နှစ်ဦးသား အတော်ကြာအောင် ဝမ်းသာအားရ ပွေ့ဖက်ပြီးတော့မှ ကိုယ်ကိုပြန်ခွာရင်း . . .

"မင်း တော်တော်ပြောင်းလဲ သွားတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် ထင်ကျော် 'ဟက်'ခနဲ ရယ်ကာ . . .

"အေးပေါ့ကွာ . . . ငါက တောသားဖြစ်နေတော့ မင်းတို့ မြို့သားတွေလောက်တော့ ဘယ်သန့်ပြန့်ပါတော့မလဲ"

ထင်ကျော့်စကားကြောင့် နှစ်ဦးသား ရယ်မိကြသည်။ ကြွက်နီက လှည်းပေါ်မှ သူ၏ခရီးဆောင်အိတ်ကိုချကာ အိမ်တွင်း သွားထည့်ပေး သည်။ ကြွက်နီ ဦးတည်ဝင်သွားသော အုတ်အကြမ်းထည်နဲ့ အိမ်လေးကို ကြည့်ပြီး . . .

"ဒါ မင်းအိမ်လား"

ထင်ကျော် ခေါင်းကိုညိတ်ကာ . . .

"ဟုတ်ပါ့ကွာ . . . ငါ့အိမ်ဆိုလည်း ဟုတ်တယ်။ ငါ့ဆေးခန်းဆိုလည်း ဟုတ်တယ်။ ဟိုမှာ ဆိုင်းဘုတ်တပ်ထားတယ်လေကွာ"

ညွှန်ပြရာဆီ ကြည့်မှ သဘောပေါက်တော့၏။ ခြံဝန်းလေး အလယ်တွင်ဖြစ်သလို တင်ထားသော ဆိုင်းဘုတ်လေးတစ်ခုကို တွေ့ရသည်။ 'ကျေးလက်ဆေးခန်း'ဟူသော နာမည်အောက်မှာ ဆရာဝန်အမည်နှင့် ဘွဲ့တံဆိပ်တစ်ခုကို ရေးထားသည်။ ထင်ထင်ရှားရှားမရှိသည်မို့ သူ ခုန မမြင်မိ။

ထိုစဉ်မှာပဲ ကြွက်နီက အိမ်တွင်းမှ ပြန်ထွက်လာကာ . . .

"ဆရာလေး . . . ဘာခိုင်းစရာ ရှိသေးလဲ"

"မရှိတော့ပါဘူးကွာ"

"ဒါဆို ကျုပ်ပြန်လိုက်ဦးမယ်"

"အေး . . . အေး . . . အခုလိုကူညီပေးလို့ ကျေးဇူးပါကွာ"

"ရပါတယ် . . . ဆရာလေးရာ၊ ဒါ ကျုပ်တို့တာဝန်ပဲ"

ပြောပြောဆိုဆို လှည်းပေါ်ပြန်ခုန်တက်ပြီး မောင်းထွက်သွားပါသည်။ လမ်းတွင် တက်လိုက်လာသူကလည်း ထင်ကျော့်ကိုလည်း လှည်းပေါ်မှ လက်ပြနှုတ်ဆက်သည်။



"ဘယ်လိုလဲ . . . ငါပြောတဲ့ဗေဒင် မှန်တယ်မလား"

ထင်ကျော်က ပခုံးကိုလှမ်းပုတ်ပြီး ရယ်ကျဲကျဲမေးတော့ . . .

"မှန်သပ၊ သိပ်မှန်ပဲ . . . ထင်ကျော်ရာ။ ကဲ . . . လုပ်ဦး။ ဘယ်နားမှာလဲ၊ မင်းပြောတဲ့တောင်ကုန်း။ ငါ မြင်ချင်လှပြီ"

ထင်ကျော်မှာ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး မျက်နှာ တည်သွား၏။ ပြီးတော့ မယုံသင်္ကာမျက်လုံးမျိုးနဲ့ နောက်တစ်ကြိမ် ဝေ့ ခဲကာ . . .

"လာကွာ . . . အထဲရောက်မှ ပြောရအောင်"

ရုတ်ခြည်းပြောင်းလဲသွားသော ထင်ကျော့်အမူအရာကို သတိ ထားမိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## IX

မီးစတွေ ဖွားခနဲ အပေါ်ကို လွင့်တက်လာသည်။

"ဒွေးပင်ရွာတွင် နေထိုင်ကြကုန်သော ရွာသူ/ရွာသားအပေါင်းတို့ခင်ဗျား . . . ကျုပ်တို့ရွာသည် အခုအချိန်ခါ၌ မကောင်းသောအမှောင့်ပယောဂ၊ စုန်း၊ ကဝေ၊ မြေဖုတ်ဘီလူးတို့ မြူးထူးသောင်းကျန်းနေသည်မှာ ထင်ရှားလှပါတယ်။

သူတို့ရဲ့စေစားမှုကြောင့် ကျုပ်တို့ရွာသားတွေ တစ်ဦးပြီးတစ်ဦး အဆက်မပြတ် သေဆုံးနေတာဟာလည်း အမှန်ပင်ဖြစ်ပါတယ်။ ဒီကဗ်ဆိုးကနေ ကျော်လွှားဖို့အတွက် တောစောင့်နတ်၊ တောင်စောင့်နတ်များကို ပူဇော်ပသပြီးပါသော်လည်း ဒုက္ခတွေ မရပ်တန့်သေးပါ။

ယခုချိန်ခါသည် မကောင်းသော အမိုက်မှောင်တို့ ပျော်မွေ့ရာ ညအချိန်ဖြစ်တာကြောင့် ရွာသူ/သားများအားလုံး ကိုယ့်အိမ်ကိုယ်ယာ ကလွဲပြီး ဘယ်မှမထွက်ကြရန် သတိပေးဆော်ဩပါတယ် ခင်ဗျာ"

ထိုနောက်မှာက . . .

"ရွာသူ/သားများအားလုံး ကိုယ်အိမ်တွင်းမှာပဲနေကြပါ။ အပြင်မထွက်ကြပါနဲ့"



"ကလေးတွေကို ဂရုစိုက်ပါ။ အားလုံး သတိဝီရိယနဲ့ နိုးကြားနေကြပါ"

စသဖြင့် အုပ်စုဖွဲ့ကာ အစဉ်လိုက် ဝိုင်းအော်ကြလေတော့သည်။

"ပြဿနာက အဲဒါပဲ"

ထင်ကျော်မှတ်ချက်ကို ခဏထားပြီး ပြတင်းမှ လှမ်းကြည့်မိတော့ ရွာသားတွေ မီးအိမ်ကိုယ်စီနဲ့ စီတန်းကာ အထက်ပါစကားတို့ကို အားတက်သရော ဆော်ဩနေကြသည်။ ညအချိန်ကို ချဉ်းနင်းဝင်ရောက်ပြီးကာစပင် ရှိသေးသော်လည်း သန်းခေါင်နဲ့မခြား အပြင်မှာ မည်းမည်းမှောင်နေပါပြီ။

အပြင်ဘက်တွင် လေတိုက်သံ တဝေါဝေါက ဆူညံနေ၏။ ဆောင်းဝင်စပင်ရှိသေးပေမဲ့ တောရိပ်ရှိသည်မို့ အချမ်းဓာတ်က ထင်ထားလောက်အောင် ကြီးစိုးနေပါသည်။ ချမ်းလွန်းသည်ကြောင့် အိမ်ထဲမှာပင် မီးဖိုထားရသည်။ သွပ်ပြားဟောင်းတစ်ချပ်ပေါ်တွင် ဖိုထားသောမီးဖိုလေးက သူတို့နှစ်ဦးရဲ့အလယ်မှာ တငွေ့ငွေ့။

ထင်ကျော်က အကျင့်ဖြစ်နေပေမဲ့ သူကတော့ တုန်ပင်တုန်ချင်နေသည်။ ရိုးမစပ်ရွာလေးမို့ ဤမျှအေးခဲမှုကို အပြစ်တော့မဆိုသာပါ။

ထင်ကျော်က ဖက်ကြမ်းဆေးလိပ်ကို မီးပုံတွင်း ထိုးကာ မီးညှိရင်း . . .

"ရွာကလူတွေ အဲဒါခက်တာပဲ။ အခုချိန်ထိ ဒီအစွဲအလမ်းတွေကို မျက်စိမှိတ်ယုံနေကြတုန်း။ ဆိုးလိုက်ကြတာ"

"ဒါနဲ့ နေပါဦးကွ။ သူတို့ပြောသလို မင်းတို့ရွာမှာ တကယ်ပဲလူတွေ အဆက်မပြတ် သေနေတာလား"

ထင်ကျော်က သက်ပြင်းတစ်ခုကို လေးပင်စွာပြုရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . ."

ကြွက်နီပြောစဉ်က မယုံတစ်ဝက်၊ ယုံတစ်ဝက်။ အခုတော့ ထင်ကျော်ကိုယ်တိုင် ထောက်ခံလိုက်ပါပြီ။

"ဘာလို့ သေကြတာလဲ"

"အစုံပါပဲကွာ။ သေနည်းမျိုးစုံနဲ့ကို သေနေကြတာ။ ဘယ်လို ပြောရမှန်းတောင် မသိဘူး"

"ဆက်တိုက်ပဲလား"

"ဆက်တိုက်ပဲ။ တစ်ဦးသေလို့ ရက်မလည်ခင် နောက်တစ်ဦး ထပ်သေတယ်။ အဲလိုနဲ့ ရွာမှာ လူသေမစဲတော့တာ"

"ဘယ်နှစ်ယောက်တောင် ရှိသွားပြီလဲ"

"(၅) ယောက် . . ."

"ဟာ . . ."

မျက်လုံးပြူးဖြင့် အံ့သြမှင်သက်သွားမိသည်။ အလိုလိုနေရင်း သူပင် ကျောချမ်းလာသလို၊ ထင်ကျော်က မနှစ်မြို့သလို စကားလမ်းကြောင်း ပြောင်း၏။

"အဲဒါတွေ ထားလိုက်ပါကွာ။ ငါပို့လိုက်တဲ့ မြေကြီးအကြောင်း လေးကို ပြောပြစမ်းပါဦး"

ဒီလိုဆိုတော့လည်း သိချင်စိတ်ကို ဘေးဖယ်ကာ မြေကြီးနှင့် ပတ်သက်၍ သူကြုံတွေ့ခဲ့ရသမျှကို ပြောပြလိုက်ရသည်။

"မင်းပို့လိုက်တဲ့ မြေကြီးကို ပထမဆုံး ငါ ရွက်လှတစ်ပင်စိုက် ကြည့်လိုက်တယ်။ မနက်ကစိုက်တာ ညနေကျတော့ ရွက်လှပင် သေတာ လေရော။ ဒါနဲ့ ငါကလည်း နောက်တစ်ပင် အသစ်ထပ်စိုက်ကြည့်တာ ပေါ့။ ထူးဆန်းတယ် . . . ဟော့ကောင်ရေ . . .



အသစ်စိုက်လိုက်တဲ့ ပန်းပင်က မနက်လည်းလင်းရော သေရုံ မဟုတ်ဘူး။ အရွက်ပါ ခြောက်နေပြီ။ ငါ တော်တော် အံ့သြသွားတယ်။ [illegible]နဲ့ ငါ ချက်ချင်းပဲ လက်ကျန်မြေကြီးပုံလေး ပိုက်ပြီး အ.ထ.က (၁) [illegible]ကျောင်းကို ပြေးတာပေါ့။ ငါတို့တက်ခဲ့တဲ့ ကျောင်းလေ။ အဲဒီမှာ သိပ္ပံ [illegible]ဆောင်နဲ့ ကျောင်းသုံးဓာတ်ခွဲခန်းလေး ရှိတာကိုး။ သိပ္ပံအဆောင်မှူးက ငါတို့ဆော်ဒါကြီး . . . အောင်မိုး"

ထင်ကျော်က မျက်မှောင်ကျုံ့ကာ စဉ်းစား၏။

"အောင်မိုးဆိုတာ ဆယ်တန်းတုန်းက မင်းနောက်မှာထိုင်တဲ့ [illegible]ကောင်ကို ပြောတာလား"

"ဟုတ်တယ်လေ . . . ။ သူကကျောင်းပြီးတော့ ငါတို့ အ.ထ.က [illegible] မှာပဲ ဝန်ထမ်းပြန်လုပ်နေတာ။ သူ့အကူအညီနဲ့ မင်းပို့ပေးတဲ့မြေကြီး [illegible] ငါ ဓာတ်ခွဲစမ်းသပ်ကြည့်တယ်ပေါ့ကွာ"

"အင်း . . . ဘာအဖြေထွက်လဲ"

ထင်ကျော်က အားတက်သရောမေးပေမဲ့ . . .

"ဘာမှမထူးခြားပါဘူး။ သာမန် ရိုးရိုးမြေကြီးပါပဲ။ ငါ စဉ်း[illegible]မရတာက သာမန်ဓာတ်ဖွဲ့စည်းမှုပဲရှိတဲ့ မြေကြီးက ဘာဖြစ်လို့ သစ်[illegible]တွေကို သေစေနိုင်တာလဲဆိုတာ။ တကယ်က သေရုံတင်မဟုတ်ဘူး [illegible] . . . အရွက်တွေပါခြောက်ကုန်တာ။ ငါလည်း စဉ်းစားမရတဲ့အဆုံး [illegible]ကျန်မြေကြီးတွေကို ငါ့အိမ်နောက်က အသီးတွေပွင့်နေတဲ့ သဘော်[illegible]ခြံရင်းမှာ ပုံချလိုက်တယ်ကွာ"

"အဲဒီတော့ . . ."

"နောက်တစ်နေ့လည်း မိုးလင်းရော တစ်အိမ်လုံးကို ပွက်လော [illegible]ကုန်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဘာဖြစ်လို့လဲ"

"အသီးတွေပွတ်ခဲနေတဲ့ သဘော်ပင်ကြီးက အသီးတစ်လုံးမှ အပင်မှာ မရှိတော့ဘူး။ အကုန်လုံးအောက်မှာ ကြွေကျနေတယ်။ အရွက်နဲ့ ရိုးတံတွေကလည်း ရော်ဝါပြီး ပြုတ်ကျနေတယ်။ အထူးဆန်းဆုံးက တော့ အပင်ထိပ်ဦးပဲ။ လက်တစ်ဆုပ်မကတဲ့ ထိပ်ဖျားပိုင်းက ဦးညွှတ်ပြီး ခြောက်နေပြီ"

"ဟာ . . ."

"အဲဒါလည်းမြင်ပြီးရော ငါ ဘယ်လိုမှ မနေနိုင်တော့တာနဲ့ မင်းဆီ သံကြိုးလှမ်းရိုက်လိုက်တာ"

အံ့ဩနေရာမှ ထင်ကျော် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးတော့ ကိုယ်ကို နောက်သို့မှီထိုင်ချရင်း . . .

"မင်းကို မနက်ဖြန် ငါလိုက်ပို့ပါမယ်။ အခုလက်ရှိ မင်းအံ့ဩနေတာထက် အဆပေါင်းများစွာ ပိုအံ့ဩသွားလိမ့်မယ်။ ရွာကလူတွေကတော့ သူ့ကို နာမည်ပေးထားတယ်ကွ။ ခြောက်သွေ့တောင်ကုန်းတဲ့"

သူလည်း တွေ့ချင်နေတာပါ။ တွေ့ချင်မြင်ချင်လွန်းလို့ကို ဒီအထိရောက်လာခဲ့သည် မဟုတ်ပါလား။ ဒါပေမဲ့ . . .

"ဒါနဲ့ စကားမစပ် ဝေလဆိုတဲ့လူကို မင်းသိလား"

ထင်ကျော်၏အကြည့်တစ်ခု သူ့ထံ ဖျတ်ခနဲရောက်လာသည်။

"ဘာလို့မေးတာလဲ"

"ဒီလိုကွာ . . .။ ငါလာတုန်းက ရွာထဲမှာ လူတစ်ယောက်ကို လူငါးယောက်က ဝိုင်းပြီး နှိပ်စက်နေတယ်။ နိုင့်ထက်စီးနင်းပေါ့ကွာ။ နှိပ်စက်သူတွေရဲ့ ခေါင်းဆောင်ကဝေလတဲ့ . . . ကြွက်နီ ပြောသံကြားလို့ သိတာ"



ထင်ကျော်က မထူးဆန်းသော ကိစ္စတစ်ခုလို ခြောက်ကပ်ကပ်ရယ်တာ . . .

"သိမ်သိတာပေါ့"

"ဒါဆို သိုက်ညိုဆိုတာကရော"

"ဟင် . . ."

ဒီတစ်ခါ အကြည့်ကတော့ ပြင်းထန်၏။ စူးစမ်းမှုနှင့် မယုံကြည်နိုင်မှုတွေ ပေါင်းစပ်ပါဝင်လာသလို။ မေးသူ စည်သူကိုယ်တိုင်ပင် ကြောင်အအ ဖြစ်သွားရပါသည်။ ထင်မှတ်မထားစွာ ထင်ကျော်က 'ဟာ' ခနဲ ရက်သံတစ်ချက်ပြုသည်။

ပြီး သဘောကျသလို ခေါင်းကို ဆတ်ခါဆတ်ခါညိတ်ရင်း --

"အေးပေါ့လေ . . .။ မင်းက ဒီရွာမှာ နေဦးမှာဆိုတော့လည်း ရွာနဲ့ဝတ်သက်ပြီး သိထားသင့်တာလေးတွေ ပြောပြထားရတာပေါ့"

ဟု အစချီကာ . . .

"ဦးသိုက်ညိုဆိုတာ ဒီရွာမှာ ဘုရင်တစ်ပါးပဲ။ သူကြီးကအစ သူ့ကို ကြောက်ရတယ်။ အသက်လေးဆယ်ကျော်အရွယ် အိမ်ထောင်ရှာဖို့ မှုဆိုးဖို။ သားသမီးမရှိဘူး။ သူ့မှာ မှိုင်းညိုလို့ခေါ်တဲ့ ညီတစ်ယောက်ရှိတယ်။ ဦးသိုက်ညိုတို့က မျိုးရိုးစဉ်ဆက်ချမ်းသာတာ။ သူတို့လက်ထက်ရောက်မှ ပိုပြီးချမ်းသာလာတယ်။

ဦးသိုက်ညိုလုပ်တဲ့ အလုပ်ကတော့ တခြားမဟုတ်ဘူး။ ခေါင်းပုံဖြတ် အမြတ်ကြီးစားတဲ့ အလုပ်ပဲ။ ရွာသူ/သားတွေကို အတိုးနှုန်းကြီးကြီးနဲ့ ငွေချေးတယ်။ မဆပ်နိုင်ရင် လယ်သိမ်းတယ်၊ ယာသိမ်းတယ်၊ ခြံသိမ်းတယ်။ တချို့တွေဆို အိမ်ပါ အသိမ်းခံရတာတွေရှိတယ်။

ဒီရွာအနီးဝန်းကျင်နဲ့ ရွာနီးချုပ်စပ်မှာ ဦးသိုက်ညိုပိုင်ဆိုင်တဲ့ မြေတွေ လက်ညှိုးထိုးမလွဲဘူး။ နောက်ပြီး ဦးသိုက်ညိုက လောင်း



www.burmeseclassic.com

www.burmeseclassic.com

ကစား တော်တော်ဝါသနာပါတယ်။ ဖဲရိုက်၊ ကြက်တိုက်၊ နွားတိုက် လောင်းကစားလို့ ရတာမှန်သမျှ အကုန်လုပ်တယ်။

အဲတော့ သူ့မှာ တပည့်တပန်း တော်တော်များတယ်။ မင်းပြော တဲ့ ဝေလဆိုတာ သူရဲ့ အားအထားရဆုံး လက်ရုံးတစ်ဆူကြီးပေါ့။ သူ့ ညီ မှိုင်းညိုကတော့ တပည့်နည်းနည်းနဲ့ ရိုးမစပ်မှာ အုတ်ဖုတ်လုပ်ငန်း လုပ်တယ်။ ဦးသိုက်ညိုလောက် မရက်စက်ပေမဲ့ သူလည်း မခေဘူး။

ဒါပေမဲ့ အစ်ကိုဖြစ်သူကို တော်တော်ကြောက်ရတယ်။ အစ်ကို ညွှန်တာတည်တယ်။ ဒီရွာထဲမှာ ဦးသိုက်ညိုနဲ့ အကြွေးကင်းတဲ့လူ တော် တော်ရှားတယ်ကွာ။ သူကြီးတောင် ဦးသိုက်ညိုနဲ့ ကြွေးမြီမကင်းတော့ သူတို့ကို ကြောက်နေရတာ မဆန်းပါဘူး"

စကားရှည်ကြီး ဆုံးသွားစဉ်မှာ . . .

"အဲလောက် ခေါင်းပုံဖြတ် အမြတ်ထုတ်ပြီး မင်းမဲ့စရိုက်ရမ်း ကားနေတာ သူတို့ကို သက်ဆိုင်ရာမှာ သွားမတိုင်တန်းကြဘူးလား"

ထင်ကျော်က နှုတ်ခမ်းတွန့်ကွေးရုံပြုံးကာ . . .

"ဘယ်တိုင်ရဲမလဲကွာ။ တိုင်လိုက်တာနဲ့ ဦးသိုက်ညိုလက်ချက် နဲ့ သူတို့ ဘဝပျက်သွားမယ်ဆိုတာ ကြိုတွေးမိထားတယ်နဲ့ တူပါတယ်။ ဘယ်သူမှ အဲလိုမျိုးတိုင်တာတန်းတာ မရှိဘူး။ ဒါပေမဲ့ အဲလောက် လူ မဆန်အောင် ရက်စက်နေတော့လည်း မကျေနပ်သူတွေ များပြီပေါ့"

"အင်း . . . ."

သူ စကားထောက်ပေးတော့ . . .

"ပြီးခဲ့တဲ့ လပိုင်းတော်တော်များများလောက်က ဦးသိုက်ညို သတင်းဆိုး တော်တော်ထွက်သွားတယ်။ တခြားရွာက သူဌေးတစ်ဦး နဲ့ နွားပွဲလောင်းကြတယ်။ ကြေးတော့ တော်တော်ကြီးတယ် ပြောတယ်။ အတိအကျတော့ ငါလည်းမသိဘူး။ ရွာနှစ်ရွာကြား ကွင်းပြင်မှာ သူ့



ဘက်ကိုယ့်ဘက် နွားနှစ်ကောင်တိုက်ကြတယ်ကွာ။ အဲဒီမှာ ဦးသိုက်ညို က တစ်ဖက်လူရဲ့နွားကို သူလျှိုထည့်ပြီး ဆေးခတ်လိုက်တယ်"

"ဟာ . . ."

"အေး . . . အဲလို ဆေးခတ်လိုက်တော့ တစ်ဖက်နွားက မဖေ့ နိုင်တော့ဘူးလေ။ ဦးသိုက်ညိုနိုင်ပြီပေါ့။ ဒါပေမဲ့ တစ်ဖက်လူကလည်း နွားပွဲအပြီး သူ့နွားကို မသင်္ကာလို့ စစ်ဆေးတော့ မကြာခင်မှာပဲ ပေါ် တော့တာပေါ့။ ဒါပေမဲ့ ဦးသိုက်ညိုက ငွေကြေးအင်အား၊ တပည့်တပန်း အင်အားကြီးသူတစ်ယောက်ဖြစ်လေတော့ ယုတ်မာလိုက်တာကို သိပေ မဲ့ ဘာမှမလုပ်နိုင်ခဲ့ဘူး။

အဲဒီနောက်ပိုင်း ဦးသိုက်ညိုကို မကျေနပ်သူတွေ များလာတယ်။ အရင့်အရင်ကလည်း ဒါမျိုးကိစ္စတွေ ရှိခဲ့တာဆိုတော့ အုံကြွကုန်ပြီပေါ့။ လက်စားချေချင်သူတွေ၊ လက်တုံ့ပြန်ချင်သူတွေက သူတို့အချင်းချင်း စုမိပြီး ဦးသိုက်ညိုကို အလွတ်မပေးတော့ဘူး။ စောင့်ကြည့်အကဲခတ် နေသူတွေ၊ အလစ်အငိုက်ချောင်းနေသူတွေ ရှိတယ်။ ဒီရွာမှာကို ရှိတယ်။ ဦးသိုက်ညိုကလည်း ကိုယ့်ရန်ကိုယ်သိတော့ သူတို့ကို မျက်ခြည်ပျက် မခံဘူး။ ညနေက မင်းကို အိမ်ထဲအမြန်ခေါ်သွင်းတာ သတိထားမိ တယ်မလား"

"အေး . . . ."

"ပတ်ဝန်းကျင်ကိုကြည့်ပြီး ကျောမလုံသလို ခံစားရလို့ ငါ အိမ် ထဲ အမြန်ခေါ်သွင်းလိုက်တာ"

"ဟူး . . . "

စည်သူ သက်ပြင်းသာ ချမိတော့သည်။

"မင်းတို့ရွာကလည်း မလွယ်ပါလားကွာ။ နေရင်းထိုင်ရင်းနဲ့ ကျီးလန့်စာစားနေရသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ထင်ကျော်က မထူးဆန်းသလို ပြုး၏။

"ဒါပေမဲ့ အခုအတောအတွင်း တို့ရွာကို ပုလိပ်တွေ အဝင်အထွက်များတယ်ကွ"

"ဘာဖြစ်လို့လဲ"

"ပြီးခဲ့တဲ့ လပိုင်းတော်တော်များများက ဦးသိုက်ညိုလက်ထပ်မဲ့သတို့သမီး လက်ထပ်မဲ့ညမှာပဲ မြို့က နိုင်ငံရေးငြိစွန်းသူတစ်ယောက်နဲ့ လိုက်ပြေးသွားလို့ . . ."

"ဟာ . . ."

"ဟုတ်တယ် . . .။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး တို့ရွာကို ပုလိပ်တွေ အဝင်အထွက်များနေတယ်။ အခုတော့ နောက်အမှုတွေပါ ထပ်တိုးလာပြီ"

"ဘာတွေလဲ"

"အဆက်မပြတ် လူသေမှုတွေလေ။ အဲဒါကလည်း တော်တော်ထူးဆန်းတယ် . . . စည်သူ။ အခု အဆက်မပြတ်သေပြီးခဲ့တဲ့ လူ (၅) ယောက်လုံးက ဘယ်သူတွေထင်လဲ"

"ဘယ်သူတွေလဲ"

"ဦးသိုက်ညိုတို့ ညီအစ်ကိုရဲ့ တပည့်တပန်းတွေ"

"ဟင် . . ."

"အခုတော့ သူတို့ တော်တော်ချောက်ချားနေကြပြီ။ ကိုယ့်အလုပ်ကျသေမှာ ကြောက်တယ်ပေါ့ကွာ။ သူတို့ နှိပ်စက်၊ ညှဉ်းပန်း၊ ဗိုလ်ကျထားခဲ့တဲ့လူမှန်သမျှကို အလွတ်မပေးရဲတော့ဘူး"

စည်သူ မျက်မှောင်တစ်ချက်ကုတ်သွားမိပါသည်။ ပြီးတော့ ..

"မင်းဆိုလိုတဲ့သဘောက ဦးသိုက်ညိုလူတွေသေတာ မကျေနပ်တဲ့ လက်စားချေသူတွေ လက်ချက်ကြောင့်လို့ ပြောတာလား"



ထင်ကျော်က လက်ကျန်ဆေးပေါ့လိပ်ကို မီးဖိုထဲ တောက်ထုတ်ရင်း . . .

"ဒါကတော့ စုံစမ်းနေသူတွေပဲ သိလိမ့်မှာပေါ့ကွာ"

• • •

ထိုညက သူ တော်တော်နဲ့ အိပ်မပျော်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com

# X

“ဆရာလေးရေ . . . ကျွန်မသားလေးကို ကယ်ပါဦးရှင် . . . ဒုန်း . . . ဒုန်း . . တံခါးဖွင့်ပါဦး၊ ကျွန်မသားလေးကို ကယ်ပါဦး . . ဒုန်း . . . ဒုန်း . . . ”

ပြင်းထန်သော တံခါးထုသံကြောင့်သူရော ထင်ကျော်ရော နိုးသွားခဲ့သည်။ ပထမတော့ အိပ်မက်လိုလို ဘာလိုလို ထင်မိသေး၏။ ပြီးမှ တံခါးထုသံအဆက်မပြတ် ထွက်ပေါ်လာသဖြင့် တကယ်မှန်း သိလိုက်ရတော့သည်။

ထင်ကျော်က ‘ဂုန်း’ခနဲ ကုန်းထကာ တံခါးသွားဖွင့်ပေးသည်။ ထင်ကျော်တံခါးသွားဖွင့်ချိန်၌ သူကတော့ ခြေရင်းတွင် ရှိနေသော လေးခန်းဘတ္တရီအိုးလေးကို ကလစ်ညှပ်လိုက်ပါသည်။ ထိုအခါ၌ အိမ်အောက်ဆင့်တွင် ချိတ်ဆွဲထားသော တစ်ပေမီးချောင်းလေးမှာ တောက်ဝင်းသွား၏။ နာရီကို ကြည့်မိတော့ မနက်ငါးနာရီ။ အပြင်မှာ မှောင်ကောင်းတုန်း။

ထင်ကျော် တံခါးဖွင့်ပေးစဉ်တွင် ပေါ်လာသည်က ငိုကြီးချက်မဖြင့် မိန်းမကြီးတစ်ယောက်၊ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကာ . . .



“ကယ်ပါဦး . . . ဆရာလေးရယ်၊ ကျွန်မသားလေးကို ကယ်ပါဦးရှင် . . .”

နောက်ဘက်မှာလည်း မီးတုတ်ကိုင်ထားသူ လူအချို့ ရပ်နေသည်မို့ . . .

“ဘယ်သူ ဘာဖြစ်လို့လဲ . . . ဒေါ်လေး”

“ကျွန်မသားလေးပါရှင် . . . ။ မနေ့ညနေကတည်းက ဝမ်းလျှော တောက်လျှောက်သွားနေတာ။ အခု သတိမရတော့ဘူး”

“ဟင် . . . ဘယ်မှာလဲ လူနာ”

ထင်ကျော်က အလျင်စလို မေးတော့ . . .

“ပါလာပါတယ် . . . . လှည်းပေါ်မှာပါ . . .”

မီးတုတ်ဝင့်ပြတော့ ခြံရှေ့မှာ လှည်းတစ်စီးရပ်ထားသည်ကို တွေ့ရ၏။

“ခေါ်ခဲ့လေ . . . လူနာကို ဒီ မြန်မြန်ခေါ်ခဲ့ပါ”

အိမ်ဝတွင် ရပ်နေသူတွေ နောက်ဘက်လှည့်ပြေးသွားပြီး လှည်းပေါ်မှလူနာကို အောက်ချ၏။ ပြီးတော့ အလျင်အမြန်ပင် ဆေးခန်းတွင်းသို့ခေါ်လာကြသည်။ အိမ်အောက်ဆင့်တွင် ဆေးခန်းသဘောမျိုးလုပ်ထားသည်ဖြစ်ရာ ထင်ကျော်က လူနာချရန် ခုတင် မြန်မြန်ရှင်းပေးသည်။

ပြီးတော့ နံရံတွင် ချိတ်ဆွဲထားသော တစ်ပေမီးချောင်းလေးကို ဖြုတ်ကာ ခုတင်ပေါ်ရောက်လာသော လူနာကို ကြည့်မိတော့ . . .

လူနာမှာ တကယ်ပင် သတိမရှိတော့ပေ။ တစ်ကိုယ်လုံး ဖြူဖျော့ပြီး သွေးရောင်မရှိတော့သလို၊ မျက်ကွင်းတွေချိုင့်ကာ မျက်လုံးတစ်ဝိုက် အညိုအမည်းတွေ စွဲနေ၏။

နောက်ပြီး မကောင်းသော အနံ့အသက်တွေ လှိုင်လှိုင်ထွက်နေသည်။ ဝမ်းရောဂါပေမို့ ထိုကဲ့သို့ အနံ့ဆိုးများ ထွက်နေခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com

မဆန်း၊ စောင်ပတ်ထားပေမဲ့ အနံ့ဆိုးများက သူတို့အိမ်လေးတစ်ခုလုံးကို ဖုံးလွှမ်းသွားပါသည်။

ထိုစဉ်မှာပဲ ဆေးခန်းတွင်းသို့ လူတစ်ယောက် ဝင်လာ၏။ ထိုလူ့ကိုမြင်တော့ . . .

"ဟင် . . . "

စည်သူတစ်ယောက် အံ့ဩမှင်တက်သွားလေပြီ။ တခြားသူမဟုတ်။

"ဝေလ . . . "

ဟုတ်ပါ၏။ ရှမ်းဘောင်းဘီပွပွကြီးနှင့် ပင်နီရှမ်းအင်္ကျီ လည်ပြတ်ကိုဝတ်ထားသည်။ သူ့ကိုတွေ့တော့ အကြည့်တစ်ခု စူးရဲသွား၏။ ပြီး ဂရုမထားသလို အကြည့်ကို ထင်ကျော်ဆီလွှဲရင် . . .

"ဆရာလေး . . . ကုလို့ရပါဦးမလား"

သံပြတ်နှင့်မေးပေမဲ့ ထင်ကျော်မှာ ပြန်မဖြေအား။ လက်တွင်ကိုင်ထားသည့် မီးချောင်းအား စည်သူ့ထံ လွှဲပေးပြီး ဆရာဝန်ပီပီ လုပ်စရာရှိတာတွေကို ဆက်တိုက်လုပ်ဆောင်တော့၏။ နှလုံးခုန်နှုန်းစမ်း၊ သွေးပေါင်ချိန်တိုင်းကာ ဆေးတစ်လုံးကို ကပျာကရာထိုးပေးသည်။

ပြီးတော့ လူနာရှင်အား လူနာဝမ်းစသွားချိန်နှင့် ဝမ်းသွားသည့် အကြိမ်အရေအတွက်၊ သတိလစ်သွားချိန်တို့ကို မေးသည်။ ဝမ်းပုံစံ အနေအထားပါ တစ်ဆက်တည်းမေး၍ လုပ်စရာရှိတာများကို ဆက်တိုက်လုပ်ဆောင်ပါတော့၏။

ဒါပေမဲ့ ကျေးလက်ဆေးခန်းပေမို့ မည်မျှပင် ကြိုးစားလုပ်ဆောင်ပါသော်လည်း လူနာအတွက် စိတ်ချလုံခြုံမှုကို မပေးနိုင်ပါ။ လူနာမှာ သတိလစ်နေတော့ ပိုလို့ပင် ဆိုးပါသည်။ လိုအပ်သော ဆေးဝါးစုံမရှိ၊ ပစ္စည်းကိရိယာမရှိ။ စလိုင်းချိတ်ရန် ပုလင်းမရှိ။



ထင်ကျော် တတ်နိုင်သလောက်တော့ အကောင်းဆုံးလုပ်ဆောင်ခဲ့သည်။ ဒါပေမဲ့ . . .

"လူနာ အခြေအနေမကောင်းဘူး၊ ဆေးရုံတင်မှရမယ်"

အဒေါ်ကြီးမှာ အော်ငိုပါတော့၏။ သူကိုယ်တိုင်လည်း မီးချောင်းကိုင်ထားရက်နဲ့မှ စိတ်မကောင်းဖြစ်မိသွားသည်။

"ဒေါ်ကြီး . . . စွတ်ငိုမနေနဲ့ဦး။ ခင်ဗျားသား သေသေးတာမဟုတ်ဘူး"

ဝေလက ခပ်ငေါက်ငေါက်ပြောတော့ သားဇောကပ်နေသူ အဒေါ်ကြီးပင် အိ'ခနဲ အသံတိတ်သွားရ၏။ ဝေလကို တော်တော်ကြောက်ရသည်ထင်သည်။ အသံမထွက်တော့။ သားဖြစ်သူကိုကြည့်ပြီး မျက်ရည်တို့သာ ဖြိုင်ဖြိုင်စီးကျနေပါသည်။

ကိုယ့်သားအတွက် ကိုယ့်အသံနှင့်ကိုယ် ငိုတာပင် လွတ်လပ်စွာ မငိုရသည့် ဘဝတွေပါလား။ ဒီလောက်ဆိုလျှင်ဖြင့် စည်သူ သဘောပေါက်လေပြီ။ ယခုလူနာသည် ဦးသိုက်ညိုအာဏာအောက်မှ တပည့်တစ်ဦးဆိုတာ မှားဖွယ်မရှိတော့။ ထင်ကျော်မှာ နာရီကို တစ်ချက်မော့ကြည့်၍ . . .

"အခုနေသွားရင်တော့ ကျောက်ကြီးရွာ နောက်ဆုံးကားကို မီလောက်ပါတယ်"

အမေဖြစ်သူမှာ ဝေလကို အားကိုးတကြီး မော့ကြည့်သည်။ အမေတစ်ယောက်ပေမို့ သူ့သားအသက်ကိုတော့ အရာအားလုံးထက် နှမြောမည်မှာ အသေအချာပင်။ ဝမ်းနှင့်စပ်၍ မွေးထားရသည့် အသက်ကိုတော့ ကယ်ချင်ပေလိမ့်မည်။ ဝေလအား အားကိုတကြီး မော့ကြည့်ပေမဲ့ . . .

"မသွားလို့ မဖြစ်ဘူးလား . . . ဆရာလေး"

"အင့် . . ."



www.burmeseclassic.com

www.burmeseclassic.com

အမေဖြစ်သူထံမှ ရှိုက်သံတစ်ချက် ထွက်သွားသည်။ ပြီးတော့ မျှော်လင့်ချက်မဲ့သော မျက်လုံးတွေနဲ့ ပါးစပ်ကို အဝတ်အုပ်ပြီး ငိုရှာ၏။ ဝေလ စကားက ရက်စက်လွန်းလှသည်။ လူတစ်ယောက်အသက်ကို ဟင်းရွက်၊ ကန်စွန်းလိုများ သဘောထားသလား။

"မဖြစ်ဘူး . . . ဆေးရုံမတင်ရင် လူနာအတွက် စိုးရိမ်ရတယ်"

အမေဖြစ်သူမှာ ဝေလအား ခြေထောက်ဖက်ငိုပါလေသည်။

"ကျွန်မ ရှိကြီးခိုးပါတယ်ရှင်။ ကျွန်မသားလေးကို ဆေးရုံပို့ပေးပါ။ ကျွန်မ တောင်းပန်ပါတယ်။ သားလေးအတွက် ကုန်ကျစရိတ်တွေအားလုံးကိုလည်း ရှင်တို့ဆီမှာ ကျွန်မ ကျွန်ခံပြီး ဆပ်ပါ့မယ်ရှင်။ ကျွန်မသားလေးကို ဆေးရုံပို့ပေးပါ။ ရှင်တို့ကျေးဇူးကို တစ်သက်မမေ့ပါဘူး . . . ဟီး . . . ဟီး . . ."

အဒေါ်ကြီးမှာ သည်းထန်စွာ ငိုရင်း ဝေလအား ဦးချကန်တော့နေတာမြင်တော့ သူတို့ စိတ်မကောင်းနိုင်ပါ။

ဝေလမှာ မတတ်သာသည့်ပုံစံမျိုး သက်ပြင်းကိုချသည်။ ပြီးတော့မှ . . .

"ကောင်းပြီလေ . . . ခင်ဗျားသားကို ကျုပ်ဆေးရုံ ပို့ပေးပါမယ်"

ငိုယိုတောင်းပန်နေရာမှ မျှော်လင့်ချက်ဝင်းသွားသော အမေဖြစ်သူရဲ့ မျက်လုံးနှင့် မျက်နှာကို သူ ဒီတစ်သက် မေ့မရနိုင်။

"ကျွန်တော်တို့ချည်းပဲ သွားတာထက် ဆရာလေးပါ၊ပါရင် ပိုသင့်တော်မယ်ထင်တယ်"

ဆရာဝန်ပင့်ပုံက လုံးဝကို ကျိုးနွံနေသည်။ ဒါပေမဲ့ ဆရာဝန် စိတ်ဓာတ်အပြည့်အဝရှိသူတစ်ယောက်အတွက် ဒါတွေသည် အရေး



[illegible]။ ထင်ကျော်က သူ့ကို ဖျတ်ခနဲလှမ်းကြည့်သည်။ စည်သူ သဘော[illegible]ပါသည်။

"ရတယ် . . . မင်းလိုက်သွားလိုက်။ ငါ နေလို့ဖြစ်တယ်"

သူ့စကားကို ကြားတော့ . . .

"အိုကေ . . . အဲဒါဆို လူနာကို လှည်းပေါ်တင်လိုက်တော့။ [illegible]သော်လိုက်ခဲ့မယ်"

ဝမ်းပန်းတသာ ကျေးဇူးတင်သံတွေ၊ မေတ္တာပို့ လှုပ်ရှားသံတွေ [illegible]တွင်းမှာ ဆူညံသွား၏။ ထင်ကျော် ကပျာကယာ အိမ်ပေါ်ပြေး[illegible] လွယ်အိတ်တစ်လုံးတွင်းသို့ လိုအပ်တာတွေ ထိုးထည့်သည်။ [illegible] ဆေးသေတ္တာကို အလျှင်အမြန် စစ်ဆေးကာ အိမ်ပြင်ထွက်မည် [illegible] . . .

"မင်း အနွေးအကျီတစ်ထည်လောက် ထပ်သွားဦးလေ။ အပြင်[illegible]ဆော်တော်အေးတယ်"

"အေး . . . ဟုတ်သားပဲ . . ."

ဆေးသတ္တာကိုချကာ အပေါ်ပြန်တက်ပြီး တန်းတွင်လွှားထား[illegible] အနွေးအကျီကို ကောက်စွပ်သည်။ ပြီးတော့ . . .

"ငါ လိုက်သွားတော့မယ်"

"အေး . . . အေး . . ."

ဒါပေမဲ့ အိမ်ဝသာရောက်ပါသည်။ အပြင်ဘက်မှာ မီးတုတ်[illegible]တဝင်းဝင်းနှင့် ထပ်မံကြားသိလိုက်ရသည့် လူသံအချို့။

စည်သူ အိမ်ဝထွက်ကြည့်တော့ နီကျင်ကျင် မီးတုတ်များကို [illegible]ပြီး လူအချို့ သူတို့ ဆေးခန်းဆီဦးတည်လာနေသည်။

"ဆရာဝန် ရှိလားဗျို့"



www.burmeseclassic.com

www.burmeseclassic.com

ခက်ထန်မှုနှင့် ကြဲဇာရောသော မေးမြန်းသံတစ်ခု၊ ထိုအသံ
ကြားတော့ စည်သူ ကြောင်သွားသည်။ ထင်ကျော်က . . .

"ရှိပါတယ်ဗျာ"

"လူနာပါလာတယ် . . . ဆရာဝန်"

ဒုတိယမြောက်ထွက်ပေါ်လာသည့် စကားနောက်မှာ ခြံဝတွ
ရပ်နေသူ ဝေလ တစ်ချက်လှုပ်ရှားသွားသည်။ ပြီး အလျှင်အမြန်ပင် 
အသံရှင်အနီးသို့ ခပ်ရို့ရို့တိုးသွားကာ . . .

"အစ်ကိုလေး မှိုင်းညိုပါလား"

"ဟင် . . . ဝေလ"

မှိုင်းညိုဟူသော စကားကြောင့် စည်သူ မျက်လုံးကျယ်သ
သည်။ ထင်ကျော်မှာလည်း လှမ်းလက်စခြေလှမ်းတို့ ရပ်ပြီး ခြံဝမှလူ
နှစ်ဦးကို ကြောင်တောင်ငေးသွားသည်။

"မင်း ဒီကို ဘာလာလုပ်နေတာလဲ"

မှိုင်းညိုက ဝေလနောက်တွင်ရှိသော နွားလှည်းနှင့် မီးတုတ်
လူများကို ကြည့်ပြီးမေးတော့ . . .

"ခြံထဲကလူတစ်ယောက် ဝမ်းအသွားလွန်ပြီး သတိမရတော့
ဆေးခန်းလာပြတာ။ ဒါနဲ့ အစ်ကိုလေးကရော . . ."

"ငါ့အုတ်ဖိုက အလုပ်သမားတစ်ယောက် ကိုယ်တွေ
ကယောင်ကတမ်းတွေအော်နေလို့ ညတွင်းချင်း ဆရာဝန်တဲကို ခေါ်
တာ"

နောက်ဖက်မှာကား မီးတုတ်ကိုင်လူနှစ်ယောက်နှင့် အလ
သမားနှစ်ယောက်၊ စောင်ကို ပုခက်လုပ်ပြီး လူနာအား ဝါးလုံးလျှို
လာခြင်းဖြစ်သည်။



"အစ်ကိုလေးကိုယ်တိုင် လိုက်လာတာလား"

ဝေလအမေးကို မှိုင်းညိုမှာ ချက်ချင်း မဖြေ။ အတန်ငယ် စဉ်း
စားသေး၏။ ပြောရကောင်းနိုးနိုး မပြောရကောင်းနိုးနိုး ချင့်ချိန်နေပုံ
ရပါသည်။ ပြီးမှ . . .

"သူတို့ချည်းပဲ စိတ်မချလို့ပါကွာ"

ထိုမျှသော စိတ်မောသံနဲ့ပြောပြီး နောက်ဘက်ကိုလှည့်ကာ ..

"သွားကြ . . . သွားကြ . . . အတွင်းကိုဝင်။ ဆရာဝန်ရှိတယ်
တဲ့"

နောက်ဘက်မှ လူတစ်အုပ် ခြံတွင်းကို သွက်သွက်ဝင်လာသည်။
ထိုစဉ်မှာပဲ . . .

"အဲဒါမှ ဒုက္ခပဲ။ ကျွန်တော်တို့ လူနာက မြို့သွားပြီး ဆေးရုံ
တင်ရမှာ။ အဲဒါ ဆရာဝန်ကို တစ်ခါတည်း ခေါ်သွားမလို့"

ခြံတွင်းလိုက်ဝင်ရန် ခြေလှမ်းပြင်နေသော မှိုင်းညို ရပ်တန့်သွား
သည်။ ပြီး ဝေလအား ခပ်မာမာတစ်ချက်ကြည့်ကာ . . .

"ဒါဆို ငါ့လူနာကို ဒီတိုင်းထားခဲ့ရမှာလား"

ဝေလ ဝပ်ကျသွားသည်။ ချက်ချင်းပင် ခေါင်းကိုငုံ့ပြီး ကိုယ်
ထိုကိုင်းညွတ်ကာ . . .

"ဟုတ်ကဲ့ပါ အစ်ကိုလေး၊ ကျွန်တော်တို့ချည်းပဲ သွားလိုက်ပါ့
မယ်"

ပြီး လှည်းပေါ် အလျှင်အမြန်တက်ကာ မောင်းထွက်သွားတော့
၏။ ဆေးခန်းတွင်းရောက်လာသည်မှာက . . .

သူတို့ချင်းပင် ဆုံးဖြတ်လိုက်သည်မို့ ထင်ကျော်လည်း ဘာမှ
မတတ်နိုင်တော့ပါ။ ထို့ကြောင့် ရောက်လာသောလူနာကိုသာ အကောင်း
ဆုံးကုသပေးရန် ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အထမ်းမှချတော့ လူနာမှာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်
နေသည်။ အသားကို ကိုင်ကြည့်တော့ တကယ်ပင် ခြစ်ခြစ်တောက်
နေပါသည်။ ထို့ကြောင့် ကပျာကယာပင် ထင်ကျော်မှာ ဆေးတစ်
ထိုးပေးလိုက်၏။ ပြီးတော့ ကျေးလက်ကုထုံးအတိုင်း ခြေထိတ်၊ လ
ထိတ်၊ သွေးဖောက်သည်။

တခြားလူများမှာ လူနာအနီးတစ်ဝိုက်တွင် လိုအပ်သည်များ
ဝန်းကူညီနေပေမဲ့ မှိုင်းညိုကတော့ ခပ်ဝေးဝေးမှာ လက်ပိုက်ရပ်ကြည့်
သည်။ စည်သူ မသိမသာဖြင့် မှိုင်းညိုအား လေ့လာတော့ . . .

အသားညိုညို၊ မြင့်မားသောကိုယ်ဟန်နှင့် တည်တံ့သော
ထားရှိသည်။ အမူအရာခက်ထန်ပေမဲ့ မျက်လုံးမှာတော့ ကြင်နာ
ငွေ့ငွေ့ကို တွေ့ရ၏။ လုံချည်ကိုတိုတိုဝတ်ကာ အပေါ်မှ သက္ကလပ်အ
ညိုကြီးကို လွှမ်းခြုံထားပါသည်။

ထူးခြားသည်ကား ပခုံးမှာ ဆောင်ဓားတစ်လက် လွယ်ထ
ခြင်းပင်။ အသက်အရွယ်က ဦးတပ်ခေါ်ရမည့်အရွယ်။ ထင်ကျော်က
ကိုရေစွတ်ကာ လူနာနဖူးပေါ် တင်ထားပေသည်။ ဆေးရှိန်ကြောင့်လ
မသိ။ သိပ်မကြာခင်၌ သတိလွတ်တစ်ချက်၊ မလွတ်တစ်ချက် ဖြစ်
သောလူနာမှာ ငြိမ်ကျသွားသည်။

ဒီတော့မှ . . .

"ဘယ်အချိန်လောက်က ကိုယ်အပူချိန်တက်တာလဲ"

"ညဆယ့်နှစ်နာရီလောက်က . . . တစ်ညလုံး ကယောင်ကတ
တွေပြောနေလို့ သူ့အတွက် စိုးရိမ်ပြီး ဆရာလေးဆီကို ညတွင်းချ
ရောက်လာတာပါ"

အနီးမှာရှိနေသူ လူတစ်ယောက်က သွက်သွက်လက်လက်ပ



ပြေးသည်။ ဦးမှိုင်းညိုကတော့ ဝေးဝေးမှပင် ခပ်တည်တည် ကြည့်
ပါ၏။

"အော် အီ အီး အွတ် . . ."

လင်းကြက်တွန်ပေပြီ။ မကြာခင် မိုးလင်းတော့မည်။ ထင်ကျော်
ဝါကို မကြာခဏ ရေလဲပေးရင်း လူနာအခြေအနေကို စောင့်
ပါသည်။ လူနာ၏မျက်နှာမှာ သိပ်မကြာခင်မှာပဲ သွေးရောင်လွှမ်း
ည်။ တစ်အောင့်အကြာမှာ အိပ်ပျော်သွားလေ၏။

အိပ်ပျော်၍ အသက်ရှူသံ ပြင်းပြင်းထွက်လာမှ ထင်ကျော်သက်
နိုင်တော့သည်။ လိုအပ်သော ဆေးဝါးများကို ထုပ်ပိုးပြင်ဆင်၍
ရာလူတစ်ယောက်ကို ပေးပြီး . . .

"စိုးရိမ်စရာ မရှိတော့ပါဘူး။ လူနာ အိပ်ရာနိုးရင် ပြန်ခေါ်
သို့ရပါပြီ"

ထင်ကျော့်စကားဆုံးတော့ . . .

"ကံအေး . . . မိုးလင်းရင် ပြန်ကြမယ်"

နောက်ဘက်မှထွက်လာသော အမိန့်သံတစ်ခု၊ ကံအေးဆိုသူ
ကိုယ်ကို ချာခနဲလှည့်ရင်း . . .

"ဟုတ်ကဲ့ပါ . . . အစ်ကိုလေး . . ."

ထင်ကျော်ကတော့ ဆရာဝန်ပီပီ လူနာနဲ့ပတ်သက်ပြီး မှာစရာ
မှာသည်။ လူနာအား တိုက်ကျွေးသင့်သောအစာနှင့် ကိုယ်အပူချိန်
တက်လာပါက သောက်ဆေး၊ ပြီးတော့ နဖူးပေါ် ယခုကဲ့သို့ ရေစို
တင်ပေးရန် စသည်တို့ကို မပြတ်မှာကြားပြီး မနက်ဖြန် ဆက်ဆက်
လာရန်ကိုပါ ပြော၏။ ကံအေးဆိုသူက ထင်ကျော်ပြောသမျှကို ခေါင်း
ညိတ်ညိတ်ဖြင့် နားထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင် မှိုင်းညိုဆီကိုလည်း အရိပ်အခြည်လှမ်းကြည့်ရ သေး၏။ လင်းကြက်တွေ သံစုံတွန်လေပြီ။

မနက်ခင်းမှာလည်း ဝေလီဝေလင်း အလင်းရောင်နှင့်အတူ မျက်နှာသစ်ခဲ့ပြီ။ မှောင်မိုက်နေသော ပတ်ဝန်းကျင်က တဖြည်းဖြည်း သဲကွဲလာသည်။ ဆောင်းဦးပေါက် နှင်းမှုန်တို့ကြားကို အလင်းစက်တို့ တဖွဲဖွဲကျဆင်းလာပြီးသည့် နောက်မှာတော့ . . .

"ကဲ . . . သွားရအောင်"

ဦးဆောင်ထွက်သွားသူက သက္ကလပ်အင်္ကျီထူနှင့် မှိုင်းညို။ နောက်မှလိုက်ရသူက . . .

လူနာမှာ အထမ်းပေါ်တွင်ဆေးရှိန်နှင့် အိပ်ပျော်နေသည်။ မီး တုတ်တွေမလိုတော့ . . .

• • •

"တားမရရင်လည်း သွားပေါ့ကွာ . . ."

ထွက်သွားသော လူအုပ်ကိုကြည့်ရင်း ထင်ကျော်က ခပ်ညည်း ညည်းပြောသည်။ သူကတော့ ထင်ကျော်ပြောသော စကားတစ်ခွန်းကို အကြွင်းမဲ့ ယုံကြည်လိုက်ပါသည်။

ညီဖြစ်သူတောင် ဤမျှအာဃာရှိလျှင် အစ်ကိုလုပ်သူက ပြော စရာ မလိုတော့။ သေချာပါသည်။ သိုက်ညိုက ဤရွာမှာ ဘုရင်တစ်ပါး ပင်ဖြစ်လိမ့်မည်။

ထင်ကျော်ကတော့ မြို့ကို လိုက်မသွားနိုင်သဖြင့် စိတ်မကောင်း သလို ညည်းညူရှာသည်။ မနက်လင်းပြီးချိန်မှာ လူနာများ ထပ်ရောက် သာပြန်၏။ ဒါပေမဲ့ သာမန် အအေးမိဖျားနာများ ဖြစ်ပါသည်။ သက် ကြီးပိုင်းနှစ်ဦးနှင့် ကလေးငယ်တစ်ဦး။

မနက် (၁၀) နာရီရောက်တော့ . . .

"ဆရာလေးနဲ့ ညှော်သည်အတွက်"

ဟုဆိုကာ ရွာသားတစ်ယောက် ထမင်းချိုင့်လာပို့ပေးသည်။ ထင် ကျော်က ရွှတ်နောက်နောက်ဆို၏။

"ငါကတော့ ဒီရွာမှာ ဘုန်းကြီးပဲကွ။ ပို့ဆွမ်းပဲစားတယ်"

သူကလည်း ပြန်နှက်သည်။

"ကြည့်လည်း ပြောဦး . . . ဟောကောင်၊ လျှာကို မီးကြိုးပစ် နေဦးမယ်"

ထို့နောက်တော့ နှစ်ယောက်သား လက်ဆေးပြီး ထမင်းလွေး ကြပါသည်။ ထမင်းစားပြီးတော့ . . .

"ကဲ . . . လူရှင်းတုန်း သွားလိုက်ရအောင်"

'ဘယ်လဲ' ဟု မေးစရာမလိုပါ။ သူတို့အတွက် သွားစရာ တစ် ခုပဲ ရှိပါသည်။

အဲဒါက . . .

ထူးဆန်းလွန်းသော မြေသားတို့တည်နေရာ . . .

(သို့)

သူတို့အခေါ် 'ခြောက်သွေ့တောင်ကုန်း'။



www.burmeseclassic.com

www.burmeseclassic.com

# XI

တောလမ်းလေးက ကွေ့ကောက်ကာနေသည်။ ရှင်းလင်းတိတ်ဆိတ်လှသော နွားဆွဲလမ်းလေးဖြစ်ပါသည်။ ဒါပေမဲ့ အသွားအလာနည်းသည်ထင်၏။ လှည်းဘီးရာမှလွဲ၍ ကျန်နေရာတွေ မြက်ဖုံးလို့။

ဆောင်းဦးပေါက်ပေမို့ လမ်းဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်ဝါးပင်တို့ စိမ်းစိုကာနေသည်။ ရွာမှ လွန်လာခဲ့ပြီမို့ လူသံများ မကြားရတော့။ တဲအိမ်များနှင့် ဝေးလာခဲ့ပြီမို့ မြင်တွေ့ရသမျှက တောအုပ်ဆန်လို့ပင် နေတော့သည်။

ကျေးငှက်သံများကြားရသည်။ တစ်ခါတစ်ခါတွင် သစ်တစ်ပင်မှတစ်ပင် ကူးလူးပြေးလွှားနေသော ရှဉ့်ငယ်လေးများကိုပင် တွေ့ရ၏။ သာမောစရာ တောမြိုင်ငယ်လေးပါ။

"ခြောက်သွေ့တောင်ကုန်းက ဒီလမ်းဘေးမှာပဲ"

"ဟုတ်လား . . ."

စည်သူရှေ့ကို မျှော်ကြည့်လိုက်ရင်း . . .

"လမ်းက လူသုံးနည်းတယ်နဲ့ တူတယ်နော်"



"အင်း . . . တောတက်ပြီး သစ်ခုတ်၊ ဝါးခုတ်သမားတွေပဲ ရှိတယ်။ ဒါပေမဲ့ မှိုင်းညိုတို့အုပ်စုကတော့ ဟိုး ရိုးမစပ်မှာ အုတ်ဖုတ်ကြတယ်ကွ။ သူတို့တွေတော့ အသွားအလာရှိပါတယ်"

"တော်တော်ဝေးမယ်နော်"

ထင်ကျော် ခေါင်းညိတ်သည်။

ခြောက်သွေ့တောင်ကုန်းမှာ ရွာကနေ လေးဖာလုံဝေးသည်ဟု ဆိုထား၏။ လေးဖာလုံဟူသော ခရီးသည် တကယ့်တကယ့်ထင်ထားသလောက် မဝေးပါချေ။ မြေပြန့်ကျောတစ်ခုကိုလွန်ပြီး သွားစဉ်၌ . . .

"ရှေ့ . . . ကုန်းတက်လေးလွန်ရင် ခြောက်သွေ့တောင်ကုန်းကိုရောက်ပြီ"

ထင်ကျော်စကားကြောင့် လှပ်ခနဲ ရင်ခုန်သွားသည်။

ဘယ်လိုမျိုးလဲ၊ ခြောက်သွေ့တောင်ကုန်းက သူ့ကို ဘယ်လိုပုံစံမျိုးနဲ့ စောင့်ကြိုနေမှာလဲ . . .

ဘယ်လိုထူးဆန်းမှုတွေ မြင်တွေ့ရမှာလဲ . . .

ခြေလှမ်းအနည်းငယ် လျှောက်ပြီးသွားစဉ်မှာ . . .

"ဟာ . . ."

မြင်ရသော မြင်ကွင်းက ကိုယ်စိတ်နှစ်ပါးကို တုန်လှုပ်သွားစေသည်။ လွင်တီးခေါင်ပြင်ဆိုတာကို စာထဲမှာသာ ဖတ်ဖူးထားခြင်းဖြစ်၏။ ယခု သူ့ရှေ့မှ မြင်ကွင်းသည်ကား . . .

မီးတိုက်ခံထားရသော တောင်ကုန်းလား၊ မဟုတ်။ မီးတိုက်ခံထားရသလို မီးလောင်ရာမရှိ၊ ပြာမှုန်မရှိ၊ အပေါ်ယံ မြေသားအရောင်ပြောင်းလဲမှုမရှိ၊ ဒါဆို ဘယ်လိုကြောင့်နည်း၊ မစဉ်းစားတတ်တော့ပါ။ အပူပိုင်းဒေသမှ အိုအေစစ်ဆိုတာပဲ ကြားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

အအေးပိုင်းဒေသမှ အပူလွှင်ပြင်ဆိုတာကို မကြားဖူး၊ မြင်ကွင်းက ထိုအတိုင်းကို ဖြစ်လို့နေပါသည်။ အနီးဝန်းကျင်ရပ်ဝန်းတို့မှာ သစ်ပင်ကြီးငယ်ဖြင့် စိမ်းလန်းလို့၊ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်လို့၊ အောက်ပေါင်းရှုပ်ကာ မြက်ရိုင်းတွေပင် ဖူးဆစ်လောက်ရှိပေမည်။

သူ့ရှေ့တည့်တည့်ရှိ တောင်ကုန်းမှာတော့ . . .

ခြံခတ်ပြီး အပူတိုက်ခံထားရသလို မြက်ရိုင်းမပြောနှင့် လူတစ်ကိုယ်စာ သစ်ပင်ကြီးတွေပင် အရိုးပြိုင်းပြိုင်းကျကာ အသက်ရှူရပ်နေသည်။ တချို့အပင်ငယ်တွေမှာ ပြိုလဲနေ၏။ တစ်ချိန်က စိမ်းစိုခဲ့သော သစ်ခေါက်တို့မှာ အပိုင်းပိုင်းအက်ပြီး တစ်စစဆိတ်ကျဲလွင့်လို့ . . .

လေတိုက်တိုင်း ယိမ်းနွဲ့ခဲ့သည့် သစ်ရွက်တို့မှာ ယခုနေခါတွင် လေနှင်ရာမျောပြီး ကျွတ်ကျွတ်မြည်၍ပင် နေချေပြီ။

လုံးဝ ပန်မရသော မြင်ကွင်း။

ပတ်ပတ်လည်စိမ်းလန်း၍ အတွင်းပိုင်းမှာက . . .

အာရေဘီယံ ဒေသလို . . .

လွင်တီးခေါင်ပြင်လို . . .

အသက်ရှူတတ်သော အပင်တွေ နှလုံးရပ်ပျက်စီးကုန်ပြီ။

"ဘယ်လိုလဲ . . ."

နေရာတွင် မတ်မတ်ရပ်ရင်း မင်သက်နေသော သူ့ကိုကြည့်ကာ ထင်ကျော်က လှမ်းမေး၏။ ပြန်မဖြေနိုင်ပါ။ အဓိပ္ပာယ်မရှိခေါင်းသာ ရမ်းပြဖြစ်သည်။

"ငါပြောသားပဲ . . . လက်တွေ့မြင်ရရင် ပိုအံ့သြသွားလိမ့်မယ်လို့။ လာ . . . အပေါ်တက်ကြည့်ရအောင် . . ."

ထင်ကျော်က လှည်းလမ်းမှဖဲ့ဆင်းကာ တောင်ကုန်းပေါ် ဦးဆောင်တက်သွား၏။ စည်သူနောက်မှ လိုက်သွားလိုက်ပါသည်။ နင်း



သော သစ်ရွက်ခြောက်တွေက တကျွတ်ကျွတ်မြည်ရင်း ကြွေမွကုန်သည်၊

တောင်ကုန်းထက်မှာ ရိုးတံပြိုင်းပြိုင်းသစ်ခြောက်ပင်ကြီးတစ်ပင်ရှိပါသည်။ လူတစ်ကိုယ်စာလောက် လုံးပတ်ရှိသည်မို့ အခြားသစ်ပင်ငယ်တွေလို မလဲပြိုသေး။ ဒါပေမဲ့ အပေါ်ဘက် ရိုးတံငယ်တွေမှာတော့ အစိတ်တစ်ပျက် ကျိုးကြွေကျနေပြီ။ သစ်ကိုင်းဖျား ဟိုးအထက်မှာက အညိုးရောင်ငှက်လေးတစ်ကောင် နားနေ၏။

ထင်ကျော်က ထိုအပင်ကြီးအောက် ရောက်အောင်လျှောက်သွားသည်။ အပေါ်ရောက်မှ တောင်ကုန်း၏ အကျယ်အဝန်းကို သတိပြုမိသည်။ သုံးဧကကျော်ကျော်လောက်ရှိပါလိမ့်မည်။ (ထို့ထက်လည်း ပိုချင်ပိုပါလိမ့်မည်)

တောင်ကုန်းထိပ်ကိုရောက်တော့ ဘာကြောင့်မှန်းမသိ၊ အလိုလိုဝမ်းနည်းလာသလို ခံစားရသည်။ မူလရှိနေသော ပတ်ဝန်းကျင် သေဆုံးသွားမှုကြောင့် ကျန်ရှိသော ရုပ်ကြွင်းများကိုကြည့်ကာ စိတ်မကောင်းဖြစ်မိခြင်းဖြစ်နိုင်ပါသည်။

"မင်း ဘယ်လိုယူဆလဲ"

ထင်ကျော်၏အမေး။

"ဘာကိုလဲ . . ."

"ဒီလောက် အချိန်ပိုင်းလေးအတွင်း အံ့သြရလောက်အောင် ပြောင်းလဲသွားမှုကိုပေါ့။ ငါကတော့ ဒီဘက်မှာမကျွမ်းဘူး။ သစ်ပင်တွေ သေစေနိုင်လောက်တဲ့ အကြောင်းခြင်းရာတွေ တော်တော်များလား"

"တော်တော်များတယ်။ ဒါပေမဲ့ အချိန်တိုအတွင်း ဒီလောက် မြန်မြန်ဆန်ဆန် ပြောင်းလဲသွားတာကိုတော့ ငါ မတွေ့ဖူးဘူး။ မင်းပို့ပေးလိုက်တဲ့ မြေကြီးဆိုရင် နာရီပိုင်းအတွင်းကို ပြောင်းလဲသွားတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ . . . ငါပို့ပေးလိုက်တာ ဒီကမြေကြီးပဲ"

စည်သူ ကိုယ်ကိုကိုင်းကာ မြေသားတစ်ခဲကို ကောက်ယူလိုက်ပါသည်။ လက်ထဲထည့်ပြီး ဖျစ်ညှစ်တော့ ဖွာခနဲ တစ်မှုန့်စီ ကြွေကျသွားသည်။

"ဒီလိုရှိတယ်ကွ။ သစ်ပင်တွေအများအားဖြင့် သေဆုံးလေ့ရှိတာက မြေအောက်က ရေကြောပြတ်သွားရင် သေတယ်။ အပူလွန်ကဲရင် သေတယ်။ မီးရှို့ခံရလို့ အပေါ်ယံမြေလွှာပျက်ဆီးပြီး သစ်မြစ်တွေ ခြေကုတ်ယူစရာမရှိတော့ရင် သေတယ်။ ငါတို့မသိတဲ့ မြေအောက်ဓာတ် အပြောင်းအလဲတစ်ခုခုဖြစ်ရင် သေတယ်။ အခုဟာက ရေကြောပြတ်တာ ဟုတ်ဘူး။ ရေကြောပြတ်ရင် ဟိုဘက်မှာရှိတဲ့ အပင်တွေပါသေမှာ"

"အင်း . . ."

"အပူလွန်ကဲတာလည်း မဟုတ်ဘူး။ တခြားအပင်တွေတောင် စိမ်းစိုနေတာပဲ။ ဒါပေမဲ့ အပေါ်ယံမြေလွှာတော့ ပျက်စီးနေပြီ။ မြေကြီးတွေ ခြောက်ပြီးဖွာထွက်နေတယ်။ ခုနလက်နဲ့ အသာလေးညှစ်တာတောင် တစ်မှုန်စီ ကြွေကုန်တာ"

"ဒါဆို အပေါ်ယံ မြေလွှာပျက်စီးလို့ပေါ့"

"အဲလိုလည်း မဟုတ်သေးဘူး။ အဲဒါတွေအားလုံးက အသက်ရှင်နေတဲ့ သစ်ပင်တွေကို ဒီလောက်ထိ ချက်ချင်း လက်ငင်းပြောင်းလဲမပစ်နိုင်ဘူး။ မြေဆီ၊ မြေဩဇာခန်းခြောက်ပြီး တဖြည်းဖြည်းသေကုန်တဲ့သဘော။

အခုဟာက အရှမ်းမြန်နေတယ်။ မင်း ငါ့ဆီပို့ပေးတဲ့ မြေကြီးနဲ့ အခုမြေကြီးနဲ့တောင် မတူတော့ဘူး။ ငါ့ဆီရောက်လာတဲ့ မြေကြီးက အစိုဓာတ်ငွေ့ငွေ့ ရှိသေးတယ်။ အခုက အခြောက်လွှန်နေပြီ။ ဒီအတိုင်းဆို မကြာခင် ဖုန်တောင် ထလာမလားပဲ"



"အဲဒီတော့ . . ."

"ငါ့အထင်တော့ အတွင်းက ဓာတ်တစ်ခုခု ဖောက်ပြန်နေတယ် ထင်တာပဲ။ ငါတို့ မသိတဲ့ မြေလွှာပြောင်းလဲမှုမျိုးပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ မင်းပို့ပေးလိုက်တဲ့ မြေကြီးမှာ စမ်းသပ်လို့မရတဲ့ အပူငွေ့တစ်ခု ရှိနေတယ်။ အဲဒါကြောင့်လည်း သစ်ပင်တွေ အချိန်တိုအတွင်း သေကုန်တာ။ ဘာအပူငွေ့လဲ။ ဘာလို့ စမ်းသပ်လို့မရတာလဲ ငါ့ကို မမေးနဲ့၊ ငါလည်းမသိဘူး။ အပူငွေ့ရှိတယ်ဆိုတာတောင် ခံစားရလို့ သိနေတာ"

ထင်ကျော်က သူ့စကားကို စူးစိုက်စွာနားထောင်နေသည်။

"မင်းကိုပြောဖို့ ကျန်နေခဲ့တာ။ ပထမဆုံး ရွက်လှပင်သေတော့ အမြစ်မှာ ပူနေတယ်။ မြေသားထဲ လိုက်နှိုက်ကြည့်တော့လည်း အပူဓာတ်တစ်ခုကို ခံစားရတယ်"

ထင်ကျော်မှာ စဉ်းစားသလို ငြိမ်သွားပြီး ခေါင်းကို လေးလေးညိတ်သည်။ ပြီးတော့ . . .

"ဒါဆို . . . အတွင်းက မီးတောင်တွေ ဘာတွေများ ပေါက်ချင်လို့လား မသိဘူး"

ထိုကိစ္စကိုတော့ သူမကျွမ်း၊ မဖြစ်နိုင်လောက်ဘူးလို့တော့ စိတ်က အလိုလို သိနေသည်။ ထို့ကြောင့် . . .

"အဲလိုတော့လည်း ဖြစ်မယ်မထင်ပါဘူး . . . ခက်တော့ခက်သွားကွ။ ဒါမျိုးကိစ္စတွေက ချက်ချင်းကြီး ကောက်ချက်ချဖို့ မလွယ်လောက်ဘူး။ ဖြည်းဖြည်းချင်း လေ့လာကြည့်မှ ရမယ်ထင်တယ်။ ငါတော့ ဒီနေရာကို တော်တော်စိတ်ဝင်စားသွားပြီ"

ထိုစဉ်မှာပဲ . . .

"ဖျောက် . . ."



www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်းခြောက်နင်းသံတစ်ခုက တိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ကျယ်လောင်သွားစေ၏။ အသံကြားရာဆီ သူတို့ခေါင်းတွေ ဆတ်ခနဲ လှည့်သွားသည်။ သစ်ပင်ကြီးတစ်ပင်နောက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အပင်နှင့်ကွယ်နေသည်မို့ ဘယ်သူဘယ်ဝါ ဆိုတာကို မမြင်ရ။

သူတို့စကားကို ချောင်းနားထောင်နေသူတစ်ယောက်တော့ ရှိနေလေပြီ။

"စည်သူရေ . . . ငါတို့တော့ အဖော်သစ်ရပြီနဲ့တူတယ်"

ထင်ကျော်က သွေးတိုးစမ်းသည့်သဘော ခပ်ကျယ်ကျယ်ပြောတော့ . . .

"ကောင်းတာပေါ့ကွာ . . . လူစုံသွားတာပေါ့။ ဒါနဲ့ ငါတို့ အဖော်သစ်ကို မတွေ့ရသေးပါလား"

ထင်ကျော်က သစ်ပင်ကြီးဆီလှမ်းကြည့်ကာ . . .

"ထွက်ခဲ့ပါ . . . မိတ်ဆွေ၊ ကျွန်တော်တို့နဲ့ အတူတူ စကားပြောလို့ရပါတယ်"

ပထမတော့ လှုပ်ရှားမှုမရှိ ငြိမ်သက်နေသေး၏။

"ထင်ကျော်ရေ . . . မိတ်ဆွေသစ်က လူမြင်ခံချင်ပုံမပေါ်ဘူး"

ဒီတော့မှ ခြေထောက်တစ်ဖက် အရင်ဆုံးထွက်လာသည်။ ရာဘာဖိနပ်ကိုစီးပြီး ပုဆိုးတိုတိုဝတ်ထား၏။ ပြေးမရတော့သည်မို့ မထွက်ချင်ထွက်ချင်နှင့် ထွက်လာရပုံမျိုး။ လူတစ်ကိုယ်လုံး ထွက်လာစဉ်မှာတော့ . . .

"ကြီးမောင် . . ."

ထင်ကျော်ပါးစပ်မှ လွှတ်ခနဲထွက်သွားစဉ် . . .



"စပ်စုသလို ဖြစ်သွားရင် တောင်းပန်ပါတယ် . . . ဆရာလေးတို့ အနှောင့်အယှက် ဖြစ်သွားမှာစိုးလို့ပါ"

တောင်းပန်တယ်ဆိုပေမဲ့ လေသံက တစ်ဖြောင့်တည်း။ မျက်နှာက မှုန်တေတေ၊ လွယ်အိတ်ကို စလွယ်သိုင်းပြီး ခါးမှာ ဓားမြှောင်တစ်ချောင်းထိုးထား၏။ ထင်ကျော်နဲ့သိနေသော ရွာသားတစ်ယောက် ဖြစ်နေပါသည်။

ချောင်းနားထောင်သည့်ကိစ္စကိုရော၊ ထိုလူပြောပုံကိုရော သိပ်အဝင်မကျသည်မို့ စည်သူ ခပ်ထေ့ထေ့ စကားတစ်ခွန်းမေးလိုက်သည်။

"ဘာလဲ . . . ခင်ဗျားလည်း ကျုပ်တို့လိုပဲ ဒီတောင်ကုန်း ဘာကြောင့် ခြောက်သွေ့ရတယ်ဆိုတာကို လာလေ့လာတာလား"

ထိုလူက ခြောက်ကပ်ကပ်ရယ်၏။

"မဟုတ်ဘူးဗျ"

"သစ်လာခုတ်တာလား"

ထင်ကျော်က ဖြတ်မေးသည်။

"သစ်မခုတ်ပါဘူး"

"ဒါဆို ငါတို့နောက်က နောက်ယောင်ခံလိုက်လာတာပေါ့"

"အဲလိုလည်း မဟုတ်ဘူး"

စည်သူ ထပ်မေးမည်ပြင်တော့ ထိုလူက နောက်ဖက်ချာခနဲ လှည့်သွားသည်။ ပြီးတော့ အရိုးပြိုင်းပြိုင်းထနေသည့် သစ်ခြောက်ပင်ကြီးကို မော့ကြည့်ကာ . . .

"ကျုပ်က . . . ရွာမှာ လူတွေ အဆက်မပြတ် သေဆုံးမှုနဲ့ ဒီခြောက်သွေ့တောင်ကုန်းဆက်စပ်မှုကို လာရှာတာ"

"ဟင် . . ."



www.burmeseclassic.com

မျက်မှောင်ကြုတ်သွားမိသည့်အခိုက် . . .

"ဆရာလေး . . ."

အော်ခေါ်သံတစ်ခုက အောက်ဖက်လှည်းလမ်းဆီမှ ထွက်ပေါ်လာသည်။

သုံးယောက်သား ပြိုင်တူလှမ်းကြည့်မိတော့ . . .

"ဆရာလေးရေ . . . လုပ်ပါဦး၊ ထွန်းခိုင် အသက်မရှူတော့ဘူး"

အောက်ဘက်လှည်းလမ်းဆီမှ ရင်ဘတ်ကိုဖိပြီး သံကုန်တစ်နေသူတစ်ယောက်။ သူနှင့်ထင်ကျော် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ထင်ကျော်က 'ဝုန်း'ခနဲ ပြေးဆင်းသွားသည်။ ထင်ကျော်ပြေးဆင်းသွားတော့ သူလည်း နောက်က ပြေးလိုက်သွားရပါသည်။

ကြီးမောင်ကတော့ တောင်ကုန်းပေါ်မှာ တစ်ယောက်တည်းကျန်နေခဲ့၏။ အနီးရောက်ရောက်ချင်းပင် . . .

"ထွန်းခိုင် . . . ထွန်းခိုင်ဆိုတာ ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ"

လာခေါ်သူက တောက်လျှောက်ပြေးလာပုံရကာ တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေ၏။ ရင်ဘတ်ကို ဖိပြီး အမောတကော အသက်ရှူနေသည်။ ထင်ကျော်အမေးကို ချက်ချင်းမဖြေအား။ ပြီးတော့မှ တံတွေးတစ်ချက်ကို မျိုချရင်း . . .

"ထွန်းခိုင်ဆိုတာ မနက်က ဆရာလေးဆီ ဝမ်းသွားလို့ လာပြတဲ့လူနာလေ"

"ဟင် . . ."

သွေးဆုတ်ဖျော့တော့ကာ သတိလစ်နေသော လူတစ်ယောက်ကို မျက်လုံးတွင်းမှာ ပြေးမြင်မိသည်။



"သူ့ကို ဆေးရုံမတင်ကြဘူးလား"

"သွားတယ် . . . ဆရာလေး။ ဒါပေမဲ့ ကျောက်ကြီးရောက်မှ ဆုံးမိတော့လို့ ရွာပြန်သယ်လာတာ"

"ဟာ . . ."

ထင်ကျော် မျက်နှာ လ,ငပုပ်ဖမ်းသလို ယိုကျသွား၏။ ပြီး မိမှုတွေ၊ မချင့်မရဲဖြစ်မှုတွေ တစ်ပြိုင်နက်ဖြစ်ထွန်းသွားကာ . . .

"ကျွတ် . . . ဒုက္ခပါပဲ။ အခု သူ ဘယ်မှာလဲ"

"သူ့အမေအိမ်မှာပါ"

"လာ . . . သွားမယ် . . . သွားမယ် . . ."

သုံးယောက်သား ရွာဆီ ပြေးရပါလေတော့၏။ လမ်းမှာ လာခေါ်သူ လူငယ်က အမောတကော ရှင်းပြနေသေးသည်။

"ဆေးခန်းသွားကြည့်တော့ တံခါးပိတ်ထားတာနဲ့ ရွာထဲက လူတွေပြောလို့ ဒီဘက်လိုက်လာတာ"

ရွာထဲရောက်တော့ ဆေးခန်းကို အရင်ဝင်ကာ ဆေးသေတ္တာ ယူသည်။ ပြီးတော့ လာခေါ်သူလူငယ်၏ ဦးဆောင်မှုဖြင့် သူတို့ရဲ့ ခြေလှမ်းတွေက လူနာရှိရာဆီသို့ . . .

အသက်ပင်ဖြောင့်အောင် မရှူအား၊ ပြေးလာလိုက်ကာ တဲအိမ်လေးတစ်လုံးရှေ့ရောက်စဉ်မှာတော့ . . .

"ဆရာဝန်လာပြီ . . . ဆရာဝန်လာပြီ . . ."

ထိုအသံကြားတော့ အိမ်တွင်းမှ လူတစ်အုပ် ပြေးထွက်လာသည်။ ဒီတော့မှ အိမ်တွင်းဝင်ရန် နေရာရသွား၏။ ထင်ကျော်ကို မြင်တော့ . . .

"အမယ်လေး . . . ဆရာလေးရဲ့ ကယ်ပါဦးတော့။ ကျုပ်သား လေးကို ကယ်ပါဦးတော့"



www.burmeseclassic.com

www.burmeseclassic.com

မနက်က ကြားဖူးထားသော အသံတစ်ခုက ဆီးကြိုကျ
လာသည်။

ထင်ကျော်က လူနာဆီပြေးသွားပြီး စမ်းသပ်စရာရှိတာ စမ်း
သည်။ မကြာပါ။ ထင်ကျော် နှုတ်မှအဖြေတစ်ခုက တိုတိုကျကျ။

"လူနာ အသက်မရှိတော့ဘူး"

"ရှင် . . ."

"ဟာ . . ."

အမေဖြစ်သူရဲ့ စူးခနဲ အော်သံကြီးထွက်လာပြီး နောက်ပိုင်း
ရှိနေသူတွေအားလုံး ငိုင်ငိုကြပါတော့၏။ လူနာမှာ ဘယ်အချိန်ကတည်း
က အသက်မရှိတော့သည်မသိ။ အသားတွေပင် ပြာနေပြီ။

"အလောင်းကို ချက်ချင်း သင်္ဂြိုဟ်မှရမယ်"

ထင်ကျော့်စကားဆုံးတော့ အမေဖြစ်သူမှာ . . .

"အမယ်လေးတော့ . . . ရက်စက်လှချည်လား . . .
လေးရဲ့၊ ကျုပ်သားလေးကို ကျုပ် ဝအောင်တောင် မကြည့်ရတော့
လားတော့"

ရင်ဘတ်ကို ထုပြီးငိုတော့ . . .

"ကျွန်တော် မစာနာတာမဟုတ်ပါဘူး အမေ။ ဝမ်းပျက်ဝမ်း
လျှောပြီးသေတဲ့လူတိုင်းကို ဒီလိုပဲ လုပ်ရတာပါ။ မဟုတ်ရင် အိမ်သား
တွေနဲ့ တခြားလူတွေကို ရောဂါကူးနိုင်ပါတယ်"

စကားဆုံးတော့ အိမ်တွင်းမှာ လှုပ်ရှားသွားပါသည်။ ဦးဆော
ညွှန်ကြားနေသူ အသံကြား၍ လှည့်ကြည့်မိတော့ ဝေလ။ ဘယ်အချိန်
ကတည်းက ရောက်နေသည်မသိ။ ခုနဓောနဲ့မို့ ဝေလရှိနေသည်ကို မမြင်
လိုက်ပါ။ ထင်ကျော်မှာ အိမ်တွင်းတွင် ဆက်ထိုင်နေသေးပေမဲ့ သူက
တော့ စိတ်မကောင်းစွာ အိမ်ပြင်ထွက်ခဲ့လိုက်သည်။



မကြာပါချေ။ ဝေလ တပည့်နှစ်ယောက်မှာ ဝါးကပ်တစ်ခုကို
ပြီး အိမ်တွင်းဝင်သွားသည်။ အတွင်းမှာ ငိုယိုအော်ဟစ်သံ၊ ကန့်
တားမြစ်သံတွေကို ဥပေက္ခာပြုပြီး ပြန်ထွက်လာတော့ . . .

ဝါးကပ်ပေါ်တွင် အလောင်းပါလာသည်။

ဝေလက မြင်းပေါ်ခုန်တက်ကာ ရှေ့မှဦးဆောင်ထွက်သွား၏။
နောက်မှာက မြင်းနှစ်စီးနှင့် တပည့်နှစ်ယောက်။ ထို့နောက်မှာမှ
ယောက်ထမ်းလာသည့် ဝါးကပ်ပေါ်မှ အလောင်းတစ်လောင်း။

အိမ်သူအိမ်သားနှင့် အနီးနားဝန်းကျင် ရွာသူ/သားတွေကတော့
နောက်မှာ ငိုယိုပြီးပါလာကြသည်။

ဖြစ်သလို ပို့လိုက်ရသော အသုဘလေးပါ။

သူနှင့်ထင်ကျော်သည်လည်း ရွာသားများနှင့်ရောကာ နောက်
လိုက်လာခဲ့သည်။ ဝေလက ဦးဆောင်ကာ ရွာပြင်သုသာန်ဆီသို့ ဦး
ည်သွားနေခြင်းဖြစ်ပါ၏။ ဒါပေမဲ့ အိမ်မှထွက်ပြီး ခြေလှမ်းအနည်း
လှမ်းပြီးစဉ်မှာပဲ . . .

"ဟား . . . ဟား . . . ဟား . . . သေပြီလားကွ . . . ဟေ၊
ကြပြီလား . . . ဒီလိုပဲပေါ့ကွာ။ အလှည့်ကျရင် မနွဲ့စတမ်းပေါ့။
. . . ဟား . . . ဟား . . ."

ရယ်သံကြီးတစ်ခုက အထက်ပိုင်းဆီမှ ကျယ်လောင်စွာ ထွက်
သည်။ ဦးဆောင်သူ ဝေလအပါအဝင် လိုက်ပို့သူအားလုံးက အသံ
ထွက်ပေါ်လာရာဆီ မော့ကြည့်မိတော့ . . .

"ဟယ် . . . ကြီးမောင် . . ."

ရှေ့ပိုင်းဆီမှ မိန်းမတစ်ဦး၏ အာမေဋိတ်သံ၊ ဟုတ်ပါသည်။
လှမ်းမကမ်း တောင်ကုန်းပေါ်မှနေ၍ ဖြစ်သလိုချလာသော အသုဘ



www.burmeseclassic.com

www.burmeseclassic.com

ကိုကြည့်ပြီး ပွဲကြည့်ရသလို အူမြူးခုန်ပေါက်လို့နေသည်။ စလွယ်သိုင်း ထားသော လွယ်အိတ်ကိုပင် ချွတ်ကာ လက်မှာ ဇွေ့ယမ်းရင်း တဟား ဟား အော်ရယ်နေပါ၏။

ကြီးမောင်ပုံစံကို ကြည့်ပြီး အကုန်လုံး ကြောင်သွားကြသည်။ ရှိုက်ကြီးတငင ငိုကြသူတွေပါ ကြီးမောင်၏ အူကြောင်ကြောင်ပုံစံကြော[illegible] အငိုကိုရပ်ကာ ကြောင်စီစီတွေ ဖြစ်ကုန်သည်။

"အလှည့်ကျရင် မနွဲ့ကြနဲ့ဟေ့။ ဟား . . . ဟား . . . ဟား

ခုန်ပေါက်အော်ဟစ်နေသေ ကြီးမောင်ပုံစံကို ကြည့်ပြီး ဝေ[illegible] က တောက်တစ်ချက်ခေါက်ကာ . . .

"တောက် . . . သွားကြစမ်းကွာ။ အဲ့ဒီကောင်ကို သွားဆွဲ[illegible] မကြစမ်း"

နောက်မှာရှိနေသော ပုဂ္ဂိုလ်နှစ်ယောက် မြင်းကိုဒုန်းစိုင်း၍ တော[illegible] ကုန်းပေါ်ပြေးတက်သွားသည်။ ကြီးမောင်ကလည်း သွက်၏။ သူ့[illegible] ဒုန်းစိုင်း၍ လာနေကြောင်းသိသည်နှင့် နောက်ဖက်လှည့်ကာ မှုန်နေအောင် ပြေးတော့သည်။ မကြာခင်မှာပဲ မြင်ကွင်းထဲမှ ကြီးမောင်နှင့် မြင်းစီးပုဂ္ဂိုလ် နှစ်ယောက် ပျောက်သွား၏။

ဝေလက ဆက်လက်ထွက်ခွာသည်။ မကြာပါချေ။ မြင်းစီး ပုဂ္ဂိုလ်နှစ်ယောက် ပြန်ရောက်လာတော့ . . .

"ဘယ်လိုလဲ . . ."

ဝေလကလှည့်မေးသည်။ ဒါပေမဲ့ . . .

"မမီလိုက်ဘူး ဆရာ၊ ကျွန်တော်တို့ တောင်ကုန်းပေါ်ရောက် တာနဲ့ ဒီကောင်ပျောက်သွားတယ်။ ဘယ်ရောက်သွားလဲ မသိဘူး"

"တောက် . . ."



နောက်တစ်ကြိမ် ထပ်ခတ်ကာ . . .

"နေနှင့်ဦးပေါ့ကွာ . . . ဒီကောင်တော့ ငါတို့လက်က လွတ်ပါ [illegible]သော ဆုတောင်းထား"

စည်သူကတော့ အထက်ပါအဖြစ်အပျက်ကိုကြည့်ပြီး ရင်လေး [illegible]သွားချေပြီ။ ထောင်ချောက်တွေ ပေါများလွန်းသည့် ရွာတစ်ရွာ ပေပါ [illegible]ထား။

ကြီးမောင်ကရော ဘာအတွက်ကြောင့်ယခု အသုဘကို ကြည့် [illegible]ပြီး ဟားတိုက်ရယ်မောနေတာနည်း။

အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုညက ရွာမှာ တစ်ညလုံး ခွေးတွေအူနေသည်။

တစ်ရွာလုံးမှာလည်း ထွန်းခိုင်သေဆုံးထားမှုနှင့် ပတ်သက်၍ ထိတ်လန့်ကာနေပါ၏။

ယခုဆို ရွာတွင် ဆက်တိုက်သေဆုံးသူ (၆) ယောက်တိတိ ရှိသွားခဲ့ပြီ။

ရှေ့လူပင် ရက်မလည်ရသေး။ နောက်လူမှာကား . . .

တကယ်ပဲ သူတို့ ပြောသလို ရွာတွင် အမှောင်ပရောဂကတွေ နိုးလွှမ်းနေပြီလား။

ထိတ်လန့်တုန်လှုပ်နေကြသော ရွာသူ/သားများကို ထပ်မံခြောက်လှန့်လိုက်သည့် ဖြစ်ရပ်တစ်ခုက ထိုညမှာပင် ဖြစ်ပွားခဲ့ပါသည်။

အချိန်က သန်းခေါင်လွဲကျော်ကျော် . . .



# XII

"တောင်သမန်နဲ့ အင်းရေမှာ ပျော်ရွှင်ကြည် × × × ရေဖွေးဖွေး × × × လှေကလေးတွေလှော်လို့ ငါးတွေဖမ်းကြမည် × × × ငါးတွေ ကြမည် × × × ကျူးတော်မယ် × × × ရွှေကြာတင့်တယ် × × × အခုချိန် ရေဇလာဝင့်ထည်"

ကိုရင်သာလှ၏ သီချင်းဆိုသံက ရိုးမအပြန်လမ်းလေးမှာ ဆေ ကာနေပါသည်။ သာလှနှင့်တက်ပုတို့ ဆရာတပည့်နှစ်ယောက် ရိုးမ ဝါးတက်ခုတ်ကြရာမှ ပြန်လာခြင်းဖြစ်ပါသည်။

သူတို့အကြိုက် ဝါးကြီးဝါးဖြောင့်များရခဲ့သည်မို့ နှစ်ယောက် အူမြူးကာနေကြသည်။ နောက်ထပ် ပျော်ရွှင်စရာတစ်ခုက သူတို့ တောတွင်းမှ ဝံတစ်ကောင်ရလာသည်။ ဝံကောင်သေကို လှည်း ကမ်းမှာချိပြီး ဆရာတပည့်နှစ်ဦး အူမြူးကာနေပါ၏။

ဒီလောက်ဆိုလျှင်ဖြင့် တစ်ပတ်၊ ဆယ်ရက်တော့ သူတို့နှစ်ဦး ကောင်းကောင်း သောက်စားနိုင်လေပြီ။ ဝါးရောင်းလို့ရသော ငွေစလေး ဝံကောင်မီးကင်ကျက်တိုက်သားနှင့်၊ သေရည်လေးတမြမြနှင့် စည်းစိမ်တော့ ရှိချေပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ခုနစ်စင်ကြယ်ပြောင် အမြီးထောင်နေပြီ။ ရိုးမတွေ စခန်းချရာဆီမှ ထွက်လာတော့ ညနေမှောင်ရီပျိုးစပင် ရှိသေး၏။ ညအခါ ပေမို့ ခိုင်းနွားများလည်း နေ့ဘက်လောက် မပင်ပန်း။ သူတို့သည်လည်း သီချင်းလေးတအေးအေးနှင့် ပျော်ရွှင်ကာနေသည်။

ရဲဆေးတင်သည့်သဘော အာစွတ်ရုံလုပ်ထားကြသည်မို့ အ ထိုင်ကောင်းကာ နှုတ်သွက်၊ လျှာသွက်ဖြစ်နေသည်။

"နန်းတော် မြို့ရိုးကြီးနဲ့ ရင်းတား ပစ္စင်စုံညီ × × × တောင်ပြ တံခါးဝကို ကျွန်တော်ပြေးကာငေးမိသည် × × × အညာဒွာနီ × × × တစ်ခါ လာပြီ × × × ကျွန်တော့်အတွက်တော့ × × × မေ့မရပါလေပြီ × × ×"

သီချင်းဆုံးတော့ ကိုရင်သာလှမှာ လှည်းမောင်းနေရာမှ တပည့် ဖြစ်သူဘက်လှည့်ကြည့်ပြီး . . .

"တက်ပုရေ . . . ငါကတော့ မသေခင် မန္တလေးမြို့ကြီးကို ရောက်ဖူးချင်စမ်းပါဘိ"

"ဘာသွားလုပ်မလို့လဲ . . . ကိုရင်သာလှရဲ့ ဘုရားသွားဖူး မလို့လား"

သာလှမှာ တပည့်ဖြစ်သူ တက်ပု၏ကုပ်ပိုးအား 'အုန်း'ခနဲ ပိတ် အုပ်ပြီး . . .

"ဘုရား မကြိုက်တဲ့ အလုပ်လုပ်ပြီး ဘုရားသွားဖူးဖို့ ဖြစ်နိုင် ပါ့မလားကွ။ မင်းကလည်း တော်တော်ညံ့တဲ့ကောင်ပဲ။ အဲဒါကြောင့်မလို့ ငါ့တပည့်ဖြစ်နေတာ"

"ဒါဆို ဘာသွားလုပ်မှာလဲ"

"အညာဘက်မှ ထန်းရည်တော်တော်ကောင်းတယ်လို့ ကြားဖူး တယ်ကွ။ သူတို့ဆီက ထန်းရည်ကို စည်ပိုင်းတစ်လုံးလောက် သွားမြည်း ကြည့်ချင်လို့ပါကွာ . . . ဟား . . . ဟား . . ."



သာလှမှာ သူ့စကားသူ သဘောကျသလို ရယ်၏။ တက်ပု မှာ . . .

"ဒါဆိုလည်း ဆရာသွားရင် ကျွန်တော့်ကို ခေါ်စမ်းပါဗျာ . . ကျွန်တော်လည်း အညာထန်းရည်ကောင်းမကောင်း လိုက်မြည်းကြည့် မယ်"

"အေးကွာ . . . ခေါ်မယ်။ အခုတော့ မင်းလက်ထဲက ပုလင်း ထား ငါ့ဘက်ကမ်းဦး"

တပည့်လုပ်သူက 'ဟီး'ခနဲ ရယ်ရင်း ဆရာ့ဆီ ပုလင်းကမ်းပေး သည်။ လက်တွင်းရောက်လာသော အရက်ပုလင်းကို လရောင်မှာ တစ် ချက်ထောင်ကြည့်ရင်း . . .

"လစ္စီးမှပဲ . . . အရက်က ဖင်ကပ်ပဲ ကျန်တော့တယ်"

ဆရာမသိအောင် ခွက်ပုန်းခုတ်ထားသည်မို့ တက်ပုမှာ မရို ရှောင်ရယ်ရင်း . . .

"ရွာရောက်တော့မှာပဲ . . . ဆရာရယ်၊ ရွာရောက်မှ အဝသောက် တော့။ ကျွန်တော် သွားဝယ်ပေးပါ့မယ်"

သာလှမှာ ပုလင်းကိုထောင်ကာ မော့ချ၏။ လက်ကျန်ကိုဖြတ် ထာ အခွံကို ဘေးပစ်ထုတ်လိုက်သည်။ အရှေ့ဆီ၌ သူတို့ရွာတန်းရှည် လေးကို လှမ်းမြင်နေရပြီ မဟုတ်ပါလား။

ထိုစဉ်မှာပဲ . . .

"တက်ပု . . . မီးခိုးနံ့ရသလိုပဲ"

တက်ပုမှာ နှာခေါင်းကို တစ်ချက်ပွတ်ရင်း အနံ့ခံကြည့်သည်။

"ဟုတ်တယ် . . . ဆရာ၊ မီးခိုးနံ့ရတယ်။ တောမီးလောင်နေ တာလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

သာလုက နံဘေးဝန်းကျင်ကို ခါးဆန့်ကာ ဝေ့ကြည့်သည်။

"ဟိုရှေ့က မီးခိုးတွေမလား"

နွားရိုက်ကြိမ်နှင့် ညွှန်ပြရာဆီသို့လှမ်းကြည့်မိတော့ . . .

"ဟာ . . . ဟုတ်တယ်ဆရာ။ မီးခိုးတွေ . . . အားပါး . . . မီးခိုးတွေကို ခဲနေတာပဲ။ ဒီလိုဆို တောမီးတော်တော်ကြီးနေပြီနဲ့တူတယ်။ အောက်ခြေမှာ မီးရောင်တွေလည်း မြင်ရတယ်"

ကောင်းကင်သို့ တလူလူထိုးတက်နေသော မီးခိုးများကို ကြည့်ပြီး သာလု ငြိမ်ကျသွားသည်။ အကွာအဝေးကို တွက်ချက်တော့ သူတို့ လှည်းလမ်းကြောင်းတည့်တည့်လောက်မှာ ဖြစ်နေသည်။ ထို့ကြောင့် ကြိမ်တံကိုတို့ရင်း ခရီးကို သွက်သွက်နှင်လိုက်၏။

လှည်းလမ်းကြောင်းတည့်တည့်မှာ တောမီးလောင်နေတာလား မသိ။ ဒီလိုဆို ခက်ချေပြီ။ သွက်သွက်မောင်းသွားရာ တအောင့်ကြာတော့ အောက်ခြေပိုင်းဆီမှ မီးရောင်များကိုပါ တွေ့လာရသည်။ မီးခိုးနံ့တွေလည်း ခနထက် မွှန်ထူလာပါ၏။

အနီးဝန်းကျင်ကိုပင် ပြာမှုန့်များ လွင့်လာနေသလို၊ တော်တော်အရှိန်ကြီးသော လောင်မြိုက်မှုတစ်ခုဖြစ်လောက်ပါသည်။ ခုနသောက်ထားတာတွေပင် ဘယ်နားရောက်သွားသည်မသိပါ။

လမ်းတည့်တည့်မှာ ဖြစ်နေလျှင် အပြန်ခက်တော့မည်။ နွားဇက်ကြိုးကိုလွှတ်ပြီး သွက်သွက်မောင်းလာလိုက်တာ တောင်ကုန်းတစ်ခုသာ ခြားတော့၏။ သစ်ကိုင်းခြောက်ကျိုးသံ၊ လောက်မြိုက်သံ တဖြောင်းဖြောင်းကိုပင် ကြားနေရပေပြီ။ တောင်ကျောခံနေသေးသည်မို့ သေချာတော့ မမြင်ရသေး။ ဒါပေမဲ့ ပြာမှုန်တွေကတော့ ပတ်ဝန်းကျင်မှာ တလူလူ လွင့်နေပြီ။



ထိုစဉ်မှာပဲ အာရုံသို့ ဝင်လာသောအသိတစ်ခု။

"ဟင် . . ."

နွားဇက်ကြိုးကို တိခနဲ ဆွဲချတော့ တက်ပုက အလန့်တကြား ကြည့်သည်။ ရင်ခုန်သံ မြန်သွားခဲ့ပြီ။ ဖျင်းခနဲသီးသွားသော ကြက်သီးမွေးနှင့်အတူ သူ့နှုတ်မှ ထွက်သွားသည်က . . .

"ရှေ့က ခြောက်သွေ့တောင်ကုန်းနေရာမလား"

"ဗျာ . . ."

တက်ပုမှာ မျက်လုံးပြူးဖြင့် ရှေ့ကိုလှမ်းကြည့်ပြီး . . .

"ဟာ . . ."

နှစ်ယောက်သား ကြက်သေ သေသွားသည်။ ဟုတ်ပါသည်။ ခုနစဉ်ရက်ဆက် သွားနေကျလမ်းပေမို့တစ်ချက်လောက် ပတ်ဝန်းကျင်ဆလာရုံနှင့် သိသည်။ သေချာသည်။ ရှေ့တစ်ကုန်းကျော်က ခြောက်သွေ့တောင်ကုန်းနေရာပါ။ တစ်ဦးကိုတစ်ဦးကြည့်ပြီး ဘာလုပ်ရမှန်းမသိတော့။

ထိုစဉ်မှာပင် နွားနှစ်ကောင်က တစ်စုံတစ်ရာ ခြောက်လှန့်ခံလိုက်ရသလို ရှေ့ကို ပြေးထွက်သွားလေသည်။

"ဟာ . . . ဟေ့ကောင်တွေ . . . ရပ် . . . ရပ် . . . ကျွတ် ကျွတ်"

ဇက်ကြိုးဆွဲ စုတ်သပ်ပါသော်လည်း မရတော့။ နွားနှစ်ကောင်မှာ ရှေ့တောင်ကုန်းဆီသို့ ဦးတည်ပြေးသွားလေပြီ။

"ဟာ . . . ဟာ . . . လုပ်ကြပါဦး . . . ဟေ့ကောင်တွေ . ."

ကြောက်လန့်တကြား အော်ဟစ်ပါသော်လည်း ထိန်းမရတော့ပါ။ နွားနှစ်ကောင်က ကဆုန်ပေါက်ပြေးဆင်းသွားရာ ဇက်ကြိုးဆွဲကိုင်နေသာသာ ပြုတ်ကျမသွားရန်ပင် မနည်းထိန်းလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မမြင်အပ်သော တစ်စုံတစ်ရာ၏ တွန်းပို့မှုဖြင့် တောင်ကုန်း တစ်ခုကို ကဆုန်ပေါက် လွန်မြောက်သွားစဉ်မှာပဲ . . .

"ဟာ . . ."

"လုပ်ကြပါဦး . . . လုပ်ကြပါဦး . . ."

ထန်းတစ်ပင်နီးနီး ရှိလောက်သော မီးတောက် မီးလျှံကြီးများ ရှိန်းရှိန်းထနေသော အပူလုံးကြီးများက ပါးစပ်ကိုဖြဲပြီး သူတို့ကို ဆွဲ သွင်းတော့မလို။

တရှဲရှဲအော်မြည်ရင်း မီးလောင်တိုက်သွင်းပစ်တော့မလို။

နွားနှစ်ကောင်က ကဆုန်ပေါက်နေဆဲ။

တစ်ခါမှ မမြင်ဖူးသော မီးလောင်လွင်ပြင်ကြီးကို ကြည့်ပြီး အသက်မေ့နေဆဲ။ လှည်းယိုင်ကို ကိုင်းရင်း သတိလစ်နေဆဲ။

သူတို့ . . . သူတို့မြင်နေရသည်က မီးတောက်တွေထဲမှာ . . . မီးလောင်လွင်ပြင်ထဲမှာ . . .

လူတွေ . . . လူတွေ . . .

ကယ်ပါယူပါ တစာစာအော်ဟစ်လို့။ မီးလျှံရဲ့ ဝါးမျိုမှုကြား မှာ မချိမဆန့်နာကျင်လို့၊ တွန့်လိမ်ကောက်ကွေးလို့ . . .

သွေးရူး၊ သွေးတန်းပြေးလွှားလို့။

နီးလာနေပြီ။ မီးတောက်တွေ သူတို့နဲ့ တဖြည်းဖြည်း နီးလာ နေပြီ။ အပူလှိုင်းတွေ ငွေ့ငွေ့ရိုက်၏။ ထန်းတစ်ဖျားလောက် မီးညွန့်တွေ တရှဲရှဲအော်မြည်။

ဟိုမှာ . . . သူတို့ကို လက်ယပ်ခေါ်နေပြီ။

သူတို့ကို လက်ယပ်ခေါ်နေပြီ။

ရောက်တော့မယ် . . .



ရောက်တော့မယ် . . .

"အား . . ."

အသံကုန် ခြစ်အော်လိုက်သံကြီးနဲ့အတူ သာလု လှည်းပေါ်မှ လွင့်ကျသွားသည်။ တက်ပုမှာလည်း ငယ်သံပါအောင် ဟစ်အော်ရင်း ဒါဘာစ်ရိုက်ကွာလောက်ကို ပြုတ်ကျသွား၏။

ထို့နောက်မှာတော့ နှစ်ဦးသား ကုန်းရုန်းထကာ ခြေဦးတည့် ရာ ပြေးပါတော့သည်။ နောက်မှ မီးလုံးတွေ တရှဲရှဲအော်မြည်ရင်း လိုက် လာသလို။ အလွတ်မပေး ဝါးမျိုလောင်ကျွမ်းပစ်တော့မလို။

"အမယ်လေး . . . ကယ်ကြပါဦး"

"ကယ်ပါဦး . . . ကျွန်တော်တို့ကို ကယ်ကြပါဦးဗျာ"

"နောက်မှာ မီးတွေပါလာပြီ။ နောက်မှာ မီးတွေလိုက်လာနေ ပြီ"

"အမယ်လေး . . . အား . . ."

"မီးတွေ . . . နောက်မှာမီးတွေ . . . အား . . ."



www.burmeseclassic.com

www.burmeseclassic.com

အသက်လုပြေးလာသော အော်သံနှစ်ခု က ဒွေးပင်တစ်ရွာလုံးကို အထိတ်တလန့် နိုးထသွားစေပါသည်။



# XIII

"ဒူ . . . ဒူ . . . ဒူ . . ."

အဆက်မပြတ်မောင်းထုသံက မနက်ခင်းတစ်ခုကို လှုပ်ခတ်သွားစေသည်။ မောင်းထုသံကြားပြီးနောက်မှာ ရွာသူ/သားများအားလုံး လုပ်လက်စအလုပ်များ၊ ပြောလက်စ စကားများကို ပစ်ချပြီး တစ်နေရာဆီ အလျှင်အမြန် ဦးတည်သွားကြရပါ၏။

သူကြီးအိမ်မှ မောင်းထုနေခြင်းဖြစ်သည်။

မောင်းထုသံကြားပါက သူကြီးအိမ်သို့ စုဝေးသွားရခြင်းမှာ ရွာ၏ထုံးစံ။ ရွာတွင် ထူးခြားသောအကြောင်းတစ်ခု၊ စည်းကမ်းချက်တစ်ခု ထုတ်ပြန်တော့မည်ဆိုပါက ဤကဲ့သို့ ရွာသူ၊ သားများကို မောင်းထု ခေါ်ဆောင်တတ်သည်က ရွာ၏အစဉ်အလာ။

တစ်ရွာလုံးနဲ့ ဆိုင်သော ရပ်ရေး၊ ရွာရေးများ၊ အလှူပေးကိစ္စများ ပြုလုပ်ရာတွင်လည်း ယခုကဲ့သို့ပင် စုဝေးတိုင်ပင်ကြလေ့ရှိပါသည်။ မောင်းထုသံမှာ အဆက်မပြတ် ထွက်ပေါ်နေသည်ကြောင့် ရွာသားများ အားလုံးမှာ ခပ်သွက်သွက်ပင် သူကြီးအိမ်သို့ သွားနေရပြီသည်။



www.burmeseclassic.com

www.burmeseclassic.com

ထင်ကျော်သည်လည်း ရွာသားတစ်ယောက်နီးနီး ဖြစ်နေပြီမို့ မောင်းသံကြားပါက မပျက်မကွက်သွားရသည်။ ထင်ကျော်သွားတော့ စည်သူသည်လည်း ဆေးခန်းမှာ တစ်ယောက်တည်း ကျန်မနေတော့ပါ။

ရွာလယ်လမ်းမကြီးမှာ လူတွေ တိုးတိုးသဲ့သဲ့ စည်ကားနေသည်။ ထင်ကျော့်ကိုတွေ့တော့ 'ဆရာလေး' ဟုဆိုကာ ဝိုင်းဝန်းနှုတ်ဆက်ကြ၏။ ပုံစံတွေကြည့်ရတာ တစ်စုံတစ်ရာအတွက် စိုးရိမ်ပူပန်နေသလို။ မျက်နှာတွေ ကြည့်ရတာလည်း ထိတ်ထိတ်ပျာပျာဖြစ်နေသည်။

သူတို့နှစ်ဦးလည်း ခပ်သုတ်သုတ်ပင် သူကြီးအိမ်သို့ ထွက်ခဲ့ကြသည်။ သူကြီးအိမ်ရောက်တော့ . . .

အိမ်ရှေ့ကွက်လပ်မှာ ရွာသူ/သားတွေ စုဝေးထိုင်နေကြသည်။ ယခုမှ ရောက်လာသူများလည်း ရှိသလို နေရာမရ၍ ခြံစည်းရိုးတွင်ကပ်လျက် ရပ်နေသူများလည်းရှိ၏။ ထင်ကျော်က လူအုပ်ကြီးနောက်ဖက် အစွန်ဆုံးနေရာမှာ ဝင်ထိုင်သည်။

လူအုပ်ကြီး၏ ရှေ့မှာက စားပွဲတစ်လုံးနှင့် လူကြီးတစ်ဦး ထိုင်နေ၏။ မိတ်ဆက်ပေးစရာ မလိုပါ။ ပုံစံကိုမြင်ရုံနှင့် ရွာသူကြီးဖြစ်မှန်း သဘောပေါက်လိုက်သည်။ ကိုယ်လုံးကိုယ်ဟန်ကောင်းကောင်း၊ တောသားစစ်စစ်ကြီး၊ ခေါင်းပေါင်းထူကြီးပေါင်းပြီး မျက်လုံးများမှာတော့ အားပျော့သလိုရှိနေသည်။

"ဟဲ့ . . . ညက သာလုတို့ ဆရာတပည့်နှစ်ယောက် ထွက်ပြေးလာကြတယ်ဆို"

"ဟုတ်တယ် . . . သွေးရူးသွေးတန်းပဲ"

ရှေ့ဆီမှ ကလေးနို့တိုက်နေသော မိန်းမတစ်ဦးက ကပ်လျက်မိန်းမကို လှမ်းမေးခြင်းဖြစ်၏။ အမေးခံရသူ မိန်းမကလည်း ဖြေချင်နေသူပီပီ အားတက်သရော ဖြေသည်။



"ဟုတ်လား . . . ဘယ်လိုဖြစ်ကြတာလဲ"

သူမတို့ ရှေ့ဆီမှ မိန်းမကြီးတစ်ဦးပါ နောက်လှည့်မေးလာ၏။

"ခြောက်သွေ့တောင်ကုန်းက ခြောက်လှတ်လိုက်တယ် ပြောတာပဲ"

"ဟေ . . ."

စည်သူနှင့် ထင်ကျော် တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။ စိတ်ဝင်စားမှုတို့ မြင့်တက်သွားစဉ်သကာလ နောက်ဖက်မှ ထွက်လာသော အသံတစ်သံ။

"တက်ပုတော့ သွေးလန့်ပြီး ဖျားနေပြီ"

"ကိုရင်သာလုကြီးရော . . ."

"သူကတော့ အရက်တွေချည်း ဖိသောက်နေတယ်ကွာ။ ဘာမှလည်း မေးမရဘူး။ ငူငူကြီးပဲ ထိုင်နေတယ်"

သူတို့ နောက်ဘက်ဆီမှ ရွာသားနှစ်ဦး၏ အပြန်အလှန်စကားများ ။

"ဒါဆို သူကြီးမောင်းထုပြီးခေါ်ကာ အဲ့ဒီကိစ္စများလား မသိဘူး"

"ဖြစ်နိုင်တယ်။ ညက တက်ပု 'မီးတွေ . . . မီးတွေ'လို့ ပါးစပ်က အော်ပြီး အမောဆို့ လဲကျသွားတာ သူကြီးအိမ်ရှေ့မှာလေ"

"ဟုတ်လား . . ."

ပြောနေသူနှစ်ယောက်သား ကျောချမ်းချမ်းဖြင့် နောက်ဖက်ကို လှည့်ကြည့်ကြသည်။ ထိုစဉ်မှာပဲ ခြံစည်းရိုးတွင် ကပ်ရပ်နေသူ ရွာသားတစ်ဦးက ထိုနှစ်ယောက်ကို အော်မေးသည်။

"တက်ပုတို့ လှည်း၊ နွားတွေကရော . . ."

"မနက်ကတင် သူကြီးနဲ့ ရွာသားတွေ လိုက်ရှာပြီးသွားပြီ။ ခြောက်သွေ့တောင်ကုန်းအရှေ့ဘက်မှာ လှည်းက မှောက်နေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

နွားတွေကတော့ ကိုက်သုံးဆယ်လောက်အကွာမှာ မြက်စားနေကြ
ဆိုလားပဲ”

“ညက ဘယ်လိုများဖြစ်ခဲ့ကြလို့လဲ မသိဘူးနော်”

“အဲဒါတော့ ကာယကံရှင်တွေကိုယ်တိုင်ပဲ သိလိမ့်မယ်ဗျ”

စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ။ ညက ခြောက်သွေ့တော
ကုန်းမှာ ဘာတွေများဖြစ်ခဲ့ကြပါလိမ့်။ ထိုအခိုက် . . .

“လူစုံပါပြီ . . . သူကြီးမင်း”

နောက်ဖက်မှ ရွာသားတစ်ဦးက လှမ်းအော်သည်။ သာလှနှ
တက်ပုတို့ကိစ္စအား ကိုယ်ထင်ရာ ကိုယ်ပြောနေကြသော ရွာသူ/သား
တွေအားလုံး ပါးစပ်တွေ ပိတ်သွားကြ၏။ သူကြီးက ခေါင်းညိတ်သည်။
သူတို့နှစ်ဦးလည်း သူကြီးပြောလာမည့်စကားကို နားစွင့်နေပါသည်။

ဒါပေမဲ့ အချိန်အတော်ကြာသည်အထိ စကားသံထွက်မလာ
ပါ။ ကွမ်းကို တမြုံ့မြုံ့ဝါးရင်း ထိုင်မြဲအတိုင်းသာ ထိုင်နေသည်။ သူကြီး
စကားမဆိုတော့ ထိုင်နေသူတွေ ဆိုကြတော့၏။ ခဏာတွင်းပင် အတင်း
အဖျင်းပေါင်းစုံ၊ လိုတာထက်ပိုသော စကားပေါင်းစုံက ခုနအတိုင်းဖြ
လည်ဖောင်းပွကာ လာပါသည်။

“သူကြီးခင်ဗျ . . . ကျွန်တော်တို့ ရွာသားတွေ လူစုံနေပါပြီ”

ဒီတစ်ခါတော့ . . .

‘ဒုန်း’ ခနဲမြည်အောင် လက်ထဲမှကွမ်းအစ်ကို စားပွဲပေါ် ဆောင့်
ချရင်း . . .

“လူစုံတာ သိတယ်ကွ။ မင်းဘိုးအေ သိုက်ညိုတို့အုပ်စု လာမယ်
ပြောလို့ စောင့်နေတာ”

သူကြီး၏ ဒေါသသံပါသောစကားမလို့လား၊ သိုက်ညိုဟူသော



ကို ကြားလိုက်ရလို့လားမသိ။ တစ်ကွင်းလုံးမှာ မီးကို ရေနဲ့ ငြိမ်း
သလို တိခနဲ ငြိမ်ကျသွားပါသည်။

ထိုစဉ်မှာပဲ သူတို့ဆီ ဦးတည်လာနေသော မြင်းခွာသံတဖြောင်း
ဖြောင်းကို ကြားလိုက်ရပါတော့သည်။

ရွာသားတွေရဲ့ ဦးခေါင်းများ အသံလာရာဆီ လှည့်ကျသွား၏။
ဝေးဝေးဆီမှာ ဖုန်တွေ တလူလူလွင့်နေသည်။ မကြာခင်မှာပဲ သူတို့
၏ အကြည့်စက်ကွင်းများထဲသို့ မြင်းစီးအဖွဲ့တစ်ဖွဲ့ ရောက်လို့လာပါ
တော့၏။

ရှေ့ဆုံးမှ ဦးဆောင်ဝင်ရောက်လာသူက . . .

“သိုက်ညို . . .”

ရွာသားတစ်ဦး၏ နာမည်ခေါ်သံကို ကြားရသည်။ ထိုင်နေသူ
အားလုံးမှာ ထိုမြင်းစီးလူစုကိုမြင်တော့ ခေါင်းတွေအလိုလို ဝပ်ကျသွား
ပါ၏။ လူငါးယောက်နှင့် မြင်းငါးစီး၊ အိမ်ရှေ့တည့်တည့်မှာ မြင်းကိုရပ်
ပြီး လွှားခနဲ ခုန်ဆင်းလာသည်။ ပြီးတော့ ထိုင်နေသူအားလုံးကို ပြာ
မှုန်တစ်စေ့လောက်မျှပင် ဂရုမစိုက်သော မျက်နှာနဲ့ ခပ်တည်တည်ဝင်
ရောက်လာပါသည်။

ဤရွာတွင် သတိထားရမည့် ပုဂ္ဂိုလ်မို့ စည်သူကတော့ မလွှတ်
တမ်း အကဲခတ်မိပါသည်။ အရပ်ပျပ်ပျပ်၊ နှုတ်ခမ်းမွေးကျင်စွယ်နှင့် ကိုယ်
သုံးကိုယ်ထည်တောင့်တောင့်၊ ခက်ထန်သောမျက်နှာ၊ သိမ်းငှက်လို စူး
ရဲသောအကြည့်၊ အမြဲတမ်း အမိန့်ပေးလေ့ရှိသော ဟန်ပန်မှာ ပေါ်လွင်
နေသည်မို့ နာမည်နှင့်လိုက်ဖက်ကြောင်း မှတ်ချက်ချမိသည်။

ကြားရသော သတင်းစကားနှင့် မြင်ရတာလည်း ကိုက်ညီလှ
ပါသည်။ သူဝင်လာတော့ ထိုင်နေသူတွေမှာ နေရာရှဲပေးကြ၏။ ရှဲပေး



www.burmeseclassic.com

www.burmeseclassic.com

ထားသော လမ်းအတိုင်း နောက်လိုက်နောက်ပါ အပြည့်အစုံနှင့် သိုက်ညိုမှာ တစ်လှမ်းချင်း ဝင်လာသည်။

ဘယ်အချိန်ကတည်းက ချပေးလိုက်သည်မသိ။ သူကြီးရှိရာနှင့် မလှမ်းမကမ်းမှာ ကြိမ်ကုလားထိုင်တစ်လုံး၊ လေးဆယ်ကျော်အရွယ်ပင် ရှိသေးတာမို့ သိုက်ညိုဟိတ်ဟန်မှာ အကောင်းဆုံးအချိန်ဟု ပြောရသည်။ သူကြီးကို လှမ်းကြည့်တော့ တစ်လှမ်းချင်းလျှောက်လာသော သိုက်ညိုကိုကြည့်ပြီး ထိုင်ရမလို ထရမလို။

သူကြီးကိုကျော်ကာ သူ့အတွက်ချပေးထားသော ကြိမ်ထိုင်ခုံမှာ သွားထိုင်သည်။ ဝေလအပါအဝင် နောက်လိုက်နောက်ပါလေးယောက်က သိုက်ညိုနောက်မှာ ရံလျက်ရပ်ကြ၏။ ထိုင်ခုံတွင် ထိုင်ပြီးတော့မှ သူကြီးကို လက်လှမ်းပြသည်။

"ရပြီ ပြောတော့"

ဟူသည့်သဘော။

ဒီတော့မှ သူကြီးလည်း ခပ်ကုပ်ကုပ် မတ်တတ်ရပ်ကာ . . .

"ခင်ဗျားတို့ကို မောင်းခတ်လူစုခေါ်ရတဲ့ အကြောင်းအရင်းက ကျုပ်တို့ရွာမှာ အဆက်မပြတ်လူတွေ သေဆုံးမှုနဲ့ပတ်သက်ပြီး ဆွေးနွေးချင်လို့ပဲ။ မနေ့ကထိ ရွာမှာ (၆) ယောက်တိတိ သေပြီသွားပြီ။ (၆) ယောက်လုံးက တစ်ယောက်ပြီးလို့မှ ရက်မလည်ခင် နောက်တစ်ယောက် သေကြတာ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ရွာလုံးလည်း ထိတ်လန့်ချောက်ချားနေကြတာ ကျုပ်သိတယ်။ အမှန်အတိုင်းပြောရရင် ကျုပ်လည်း ဒီကိစ္စကို သိပ်မသင်္ကာချင်ဘူး။ အဲဒါကြောင့် ခင်ဗျားတို့ကိုခေါ်ပြီး ဆွေးနွေးရတာပဲ"

တစ်ရွာလုံးမှာ တိတ်ဆိတ်နေ၏။ သူကြီးက စကားကိုရပ်ပြီး အားလုံးကို ဝေ့ကြည့်သည်။ ပြီးတော့ . . .



"အဆက်မပြတ်လူသေမှုကို ခင်ဗျားတို့ ဘယ်လိုထင်လဲ။ ခင်ဗျားတို့မြင်တဲ့အတိုင်း လွတ်လွတ်လပ်လပ် ဆွေးနွေးပါ။ အဲဒီထဲကနေမှ အကောင်းဆုံး အဖြေတစ်ခုကို ကျုပ်တို့ စုပေါင်းထုတ်ဖော်ကြမယ်။ ပြီးရင် ရရှိလာတဲ့အဖြေအတိုင်း ကာကွယ်ဆောင်ရွက်ကြမယ်ဆိုရင် အခုလို လူသေကပ်ဆိုးက ကျော်သွားနိုင်လိမ့်မယ်လို့ ကျုပ်ထင်တယ်"

စကားဆုံးတော့ သူကြီးက သိုက်ညိုဘက် လှည့်ကြည့်သည်။ သူပြောဆိုမှု အဆင်ပြေရဲ့လားဟူသည့် သဘောဖြစ်နိုင်ပါသည်။ သိုက်ညိုက ခေါင်းတစ်ချက်ညိတ်ပြကာ . . .

"ကျုပ် ရှင်းရှင်းပဲ ပြောမယ်ဗျာ။ အခုလို လူတွေ ဆက်တိုက်သေနေတာ ဘာကြောင့်လို့ ခင်ဗျားတို့ထင်လဲ။ ကိုယ်ထင်တာ ကိုယ်ထ ဆွေးနွေးကြ။ ဒါပဲ"

စကားက မာန်ပါ၏။ ပြတ်သား၏။ သို့သော်လည်း မည်သူမှ ထမပြောရဲကြပါ။ အင်းမလှုပ်၊ အဲမလှုပ်၊ ဖြစ်နေကြသော ရွာသားအပေါင်းကို ကြည့်ပြီး သိုက်ညိုက ဘဝင်မကျသလို။

"ဘာလုပ်နေကြတာလဲ၊ ထပြောကြလေ။ ခင်ဗျားတို့ ပါးစပ်ပါကြဘူးလား"

ခပ်ငေါက်ငေါက်ထပ်အော်တော့ ရှေ့ပိုင်းဆီမှ ရွာသားတစ်ဦး မတ်တတ်ရပ်လာသည်။

"ကျွန်တော်ကတော့ ရွာမှာ မကောင်းတဲ့ အမှောင့်ပယောဂတွေ ကပ်ငြိနေတယ်လို့ ထင်ပါတယ်"

"ဘယ်လိုမျိုးလဲ"

သူကြီးက မျက်မှောင်ကြုတ်ကာမေးတော့ . . .

"စုန်းတို့ . . . ကဝေတို့ ပြုစားထားတာမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုကြောင့် ပြောတာလဲ"

"လူတွေ အဆက်မပြတ်သေနေတာ သက်သေပဲလေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ လုပ်ဆောင်မှုမပါဘဲ သူ့ဟာသူ အချိ ကိုက်သေဆုံးကြတာ။ ဒါကိုကြည့်ရင် ကျွန်တော်တို့မမြင်နိုင်တဲ့ အနော ပယောဂတွေ ရွာမှာ ကပ်ငြိနေတယ်ဆိုတာသေချာတယ်"

သူကြီးက သိုက်ညိုဘက်ကို တစ်ချက်လှမ်းကြည့်သည်။ ထို နေသူတွေမှာလည်း တင်ပြဆွေးနွေးသော စကားနဲ့ပတ်သက်၍ တီးတိုး ဝေဖန်ကုန်ကြသည်။ သိုက်ညိုက . . .

"ဟုတ်ပါပြီ . . . ထားပါတော့။ မင်းပြောသလိုဆို ရွာ နောက်ထပ်လူတွေ ဆက်မသေအောင် ဘယ်လိုကာကွယ်ရင်ရမလဲ"

ထိုလူ မပြောနိုင်တော့။ သူ ထင်မြင်သလို တင်ပြခြင်းဖြစ်ပြီး ကာကွယ်ရန်အဖြေတော့ သူ့မှာရှိပုံမရပါ။ ဒါပေမဲ့ . . .

"ကျုပ်ကတော့ . . . တောစောင့်နတ်၊ တောင်စောင့်နတ်တွေ ကို ပူဇော်ပသသင့်တယ်လို့ ထင်တယ်"

နောက်တစ်ယောက်ထလာသည်။ သူကြီးက . . .

"ငါတို့ ပူဇော်ပြီးပြီလေ"

"ဒါပေမဲ့ လူသေတာ ရပ်မသွားဘူးလေ။ ပူဇော်ပြီးသွားပေမဲ့ လူတွေ ဆက်သေနေတာပဲ။ ခုနပြောသလိုသာ ကျုပ်တို့ရွာကို စုန်းတွေ ကဝေတွေ ပြုစားထားတာမှန်ရင် အဲဒီအန္တရာယ်ကို ကာကွယ်ပေးနိုင်တာ တော့ တောင်စောင့်နတ်တွေပဲရှိတယ်"

"ပူဇော်ထားတာပဲ . . . သူတို့မှ မတတ်နိုင်တာ"

နီးစပ်ရာ တစ်ယောက်က ထပြောပြန်သည်။ ပထမပြောသူ က . . .



"ကျုပ်တို့တွေ ပူဇော်တုန်းက တစ်ခုခု မှားထားလို့နေမှာပေါ့။ ဒါကြောင့် ပူဇော်တာ အထမမြောက်ဘဲ လူတွေ ထပ်သေနေတာဖြစ် မယ်။ ကျုပ် သဘောကတော့ နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်သင့် တယ်လို့ထင်တယ်။ နတ်တွေ ပူဇော်လို့ အကျိုးမမဲ့ပါဘူး"

တစ်ယောက်တစ်ပေါက် ဆူညံသွားကြပြန်၏။ လက်ခံသူတွေ မလက်ခံသူတွေ တီးတိုးငြင်းခုန်ကုန်ကြသည်။ ထိုစဉ်မှာပဲ . . .

"ခင်ဗျားတို့ပြောတာ တစ်ခုမှမဟုတ်ဘူး"

"ဟင် . . ."

အရှေ့ဆီမှ ထွက်လာသော အသံကြီးတစ်ခုကြောင့် အားလုံး ၏အကြည့်တွေ ရှေ့တူရူကို စုပြုံသွားစဉ် . . .

သိုက်ညို နောက်တွင်ရပ်နေသူ တပည့်တစ်ဦးမှာ ဒေါနဲ့မောနဲ့ ရှေ့ထွက်လာပြီး . . .

"ဘာစုန်းတွေ၊ ကဝေတွေမှ တိုက်ထားတာမဟုတ်ဘူး။ နတ် တွေ ပူဇော်တာမှားလို့လည်း မဟုတ်ဘူး။ အမှန်တော့ အခုလို လူတွေ ဆက်တိုက်သေဆုံးအောင် တစ်စုံတစ်ယောက်၊ ဒါမှမဟုတ် အစုဖွဲ့တစ်ခု က အကွက်ချစီစဉ်ထားတာ"

"ဟင် . . ."

"ဟာ . . ."

ထိုလူစကားကြောင့် ကြားရသူအပေါင်းမှာ အံ့ဩသွားကြ၏။

"အခုသေပြီးသွားတဲ့ လူတွေကို ကြည့်စမ်း။ ဘယ်သူတွေလဲ။ သူရကြီးခြံထဲက တပည့်တွေနဲ့၊ အစ်ကိုလေး မှိုင်းညိုဆီက အလုပ်သမား တွေချည်းပဲ။ ဒါဟာ ကျုပ်တို့ကို မကျေနပ်တဲ့လူတွေက အကွက်ချလုပ် ကြထားတာ။ တခြားဟာမဟုတ်ဘူး။

သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တိတ်စမ်း"

သိုက်ညိုရဲ့ တားမြစ်သံနောက်မှာ 'ဖြန်း'ခနဲ ဝေလက ထိုလူကို ပါးဆွဲရိုက်သည်။ ပြောသူမှာ ပုံခနဲ မြေပေါ် ကျသွား၏။ ပြီး . . . ကြောက်ကြောက်လန့်လန့်နှင့် လေးဘက်ထောက်ကာ သိုက်ညိုခြေရင်းကို ပြေးလာပြီး . . .

"ကျွန်တော့်ကို ခွင့်လွှတ်ပါ . . . ဆရာကြီးရယ်၊ ကျွန်တော် မခံနိုင်လွန်းလို့ပါ။ ကျွန်တော် တောင်းပန်ပါတယ်"

သိုက်ညိုက ပါးစပ်မှမပြော။ မျက်လုံးနဲ့ တစ်ချက်ဖြတ်ကြည့်သည်။ ထိုလူမှာ ဒူးထောက်နေရာမှ ကပျာကယာထပြီး မူလနေရာတွင် အပြေးသွားရပ်၏။ ထိုအခြင်းအရာကိုကြည့်ပြီး အားလုံးမှာ ခဏတာ မှင်တက်သွားပါ၏။

ထင်ကျော်က သူဘက်လှည့်ကာ နှုတ်ခမ်းမဲ့ပြသည်။ စည်သူ ပခုံးသာ တွန်းမိလိုက်ပါ၏။ လူလူချင်း အုပ်ချုပ်ပုံက ကြမ်းလွန်းလှပါသည်။ သိုက်ညိုက ပွဲပြန်စရန် လက်တစ်ဖက်ထောင်ပြသော်လည်း ရွာသားများမှာ တော်တော်နဲ့ စကားသံထွက်မလာရဲတော့။

သူကြီးက အခြေအနေကို ဝင်ထိန်းသည်။

"ကဲ . . . ဘယ်သူတွေ ထပ်ဆွေးနွေးဦးမလဲ။ လွတ်လွတ်လပ်လပ်ပြောကြ။ ဒါမှ အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်မှာ"

ရွာသားများမှာ သူထနိုး၊ ငါထနိုးတစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ ဘယ်သူမှတော့ ထမလာသေး။ တော်တော်ကြီးကြာမှာ နောက်ဘက်မှ လှုပ်ရှားသံတစ်ခုကိုကြားရသည်။ စည်သူလှည့်ကြည့်လိုက်တော့ ရွာသားတစ်ဦး မတ်တတ်ရပ်နေသည်။

ပွဲမစခင်အချိန်းချင်း သတင်းကြားနာနေသော ရွာသားတစ်ဦးပါ။ သူကတော့ အနည်းငယ်ထူးဆန်းသည်။



"ကျွန်တော့်အမြင်ကို မပြောခင် သူကြီးကို နည်းနည်းမေးချင်ပါတယ်"

ရွာသားစကားကြောင့် သူကြီး မျက်လုံးပြူးသွား၏။

"ကိုသာလှနဲ့ တက်ပုတို့ရဲ့ ညကအဖြစ်အပျက်ကို ကျွန်တော်တို့ သေချာသိချင်ပါတယ်။ ကျွန်တော့်အမြင်က သူတို့နဲ့ ဆက်စပ်နေလို့ပါ"

တောင်းဆိုတော့လည်း သူကြီးမှာ လေးကန်စွာ မတ်တတ်ရပ်လာပြီး . . .

"ကျုပ်လည်း သေချာတော့ မသိဘူး။ တက်ပုက ညကတည်းက ကယောင်ကတမ်းတွေအော်ပြီး ဖျားနေပြီ။ သာလှက အရက်ပဲ ခွသောက်နေတယ်။ ဘာမှမေးလို့မရဘူး။ တက်ပု ကယောင်ကတမ်း . . . . . . အော်နေတာတွေထဲက ကျုပ်ကြားမိသလောက်ကိုတော့ ပြောပြမယ်။

မီးတွေ၊ မီးတွေ၊ ခြောက်သွေ့တောင်ကုန်းမှာ မီးတောက်ကြီးတွေဆိုတာပဲ . . . ထပ်တလဲလဲ အော်နေတယ်။ အရှေ့၊ အနောက်လွဲတာပဲ ကွာမယ်။ တက်ပုအကြောက်လွန်ပြီး အော်နေတာ အဲဒါတွေပဲ။ နောက်တစ်ခုက လူနာမည်တွေ"

"ဘယ်သူ့နာမည်တွေလဲ . . . သူကြီး"

သူကြီး အသက်ပြင်းကို ချ၏။

"သေပြီးသွားသူ (၆) ယောက်ရဲ့နာမည်တွေပဲ"

"ဟင် . . ."

"ဘုရားရေ . . ."

ထိုင်နေသူများအားလုံး ကြက်သီးဖြိုင်းဖြိုင်း ပွင့်မိသွားပြီး သကာလ . . .



www.burmeseclassic.com

www.burmeseclassic.com

“ကျန်ပါသေးတယ် . . . သူကြီး”

မိန်းမတစ်ဦး၏ အသံ။ ထွက်ပေါ်ရာနေရာက ညာဘက်အစွန်းဆုံးဆီမှာ

“ဟာ . . . တက်ပုအစ်မပါလား”

ရှေ့မှ ရွာသူတစ်ဦးက တီးတိုးရေရွတ်၏။ သူလည်း တက်ပုအစ်မဆိုသူကို သေချာကြည့်ကာ ဆက်ထွက်လာမည့်စကားကို နားစွင့်မိခိုက် . . .

“သေပြီးသွားသူတွေရဲ့ နာမည်ကိုခေါ်ပြီး သူတို့ကိုယ်မှာ မီးတွေ၊ သူတို့မီးလောင်ခံနေရတယ်လို့ ခဏခဏ ပြောနေပါတယ်”

“ကျွတ် . . .”

“ဘုရား . . . ဘုရား . . .”

အကုန်လုံး ဘုရားတကုန်ကြပါ၏။ ဒီတော့မှ ပထမဆုံး မေးခွန်းမေးသူ ရွာသားမှာ သူ့ထင်မြင်ချက်ကို ပြောတော့၏။

“ဒီစကားတွေအတိုင်းဆို သေပြီးသူတွေအားလုံး မကျွတ်မလွတ်ကြဘူးဆိုတာ သေချာပါတယ်။ ကျွန်တော် အကြံပေးချင်တာကတော့ သူတို့အားလုံးအတွက် တစ်ရွာလုံးစုပြီး အလှူအတန်းတစ်ခုခု လုပ်ပေးစေချင်တယ်။ အမျှအတန်းဝေပေးစေချင်ပါတယ်။ အဲလိုမှ သူတို့ ကျွတ်လွတ်ပြီး နောက်ဘဝကူးကြမှာပါ။ မဟုတ်ရင် ရွာခံလူတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ သူတို့ခြောက်လှန့်နေကြမယ်ဆိုရင် ကျွန်တော်တို့အားလုံးအတွက် ရေရှည်မှာ မကောင်းနိုင်ဘူး”

ဗုဒ္ဓဘာသာဝင်တစ်ယောက်ပေမို့ ထိုလူ စကားကိုတော့ လက်ခံသလို ရှိမိသည်။ ဒါပေမဲ့ ထိုကိစ္စမှာ အဓိက အကြောင်းရင်းတော့မဟုတ်။ သေဆုံးသွားသူတွေအတွက် အလှူပြု၊ အမျှအတန်းပေးဝေခြင်းသည် ဒုတိယအဆင့်မျှသာ။



ပထမအဆင့်သည်က ရှေ့မှာကျန်နေ၏။

အခု ဆွေးနွေးနေသော ပြဿနာ၏ အဓိက မေးခွန်းသည် လူတွေဘာကြောင့် အဆက်မပြတ်နေတာလဲ။ ထိုအချက်ပင်မဟုတ်ပါလား။

ထို့နောက်မှာတော့ တစ်ယောက်တစ်မျိုးစီ ထင်ရာမြင်ရာ ဆွေးနွေးကြတော့၏။ သို့ပေမဲ့ ဆွေးနွေးမှုတွေမှာ အမျိုးအစားကွဲပြားနေသည်ကြောင့် တိကျသော အဖြေတစ်ခုကို မပေးစွမ်းနိုင်ပါ။ နောက်ဆုံး၌ . .

သူကြီးမှာ ထိုင်ရာမှ တစ်နေရာကိုကြည့်ပြီး မတ်တတ်ထရပ်သည်။ ထူးခြားသွားသော သူကြီး၏ အပြုအမူကြောင့် ထိုင်နေသူများအားလုံးလည်း သူကြီးကြည့်ရာဆီလိုက်ကြည့်မိတော့ . . .

သူတို့ထိုင်နေရာ အစုအဝေး၏. . . နောက်ဘက်ခြံဝတွင် ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော အဘိုးအိုတစ်ဦး။ တောင်ဝှေးကိုထောက်ကာ ခါးကုန်းကုန်းဖြင့် မတ်တတ်ရပ်နေသည်။

“ဘကြီးမှို . . . ကျုပ်တို့ဆီလာတာလား”

သူကြီး၏အမေးကို ဘကြီးမှိုဆိုသူက ခေါင်းညိတ်ပြပါသည်။

“လာပါ . . . လာပါ . . . ဘကြီးမှို၊ ကြွပါ”

ဖိတ်ခေါ်သံဆုံးတော့ ခြံဝမှအဘိုးအိုမှာ တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း ခြံဝိုင်းတွင် ဝင်လာလေသည်။ ထိုင်နေသူများမှာ အဘိုးအိုကို လမ်းဖယ်ပေးကြ၏။ အဘိုးအိုမှာ အသက်တော်တော် ကြီးလှနေပေပြီ။ ရှစ်ဆယ်ဝန်းကျင်လောက်ပင် ရှိနေမည်လားမသိပါ။

အရှေ့ကိုရောက်တော့ သူကြီးက . . .

“ကျုပ် မောင်းထုသံကို ကြားတယ်မှတ်တယ်”

“ဟုတ်ပါ့ကွယ် . . . မင်းမောင်းသံကို ကြားပါတယ်။ လူတွေသေတာနဲ့ပတ်သက်ပြီး မင်းတို့ ဆွေးနွေးနေကြတယ်ကြားလို့ ရောက်လာတာပါ”



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ဆွေးနွေးတာကို လာနားထောင်တာလား . . . ဘကြီးမှို့"

ချပေးသောထိုင်ခုံမှာ ဘကြီးမှို့က တုန်တုန်ယင်ယင် ဝင်ထိုင်၏။ ပြီးတော့ . . .

"မဟုတ်ပါဘူးကွယ် . . . ငါသိထားတာလေး မင်းတို့ကို ပြော ပြချင်လို့ပါ"

"ဟင် . . ."

သူကြီး မျက်လုံးပြူးသွားသလို အခန့်သားထိုင်နေသော သိုက် ညိုလည်း ခါးမတ်သွားသည်။

"ပြော . . . ပြောပါ . . . ဘကြီးမှို့။ ဘကြီးမှို့ ဘာတွေသိထား လို့လဲ"

တစ်ရွာလုံး တိတ်ဆိတ်သွားလေပြီ။ ရှိနေသူတွေအားလုံး ဘကြီး မှို့ပြောမည့်စကားကို နားစိုက်လို့။

"ငါတို့ ဆယ့်လေးငါးနှစ်သားလောက်ကပေါ့။ ဒီရွာမှာပဲ အခု လို လူတွေ ဆက်တိုက်သေဖူးတယ်"

"ဗျာ . . ."

"ဟာ . . ."

အကုန်လုံး အံ့ဩသွားသည်။

"အဲ့တုန်းကများ ငါတို့ရွာကြီး ပျက်သွားပြီကို မှတ်တာ။ ရွာ ပြောင်းတဲ့လူတွေနဲ့၊ မြို့ကို အပြီးပြောင်းပြေးတဲ့လူတွေနဲ့၊ ရွာက ပျက်လု လုပဲ။ အခုအတိုင်းပဲ တစ်ယောက်သေလို့ ရက်မလည်ခင် နောက်တစ် ယောက် ဆက်သေတာ"

"ဘာဖြစ်လို့လဲ . . . ဘကြီးမှို့"



"ဘာကြောင့် သေရတာလဲ"

"ဘယ်လိုပြီးသွားလဲ"

စသော မေးခွန်းတွေ နေရာအနှံ့ဆီမှဆက်တိုက်ဆိုသလို ထွက် လာတော့ -

"ငါတို့တုန်းကတော့ သုသာန်မှာ နေရာမှားတာက စတာပဲ"

ဘကြီးမှို့စကားကြောင့် အကုန်လုံး ကြောင်တောင်တောင်ဖြစ် သွားကြသည်။

သူတို့ နားမလည်ပါ။ ခေါင်းတဆတ်ဆတ်ညိတ်နေရာမှ စကား သံထပ်ထွက်လာ၏။

"ဒီလိုကွ။ ရွာမှာ ပထမဆုံးလူစသေတဲ့ ညကပေါ့။ အသုဘ အိမ်ကကောင်တွေ မူးမူးရူးရူးနဲ့ သုသာန်ကိုသွားပြီး နောက်နေ့ ကျင်း တူးဖို့နေရာ သွားတောင်းကြတယ်။ သုဘရာဇာက ပေါက်တူးပေါက်ပြီး နေရာမှတ်ပေးလိုက်တယ်ကွ။

ဒါပေမဲ့ ညကြီးမိုးချုပ်ဖြစ်တဲ့အပြင် သူတို့ကလည်း အရက်မူး နေတော့ သုဘရာဇာပေးလိုက်တဲ့နေရာကို မမှတ်မိကြဘူး။ နောက်နေ့ ကျင်းသွားတူးတော့ ခပ်ပေါ့ပေါ့ပဲ။ နောက်နေရာ ပြောင်းတူးလိုက်ကြ တယ်။ သူတို့တူးထားတဲ့ နေရာမှာပဲ အလောင်းချလိုက်ကြတယ်ပေါ့ကွာ။

အဲက စပြီးရွာမှာ လူတွေ အဆက်မပြတ်သေတော့တာပဲ ကိုယ့် လူတို့ရေ . . . သေလိုက်ကြတာမှ ဆယ်လောင်း၊ ဆယ့်ငါးလောင်း ဖြစ် သွားတယ်။ တစ်ရွာလုံးလည်း ကြောက်လန့်ပြီး ရွာပြောင်းကြ၊ မြို့တက် ကြနဲ့ ရွာက ပျက်လုပျက်ခင်ပေါ့"

စည်သူ စိတ်ဝင်စားစွာ နားကို စွင့်ထားမိ၏။ ထင်ကျော်မှာ လည်း မလှုပ်မယှက် ကျန်သူအားလုံးမှာလည်း သူတို့အတိုင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"နောက်ဆုံး အခု မင်းတို့လုပ်သလိုပဲ ငါတို့ရွာသားတွေအားလုံး စုဝေးထိုင်ပင်ကြတယ်ပေါ့ကွာ။ လူတွေ ဆက်တိုက်သေဆုံးရတဲ့ အဖြေကို ရှာကြတယ်ပေါ့။ ကံကောင်းစွာနဲ့ပဲ တစ်ယောက်တစ်ခွန်း ဆွေးနွေးကြရင်းနဲ့ သုသာန်မှာ နေရာမှားသွားတဲ့အဖြစ်ကို သွားတွေ့တယ်"

"အဲ့ဒီတော့ . . ."

"ပထမဆုံးအလောင်းမြေသတ်မှတ်ထားတဲ့ နေရာမှာ အလောင်းကျပြီးသွားမှ ရွာမှာ လူသေရပ်သွားတယ်။ အဲ့ဒီနောက်ပိုင်းလည်း သမာစဉ်မဟုတ်ဘဲနဲ့ ရွာမှာ လူမသေတော့ဘူး။ အခု မင်းတို့လည်း ငါတို့ရင်ဆိုင်ခဲ့ရတဲ့ဒုက္ခမျိုး ကြုံနေရလို့ လာသတိပေးတာပါ။ ငါတို့လိုများ သုသာန်မှာ နေရာမှားထားကြလား"

တစ်ရွာလုံးက သူကြီးကို ဝိုင်းကြည့်၏။ သူကြီးကလည်း တစ်ရွာလုံးကို မျက်လုံးအပြူးသားနဲ့ ပြန်ကြည့်နေသည်။

အများနဲ့မတူ တစ်မူထူးနေသူ တစ်ယောက်ရှိ၏။

သိုက်ညို ပြုံးနေသည်။ (သို့)

ကျေနပ်နေသည်။



# XIV

ကြားရသော စကားတွေက သူ့စိတ်ကို ပြင်းပြင်းထန်ထန် စွဲဆောင်သွားပါသည်။ သူ တစ်ခါမှမကြားဖူးခဲ့။ သုသာန်တွင် နေရာမှားထားသည်တဲ့။ သုဘရာဇာသတ်မှတ်ပေးသော မြေနေရာတွင် အလောင်းမချမိသည့်အတွက် မူလနေရာသို့ အလောင်းမကျမချင်း ရွာမှာလူတွေ ဆက်တိုက်သေကြရသည်တဲ့။

ဘုရား . . . ဘုရား . . . ကြက်သီးထဖို့ ကောင်းလိုက်တာ။ ဘကြီးမှူတို့ အဖြေရသွားလို့သားပေါ့။ မဟုတ်ပါက လူတွေ ဘယ်လောက်များ ထပ်သေလိုက်ကြမည်မသိ။ ယခုရော . . .

ရွာတွင် အသက်ထက်ဆုံးနေလာသူ၊ အသက်ရှစ်ဆယ်ကျော် အဘိုးအိုတစ်ဦး၏ အတွေ့အကြုံမှ ထွက်သောစကားတွေကို စောဒကတက်ဝံ့သူ မရှိပါ။ ရှာဖွေမရသော အဖြေတစ်ခုပင် ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။ ဘကြီးမှူ့စကားအား ငြင်းပယ်သူမရှိ။

ထောက်ခံသူ၊ ဖြစ်နိုင်ချေများကြောင်း မှတ်ချက်ပေးသူတွေသာ ထွက်လာသည်။ ကပ်ဆိုးတစ်ခုမှ ကျော်လွှားနိုင်ရန် လမ်းစတွေ့ပြီမို့ ကြောက်လန့်တုန်လှုပ်နေကြသော မျက်နှာတွေ သက်သာရာရသွားကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲ စောင့်နေရသော မျက်နှာတွေ သွေးရောင်လွှမ်းလာ၏။

ငြင်းဆိုသူမရှိတော့ ထိုစကားမှာ အတည်ဖြစ်သွားခဲ့သည်။

သူကြီးက ကပ်ဆိုးကို ကာကွယ်ရန် ကာလသားများကို ချက်ချင်းပင် လူစုခွဲ၏။ ပထမတစ်ဖွဲ့က သူကြီးနှင့်အတူ အနုပင် သုသာန်သို့ သွားကြရန်ဖြစ်သည်။ နောက်တစ်ဖွဲ့က ယနေ့ညအတွက် ခြောက်သွေ့တောင်ကုန်းကို သွားစောင့်ကြည့်ရန်။

သာလှနှင့် တက်ပုတို့၏ ညကအဖြစ်ကြောင့် ရွာသူ/သားတွေ အကြီးအကျယ် ကြောက်လန့်နေကြပြီ မဟုတ်ပါလား။

တအောင့်ကြာတော့ သူကြီးနှင့် ရွာသားအချို့ ရွာပြင်သုသာန်သို့ ဦးတည်ထွက်ခွာကြလေတော့သည်။ စည်သူ ထိုအုပ်စုထဲတွင် ကိုယ့်သဘောနှင့်ကိုယ်လာမိ၏။ ထင်ကျော်ကတော့ ရွာသားတစ်ဦးနှင့်အတူ လန့်ဖျားဖျားနေသော တက်ပုကိုကြည့်ရန် လိုက်သွားပါသည်။

ရိုးမ ဆင်ခြေဖုံးရပ်ပေမို့ တောင်ကုန်းနိမ့်လေးတွေ လွန်စွာပေါလှ၏။ ထိုတောင်ကုန်းနိမ့်လေးများကို တစ်ခုပြီးတစ်ခုကျော်ကာ လူအချို့ ရွာပြင်သင်္ချိုင်းကို ဦးတည်သွားနေပါသည်။

ကုက္ကိုပင်ကြီးတစ်ပင် ဖြစ်တည်နေ၏။

ထိုအပင်ကြီးရဲ့ အောက်မှာ ဇရပ်လေးတစ်လုံးရှိသည်။ ပတ်ပတ်လည်မှာက မြေပုံအနိမ့်အမြင့်များနှင့် ရှားရှားပါးပါး အုတ်ဂူအချို့ကို လှမ်းကြည့်ပြီး စည်သူ စိတ်ဝင်စားစွာ ပါလာမိသည်။

နီးကပ်လာချိန်၌ ဇရပ်တွင်း လှဲအိပ်နေသောလူတစ်ဦးသဏ္ဍာန်လိုလိုကို မြင်ရ၏။ မြေပုံအစုအဝေးများကို ကျော်ကာ ဇရပ်တွင်းချင်း နင်းဝင်ရောက်မိစဉ်မှာတော့ . . .

"ဟေ့ကောင် . . . ပဋ္ဌာန် . . ထစမ်း"



သူကြီးက ဇရပ်ထိပ်မှာရပ်ရင်း ခပ်ငေါက်ငေါက် လှမ်းအော်လိုက်သည်။ စည်သူသေချာကြည့်မိတော့ ဆံပင်လိပ်လိပ်ခွေခွေဖြင့် ခန္ဓာကိုယ်ပိန်ပိန် ချေးအလိမ်းလိမ်းတက်နေသော လူတစ်ယောက်။

အင်္ကျီကျောကွဲဖြင့် ဇရပ်အုတ်ကြမ်းခင်းပေါ်မှာ လှဲအိပ်နေသည်။ သူကြီးခေါ်သံကြောင့် မျက်နှာကို တစ်ဖက်လှည့်ပြီး မှောက်လျက်အိပ်နေရာမှ မျက်နှာကို ဒီဘက်လှည့်လာသည်။ သို့ပေမဲ့ မျက်လုံးစုံမှိတ်ကာ အိပ်စက်နေတုန်း။

မျက်နှာမှာ အဆီတွေ ဝင်းပြောင်နေ၏။ အခုအခံမပါဘဲ လှဲအိပ်နေသည်ကြောင့် ပါးတစ်ခြမ်းမှာ အုတ်ကြမ်းခင်းရာတွေ ထင်နေသည်။

"ဟေ့ကောင် . . . ပဋ္ဌာန်၊ ထစမ်းလို့ ပြောနေတယ်"

ဒီတစ်ခါတော့ အသံပိုကျယ်လို့လားမသိ၊ မျက်လုံးတစ်လုံး ပွင့်လာသည်။

ပြီးတော့ . . .

"အသုဘ လာချကြတာလား။ ကျုပ် မအားသေးဘူး။ အိပ်နေတယ်။ စောင့်နိုင်ရင်စောင့် မစောင့်နိုင်ရင် ဇရပ်ခြေရင်းမှာ ပေါက်တူးရှိတယ်။ ကိုယ့်ဘာသာကျင်းတူးပြီး မြေမြှုပ်သွားကြချည်"

"ဟေ့ကောင် . . ပဋ္ဌာန် . . ."

အော်ငေါက်သံက ဇရပ်တွင်းမှာ ဟိန်းထွက်သွားသည်။ တယ်မသည်းဟုတ်တဲ့ သုဘရာဇာပါလားဟု စည်သူစိတ်တွင်းမှာ မှတ်ချက်ချမိသည်။

"ငါ ဘယ်သူလဲ ထကြည့်စမ်း။ ဒီခွေးကောင်တော့ ငါလုပ်ရင်ခံရတော့မှာပဲ"

ဒီတော့မှ မျက်လုံးနှစ်လုံးလုံး ပွင့်လာ၏။ ဒါပေမဲ့ ထမလာဘူး။ မှောက်အိပ်နေဆဲ။ မှောက်လျက်မှပင် မျက်လုံးကို အပေါ်ဘက်လှမ်းကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . . သူကြီးပဲ"

သူကြီးက ခါးကိုယောက်ကာ ဒေါနဲ့မောနဲ့ ငုံ့ကြည့်နေတော့–

"ဒီမှာ . . . သူကြီး၊ ကျုပ်နဲ့စကားပြောရင် လေသံကို ထိန်းပြောပါ။ ခင်ဗျားက တစ်ရွာလုံးကို အုပ်ချုပ်ရတဲ့ သူကြီးဖြစ်သလို ကျုပ်က လည်း ဒီသုသာန်ကြီးတစ်ခုလုံးကို ထိန်းချုပ်ကွပ်ကဲရတဲ့ သုဘရာဇာ တစ်ယောက်ပဲ။ အဲတော့ ခင်ဗျားနဲ့ကျုပ် ဂုဏ်ရည်တူတယ်။ ခင်ဗျားက လူတွေကို အုပ်ချုပ်တယ်။ ကျုပ်က အလောင်းတွေကို အုပ်ချုပ်တယ်။ ဒါပဲကွာတာ"

"တောက် . . . ဒီကောင်တော့ကွာ"

သူကြီးမှာ ဒေါသကိုမထိန်းနိုင်ဘဲ ဖနောင့်ဖြင့်ပေါက်ရန် ပုဆိုးကိုဆွဲမတော့ . . .

ဝိုင်းဆွဲရပါသည်။ စည်သူကတော့ တစ်ခွန်းမခံ ပြန်ပြောရန် မဟုတ်။သူကြီးနဲ့သူ ဂုဏ်ရည်အတူတူဟုပင် ပြောရဲသော သုဘရာဇာအား လေးစားအထင်ကြီးသွားရသည်။ သူကြီးပုံစံကို ကြည့်ပြီး . . .

"ဟိုးဟိုး . . . တယ်လည်း ဒေါသကြီးတာကိုး။ အေးပေါ့လေ လူတွေအုပ်ချုပ်ရတဲ့ လူဆိုတော့ လူတွေထက် ပိုမိုက်မှရမှာပေါ့"

သူကြီးကို တော်တော်ပင် ထိန်းလိုက်ရ၏။ သူပြောချင်ရာ ပြောပြီး လှဲအိပ်နေရာမှ ထထိုင်သည်။ ထိုအခါတွင် ဗိုက်အောက်မှ အရက်ဖြူတစ်ပုလင်း ထွက်လာသည်ကို တွေ့ရ၏။ သူကြီးနောက်တွင်ပါလာသူတွေက အရေအတွက် တော်တော်များသည်။

သို့ပေမဲ့ သုဘရာဇာမှာ သူကြီးအပါအဝင် မည်သူ့ကိုမျှ ဂရုစိုက်ပုံမပေါ်။ ကြောက်ရွံ့ထိတ်လန့်ပုံမပေါ်။ ခပ်တည်တည်ဖြင့် ထထိုင်ပြီး . . .



"ကဲ . . . ဆိုစမ်းပါဦး။ ကျုပ်ရဲ့ နေရာထိုင်ခင်းကို အုပ်လိုက်ပြီး ရောက်လာရတဲ့ကိစ္စ"

"ခင်ဗျား . . . အလောင်းတွေကို မြေနေရာ မှားချထားလား သိချင်လို့ မေးတာ"

သူကြီးနောက်မှ လူတစ်ယောက်က သည်းမခံနိုင်သလို ဝင်ပြောသည်။ သုဘရာဇာမှာ ထိုလူ့အား မျက်မှောင်ကြုတ်ကာ ကြည့်ပြီး . . .

"နေစမ်းပါဦး။ ဒီသချိုင်းမြေမှာ ဘယ်သူက ဘယ်နေရာဆိုပြီး သတ်မှတ်ထိုး အကွက်ချထားတာများ တွေ့လို့လား"

မေးသူမှာ မျက်နှာမည်းသွား၏။ သုဘရာဇာစကားအား တုံ့ပြန်ပြောဆိုရန် စကားလုံးမဲ့သွားပြီမဟုတ်ပါလား။ ဒီတော့မှ အခြေအနေကို သဘောပေါက်စွာ နောက်တစ်ယောက်က အေးအေးဝင်ပြောသည်။

"ဒီလို . . . ကိုပဌာန်ကြီး"

နာမည်မှာ ကျနလှ၏။ လူနဲ့လိုက်ဖက်စွာ နာမည်က ပဌာန်ကြီးတဲ့။

"အခု ကျုပ်တို့ရွာမှာ လူတွေ အဆက်မပြတ်သေနေတာ သိသလားမသိဘူးလား"

"ခဏလေး . . ."

ပဌာန်ကြီးဆိုသူက လက်ကကာ အရက်ဖြူပုလင်းဖော့ဆို့ကို ဖွင့်သည်။ ပြီး တစ်ငုံမော့သောက်ကာ . . .

"ရှီး . . . ကောင်းလိုက်တာ။ အခုမှပဲ ခေါင်းကြည်သွားတယ်။ ကဲ . . . ပြောတော့ . . ."

ပုံစံက လုံးဝကို အမြင်ကတ်ဖွယ်ပင်။ ဒါပေမဲ့ သည်းခံ၍ပင်–

"အခုလို အဆက်မပြတ် လူသေမှုက ကျုပ်တို့ရွာမှာ ဟိုးအရင်တုန်းက တစ်ခါဖြစ်ခဲ့ဖူးတယ်။ အဲဒီတုန်းက သုသာန်မှာ အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com

နေရာမှားချလို့ ဖြစ်တာ။ အလောင်းမြေချဖို့ သတ်မှတ်ထားတဲ့နေရာ မဟုတ်ဘဲ နောက်တစ်နေရာမှာ ပြောင်းချမိလို့ လူတွေ ဆက်တိုက်သေကြတာ။ ပထမဆုံးသတ်မှတ်ထားတဲ့ မြေနေရာကို အလောင်းကျမှပဲ လူသေတာ ရပ်သွားတယ်"

"အဲဒီတော့ . . ."

"ခင်ဗျားလည်း အဲလိုနေရာမှားမိသေးလား . . . လာမေးတာပါ"

ပဉ္စင်းကြီးမှာ အရက်ကို တစ်ငုံထပ်မော့ပြန်သည်။ ပြီးတော့—

"ခင်ဗျားတို့က ရွာအမှု ဘုန်းကြီးလာပတ်ကြတာပေါ့"

သူကြီးမှာ သည်းမခံနိုင်တော့ပေ။

"ခွေးလို ပြန်ပြန်ကိုက်နေတဲ့ကောင်။ မင်းကို ရွာမှာမထားတော့ဘူး"

ပဉ္စင်းကြီးက တဟားဟား အော်ရယ်သည်။

"သေချာလည်းပြောပါ . . . သူကြီး။ ကျုပ်က ခင်ဗျားရွာမှာနေတာ ဟုတ်လို့လား။ ဒါက ရွာပြင်သင်္ချိုင်း။ ခင်ဗျားပိုင်တဲ့နေရာ မဟုတ်ဘူး"

ပြောပြီး ရယ်ပြန်သည်။ သူကြီးနှင့် အပေါင်းအပါတစ်စုမှာ သုဘရာဇာအား ပြန်မပြောနိုင်အောင် ရှိတော့၏။ ခုနပြောသူကပင် သင်္ချိုင်း ပြင်းကိုချကာ ထပ်မံ ရိုကျိုးသောအမူအရာဖြင့် . . .

"ခင်ဗျားကို အပြစ်ပုံချတာ မဟုတ်ပါဘူး။ အကူအညီတောင်းတာပါ။ ခင်ဗျားမှားခဲ့ရင်လည်း . . ."

"ကျုပ် မသိဘူး"

"ဗျာ . . ."



ပဉ္စင်းကြီးက မည်သူ့ကိုမှ ဂရုမစိုက်စွာ ခပ်ပြတ်ပြတ်ပြော၏။ ရှိနေသူအားလုံးမှာ သူ့အား အဓိပ္ပာယ်မျိုးစုံဖြင့် ဝိုင်းကြည့်ကြပါသည်။

"ခင်ဗျားတို့ရွာမှာ လူသေတာ ဘယ်နှလောင်းရှိပြီလဲ"

"ခြောက်လောင်း"

"ပထမဆုံးသေတာ ဘယ်သူလဲ"

ရွာသားများမှာ ချက်ချင်းမဖြေနိုင်။ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြည့်ကြသည်။ ရွာသားများပုံစံကို ကြည့်ပြီး . . .

"ခင်ဗျားတို့တောင် အရင်ဆုံးသေတာ ဘယ်သူလဲ မမှတ်မိတာ အဲ့ဒီအလောင်းကို ကျုပ် ဘယ်နေရာချမိလဲ ဘယ်လိုလုပ်သိတော့မှာလဲ"

"ဖိုးပိန်"

နောက်ဖက်မှ ခပ်တိုးတိုးအသံတစ်ခု ထွက်လာသည်။ ဒီတော့မှ အားလုံးဝိုင်းပြီး . . .

"ဟုတ်တယ် . . . ပထမဆုံးသေတာ ဖိုးပိန်။ ငှက်ဖျားတက်ပြီးသေတာ . . . ဟုတ်တယ်"

ကြားရသော စကားများကြောင့် သုဘရာဇာ မျက်မှောင်ကျုံ့သွားပြီး . . .

"ပထမဆုံးသေတဲ့ အလောင်းက ငှက်ဖျားတက်လို့သေတဲ့ အလောင်းလား"

"ဟုတ်တယ်လေ။ ဖိုးပိန်က ငှက်ဖျားတက်ပြီး သေတာ"

"ဒါဆိုရင်တော့ ခင်ဗျားတို့ လွဲသွားပြီ။ အဲ့ဒီအလောင်းကို ချတာ ကျုပ်မဟုတ်ဘူး"

"ဘာ . . ."

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

အာမေခိုတ်သံများ ဇရပ်လေးတွင်း ဆူညံသွားပါသည်။ စည်သူကိုယ်တိုင်ပင် အံ့သြသွားမိပါ၏။ သုဘရာဇာလုပ်နေသူက အလောင်းမချရင် ဘယ်သူချတာနည်း။

"ဒါဆို ဖိုးပိန်ကို ဘယ်သူချတာလဲ"

"ကျုပ်တို့ချတာ . . ."

နောက်ဖက်ဆီမှ ထွက်လာသော အသံကြောင့် သူတို့ခေါင်းတွေနောက်သို့လှည့်သွားစဉ် . . .

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော လူနှစ်ယောက်။ တိတိကျကျပြောရပါက သိုက်ညို၏ တပည့်နှစ်ဦး။ ခုနကတင် သိုက်ညိုနောက်မှာ ရှိနေသေးသည်။

"ဖိုးပိန်အလောင်းကို ကျုပ်တို့ မြေချတာ။ ဒါပေမဲ့ သူသတ်မှတ်ပေးခဲ့တဲ့နေရာမှာပဲ ချတာ"

ပထမတစ်ယောက်ရဲ့ စကားကို နောက်တစ်ယောက်က ဖြည့်စွက်သည်။

"ဟုတ်တယ် . . .။ သူတိုင်စိုက်ပေးခဲ့တဲ့ နေရာမှာပဲ ကျုပ်တို့ကျင်းတူးပြီး အလောင်းမြေမြှုပ်ခဲ့တာ"

ပြောရင်း နှစ်ယောက်သား ဇရပ်တွင်းသို့ ဝင်လာပါသည်။

"ကျုပ်က ကျင်းတူးဖို့ တိုင်စိုက်ပေးခဲ့တယ်။ မှတ်စ . . ."

"ဟုတ်တယ်လေ . . . ခင်ဗျား ဝါးချွန်နဲ့ စိုက်ပေးသွားတာ"

ပဉ္စာန်ကြီးမှာ မျက်လုံးပြူးသွားပြီး . . .

"ကျုပ် မစိုက်ပေးပါဘူး"

"ဘာဗျ . . ."

"ဟေ . . ."



ဒုတိယမွှ အံ့သြရပြန်ပါပြီ။ ပဉ္စာန်ကြီးရဲ့ တုံ့ပြန်စကားက အားလုံးစိုးရိမ်နေသော သံသယတစ်ခုကို ဦးတည်လိုက်သလို။ စည်သူလည်း နှစ်ဖက်စကားများကို နားထောင်ပြီး စိတ်ဝင်စားသွားချေပြီ။ သိုက်ညိုတပည့်တွေပေမို့ သူတို့အချင်းချင်း သင့်ကြိုက်ကြတာ မထူးဆန်း။ ဒါပေမဲ့ . . .

"နေဦး . . . နေဦး . . . ရှင်းအောင်လုပ်ကြ၊ ဒါသမကြီးကြနဲ့။ ဒီအရေးက ပေါ့သေးသေးမဟုတ်ဘူး"

သူကြီးရဲ့ တားမြစ်သံကြောင့် သိုက်ညိုတပည့်နှစ်ဦးမှာ ကိုယ်ရှိန်တန့်သွားသည်။

"ကဲ . . . ပဉ္စာန်ကြီး၊ ဘယ်လိုဖြစ်တာလဲ။ မင်းပဲပြောပါဦး"

ပဉ္စာန်ကြီးမှာ လက်ထဲမှ အရက်ပုလင်းအား ပါးစပ်တွင်တေ့ပြီး မော့ချပြန်ပါသည်။ ပြီးတော့မှ နှုတ်ခမ်းကို လက်ခုံနဲ့သုတ်ပြီး . . .

"အဲဒီနေ့ညနေက ဒီနှစ်ကောင်ပဲလား မသိဘူး။ သူတို့ခြံထဲက လူတစ်ယောက်ငှက်ဖျား တက်သေလို့ မြေနေရာလာတောင်းတယ်။ ညမိုးချုပ်ခါနီးနေပြီ။ ကျုပ်ကလည်း မူးနေတယ်။ နေရာမှတ်ထားပေးမယ် မနက်မှ လာတူးဆိုပြီး သူတို့ကို ပြန်လွှတ်လိုက်တယ်။

ပြီးတော့ ညတွင်းချင်းပဲ မနက် သူတို့လာရင် တူးဖို့ ပေါက်တူးနဲ့ မြေယုက်ပေးထားခဲ့တာ။ ကျုပ်ကတော့ မိုးမလင်းခင် အဖော်ကောင်းဆီ တောတက်လိုက်သွားတယ်။ ကျန်တာတော့ ကျုပ်မသိတော့ဘူး"

အားလုံးရဲ့ မျက်လုံးတွေက သိုက်ညိုတပည့်နှစ်ဦးဆီ ရောက်သွားပါ၏။ ထိုအခါမှာ . . .

"ဟာ . . . ခင်ဗျား ဝါးတိုင်စိုက်ပေးခဲ့တာ မဟုတ်ဘူးလား"

ပဉ္စာန်ကြီးက ခေါင်းယမ်းရုံရမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး . . . ကျုပ်တို့တူးဖို့ မြေနေရာကို ခင်ဗျား ဝါးတိုင် စိုက်မှတ်ထားပေးခဲ့တယ်ထင်လို့ အဲဒီမှာပဲ အလောင်းမြှုပ်လိုက်တာ"

ပြီးလေပြီ။ တရားခံကို တွေ့ပါပြီ။ ရွာမှာ လူတွေ ဆက်တိုက် သေရသော အကြောင်းရင်းသည် ထိုကိစ္စကလွဲပြီး ကျန်တာ မဖြစ်နိုင်တော့။

"ဒါဆို ဘကြီးမှုံတို့တုန်းက အတိုင်းပဲ ဖြစ်တာပေါ့"

"ဟုတ်တယ် . . ."

ထောက်ခံစကားများကို လက်ကာကာ သူကြီးက . . .

"ဝါးတိုင်က ဘယ်သူစိုက်တာလဲ"

ခက်ထန်သော သူကြီးရဲ့အမေးကို . . .

"မင်းတို့တွေ့တဲ့ ဝါးတိုင်က ဘယ်လိုပုံစံမျိုးလဲ"

ပဍ္ဍာန်ကြီးက သိုက်ညိုတပည့်နှစ်ဦးအား ထပ်မံ မေးခွန်းထုတ်သည်။

"တစ်တောင် မရှိတရှိ . . . အဖျားချွန်နဲ့ ကျုပ်လုံးလောက်ရှိမယ်"

ပဍ္ဍာန်ကြီးက ဟက်ခနဲ ရယ်၍ . . .

"လွဲပြန်ပြီ။ အဲဒါက မင်းတို့ရွာထဲက ကလေးတွေ ဒီမှာ နွားလာကျောင်းပြီး နွားလှန်ဖို့ စိုက်ထားတဲ့ ဝါးချွန်ဖြစ်မယ်"

ရှင်းလေပြီ။ ဒီလိုဆိုပါက လိုချင်သောအဖြေမှာ ပဍ္ဍာန်ကြီးဆီ၌သာ ရှိတော့၏။

"ခင်ဗျားမှတ်ပေးခဲ့တဲ့ နေရာက ဘယ်နေရာလဲ . . ."

အလျင်စလို ထွက်လာသော မေးခွန်းတစ်ခုအား . . .

"ကျုပ် မသိတော့ဘူး"



"ဘာကွ . . ."

သူကြီး ထအော်ပေမဲ့ . . .

"ကျုပ်က မူးနေတာလေ။ နောက်ပြီး မြေယှက်ပေးခဲ့တာ ညမိုးချုပ် . . . ဘယ်လိုလုပ် မှတ်မိတော့မှာလဲ"

ပဍ္ဍာန်ကြီးမှာ မခိုးမခန့်ပြုံးရင်း နီးစပ်ရာ အုတ်ဂူတစ်လုံးပေါ် သွားထိုင်သည်။ အားလုံးမှာ ပါးစပ် အဟောင်းသား။ ထိပေါက်ပြီး ထိုလက်မှတ်ပျောက်သလို (သို့) ဆင်ပြောင်ကြီးအမြီးမှ တစ်ဆို့သွားသလို။

"ဒါပေမဲ့ မပူပါနဲ့လေ။ ကျုပ်မကယ်ရင် တစ်ရွာလုံး သေဖွယ်ရှိလေတော့ ကျုပ်စဉ်းစားထားပေးပါ့မယ်။ ဟား . . . ဟား . . . ဟား"

သူကြီးကို လှည့်ကြည့်ပြီး ခြောက်ကပ်ကပ်ရယ်သည်။ ပြီးတော့ လက်ထဲမှ အရက်ပုလင်းကို မြှောက်ကြည့်ကာ . . .

"ခက်တော့ ခက်သားဗျ။ ကျုပ်မှာ လက်ကျန်က ဒါပဲရှိတော့တယ်။ ကျုပ်ဦးနှောက်ကလည်း ဒါလေးမှမဝင်ရင် အလုပ်သိပ်လုပ်တာ မဟုတ်ဘူး။ ခွိး . . . ခွိး . . . ခွိး . . ."

တခွိးခွိးရယ်ကာ မြေကြီးပေါ် ဖင်ထိုင်ချပြီး ခေါင်းကို အုတ်ဂူပေါ် လှန်တင်ထား၏။ ပြီး အရက်ပုလင်းအား သွားဖြင့်ကိုက်ကာ ကိုယ့်ပါးစပ်တွင် ဇောက်ထိုးစိုက်ထားသည်။

အရက်ဖြူတွေက ခံတွင်းထဲပင်မဟုတ် မေးစေ့နှင့် လည်ပင်းပေါ်သို့ပါ စီးကျလာ၏။

သူကြီးက တောက်တစ်ချက်ကို ပြင်းပြင်းခေါက်ကာ . . .

"တောက် . . . ဒီကောင့်ကို အရက်ဝယ်ပေးလိုက်ကြစမ်း"

ပြောပြီး ဆောင့်ငင်ဆောင့်ငင်ဖြင့် ဇရပ်အတွင်းမှ ထွက်သွားပါတော့သည်။ သူကြီးပြန်တော့ ရွာကာလသားတွေမှာလည်း နောက်မှ



www.burmeseclassic.com

www.burmeseclassic.com

သုတ်သုတ်လိုက်၏။ သူတို့တွေ သုဘရာဇာပဋ္ဌာန်ကြီးအား အရက်လာ ဆက်ရဦးမည် မဟုတ်ပါလား။

"သူကြီး . . . များများလေးတော့ လုပ်နော်။ ခင်ဗျားတို့တစ်ရွာလုံးရဲ့အသက်က ကျုပ်ရဲ့ မှတ်ဉာဏ်လေးပေါ်မှာပဲ မူတည်နေတယ်။ ဟား . . . ဟား . . . ခွီး . . . ခွီး . . ."

ဒါပေမဲ့ နောက်ဆုံးမှလိုက်ပြန်သည့် သူ့ကိုတော့ . . .

"ဟေ့ကောင် . . . ရွာကိုလာလည်တဲ့ ဆရာဝန်သူငယ်ချင်းဆိုတာ မင်းလား"

စည်သူ ခေါင်းညိတ်ပြတော့ . . .

"မင်းကတော့ မြေဇာပင်ဖြစ်ဦးမယ်"

သူ နားမလည်ခဲ့ပါ။

ပြီးတော့ သုသာန်တွင် နေသူတစ်ယောက်၏ နား၊ မျက်စိဖွင့်ထားမှုကိုလည်း အံ့ဩမိသည်။



# XV

ထိုညက . . .

ရွာကာလသားတချို့ သူကြီးရဲ့ ခိုင်းစေမှုကြောင့် ခြောက်သွေ့တောင်ကုန်းအနီးတဝိုက်တွင် ကင်းပုန်းဝပ်ခဲ့ကြပါသည်။

မီးလျှံတွေ တလူလူတက်ခဲ့သည်ဟူသော ခြောက်သွေ့တောင်ကုန်းမှာ ယခုတော့ တိတ်လို့၊ ဆိတ်လို့၊ အေးချမ်းလို့။

မီးလျှံတွေ၊ မီးတောက်တွေ ထဖို့မပြောနဲ့။ မီးနဲ့ပတ်သက်၍ ပိုးစုန်းကြူးရောင်ပင် မမြင်ရပါ။ ဒီတော့ ရွာသားများမှာ အိပ်ရေးပျက်တာပင် အဖတ်တင်ခဲ့ပါ၏။

ဝေလီဝေလင်းကျော်လွန်၍ မနက်ခင်းတစ်ခုသို့ တိတိပပရောက်လာမှ အိပ်မှုံစုန်မွှား၊ မျက်တွင်းဟောက်ပက်နှင့် တာဝန်ကျသူ ကာလသားများ ရွာသို့ ပြန်လာခဲ့ကြသည်။

လမ်းတွင်လူတစ်ယောက်နဲ့ ဆုံ၏။ ထိုလူက ရွာသားများအား သနားစဖွယ်ကြည့်ကာ မေးခွန်းတစ်ခုကို မေးသည်။

"ဘယ်လိုလဲကွ . . . ခြောက်သွေ့တောင်ကုန်းမှာ မီးတောက် မီးလျှံတွေများ မြင်ခဲ့ကြရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆုံးမှ ဦးဆောင်လာသူ ကာလသားမှာ ခေါင်းယမ်းသည်။ ပြီးစိတ်ပျက်သော အမူအရာဖြင့် . . .

"အလကားပါဗျာ။ မီးမပြောနဲ့ ပိုးစုန်းကြူးရောင်တောင် မမြင်ရဘူး။ ဟိုကောင် . . . သာလှတို့ဆရာတပည့် မူမူးရူးရူးနဲ့ လျှောက်အော်လာတာဖြစ်မှာပါ"

မေးသူက မချိုမချဉ်ပြုံး၏။ ရွာသားများကိုလှန်တော့ တစ်ဦးတည်း စကားဆိုလေသည်။

"ခက်တဲ့လူတွေ။ မလေ့လာဘဲနဲ့ သူများကို အပြစ်ပြောနေသေးတယ်။ ခြောက်သွေ့တောင်ကုန်းက ညတိုင်းများ မီးတောက်ထွက်တယ် ထင်နေလားမသိဘူး"

တစ်ဦးတည်းစကားပြောရင်း ထိုလူမှာ အေးအေးလူလူပင် ဆက်လျှောက်လာပါသည်။ သူ၏ ဦးတည်ရာမှာ အခြားမဟုတ်။ ခြောက်သွေ့တောင်ကုန်းပါပင်။

အဝေးမှ တစ်ချက်လှမ်းကြည့်ပြီး ခပ်တည်တည်ပင် တောင်ကုန်းပေါ် တက်လာခဲ့သည်။ ထိပ်ပိုင်းရှိ ရိုးတံပြိုင်းပြိုင်းလွင့်နေသော သစ်ခြောက်ပင်ကြီးအောက်ရောက်တော့ မြေမှာ ဖင်ထိုင်ချ၏။ ပြီးတော့ လွယ်အိတ်တွင်းမှ ဆေးပေါ့လိပ်တိုကိုထုတ်ကာ မီးညှိဖွာရှိုက်နေလိုက်သည်။

သူ စဉ်းစားခန်းဝင်နေသည်။ အဖြေတစ်ခုက သူ့စိတ်တွင်းမှာ ဝိုးတိုးဝါးတား . . .

တိတိကျကျ မဖြစ်သေး။ ကြားထဲတွင် သူ အဖြေရှာမရသေးသော အစီအစဉ်တကျ ဖြစ်မှုတွေလိုနေသေးသည်။ တိမ်မြုပ်နေသေးသော အကြောင်းချက်လက်များ ရှာဖွေခြင်းသည်ပင် သူ့အလုပ်ဖြစ်တော့၏။

ဒါဟာ အမှန်တရားအတွက် . . .



လူသားတိုင်းတွင်းထားရှိရမည့် လောကပါလတရားအတွက်။

ထိုအခိုက် . . .

"ချွတ် . . ."

သစ်ရွက်နင်းသံကြောင့် မှေးဆင်းထားသော မျက်လုံး ဆတ်ခနဲ ပွင့်သွားသည်။ ပြီး သိမ်းငှက်တစ်ကောင်ကဲ့သို့ စူးရဲမှုမျိုးနဲ့ သူ့မျက်လုံးတွေ ပတ်ဝန်းကျင်အနံ့ကို ဝေ့ဝဲသွား၏။ အန္တရာယ်အနံ့လိုလိုလည်း ခံစားမိသည်ကြောင့် ခါးတွင်ထိုးထားသည့် ဓားမြှောင်ရိုးပေါ် လက်ရောက်သွားပါသည်။

ခါးကို မတ်မတ်ထားကာ အန္တရာယ်အနံ့ကိုရှာတော့ . . .

"အကုန်လုံး ပြန်သွားကြပြီ အောက်မေ့တာ။ ကျန်နေသေးတာပဲ"

တောင်ကုန်းတစ်ခုလုံး ကြားလောက်ရုံလေသံနဲ့ သွေးတိုးစမ်းလိုက်ပေမဲ့ တစ်ဖက်က တုတ်တုတ်မျှမလှုပ်။ တိတ်ဆိတ်နေတော့ . . .

"ကဲ . . . ကိုယ့်လူ ထွက်လာခဲ့ပါ"

ခြုံကွယ်တစ်ခုမှ လူတစ်ယောက်ထွက်လာသည်။ ထိုလူ့ကိုမြင်တော့ အံ့သြမှုတွေ မျက်လုံးမှာ ပေါ်သွား၏။ ဒါပေမဲ့ ခဏပါပင်။

"ဟား . . . ဟား . . . ဟား . . . ဘယ်သူများလဲလို့။ မင်းကိုး"

"ဟုတ်ပါတယ်ဗျာ"

သူခိုးလူမိသလိုမျက်နှာဖြင့် စည်သူ လိမ်လိုက်ရတော့သည်။

"ဒီလိုဆို ငါတို့ ကြေပြီပေါ့"

စည်သူ အပြုံးတစ်ခုနှင့်အတူ ကိုကြီးမောင်နားတွင် ဝင်ထိုင်လိုက်ပါသည်။ ကြီးမောင်က ဓားရိုးတွင် တင်ထားသော လက်ကိုဖယ်ပြီး သူ့ကို သေချာကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဒီမှာ ဘာလုပ်နေတာလဲ"

"ခြောက်သွေ့တောင်ကုန်းမှာ မီးလျှံတွေ ထွက်တယ်ဆိုလို့ လာကြည့်တာပါ"

"တွေ့လား"

"ဟင့်အင်း . . ."

"ဒါဆို ပြန်တော့လေကွာ။ ကာလသားတွေတောင် အုပ်လိုက်ကြီး ပြန်သွားကြပြီ။ မင်းက မပြန်ဘဲ ဘာလုပ်မလို့လဲ"

"ကိုကြီးမောင်ကို စောင့်နေတာ"

"ဘာ . . ."

စည်သူ အေးအေးပင်တုံ့ပြန်လိုက်တော့ . . .

"ဘာကိစ္စ ငါ့ကိုစောင့်နေတာလဲ"

"ကိုကြီးမောင်ကို ကူညီပေးချင်လို့"

ကိုကြီးမောင် မျက်မှောင်ကြုတ်သွားပါသည်။ ပြီး သူ့အား နားမလည်သလို ကြည့်သည်။ ကိုကြီးမောင် အကြည့်အား စည်သူ သဘောပေါက်စွာ တစ်ခွန်းချင်း ရှင်းပြလိုက်၏။

"ရွာမှာ လူတွေအဆက်မပြတ်သေးတာနဲ့ ခြောက်သွေ့တောင်ကုန်းဆက်စပ်မှုကို ရှာနေတာလို့ ခင်ဗျား ပြောခဲ့တယ်နော်။ အဲ့ဒီနှစ်ခုဆက်သွယ်မှုကိုလည်း ခင်ဗျား ထက်ဝက်မကသိပြီးပြီလို့ ကျွန်တော်ထင်တယ်။

ရှင်းရှင်းပြောရရင် ဒီခြောက်သွေ့တောင်ကုန်း အကြောင်းရော ရွာကလူသေမှုတွေကိုရော ခင်ဗျား အားလုံးထက်ပိုသိထားတယ်။ ဒါပေမဲ့ အဲ့ဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့က ခင်ဗျားတစ်ယောက်တည်း ဖြစ်နေတယ်။ ဟုတ်တယ်မလား"



"မင်း ဘာကို ပြောချင်တာလဲ"

ကြီးမောင် သံပြတ်ဖြင့် မေးတော့ . . .

"ခင်ဗျားကို ကျွန်တော် ကူညီချင်တာပါ"

စည်သူ့ မျက်လုံးတွင်းမှ စကားတွေကို မှော်ဆရာမျက်လုံးဖြင့် ထုတ်ဖော်သလိုမျိုး စူးစိုက်စွာ အကြာကြီးကြည့်နေ၏။ ပြီးတော့မှ စူးရဲသော အကြည့်ကိုလွှဲကာ . . .

"မင်းကို ဘယ်လိုယုံရမှာလဲ"

စည်သူ မတ်တပ်ထရပ်လိုက်၏။ ပြီး လက်နှစ်ဖက်ကို ဘေးသို့ကားကာ . . .

"ခင်ဗျားခါးမှာ ဓားမြှောင်ရှိတယ်လေ။ ကျွန်တော်က ဗလာ"

ကြီးမောင်မျက်လုံးတို့ အရောင်တစ်ချက် ပြောင်းသွားကြောင်း သတိထားမိသည်။

"ခင်ဗျားသိထားသလောက် ကျွန်တော့်ကို ဝေမျှပေး။ အဲ့ဒီနှစ်ဆလောက် ကျွန်တော် ပြန်ကူညီပေးမယ်"

ကြီးမောင်က 'ဟက်'ခနဲ ရယ်၏။

"ငါသိသလောက် အကုန်ပြောပြရမှာလား"

သူကလည်း 'ဟက်'ခနဲ ပြန်ရယ်ဖြစ်ပါသည်။

"ခင်ဗျား ဆန္ဒရှိရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com

လက်ရုံးကိုမြှောက်၊ ခြေကိုဆောင့်ပြီး ကျွန်တော် အခါခါ [illegible]
ဖူးပါတယ်။

သီချင်းလေးတစ်ပုဒ်ပါ။

ဘွဲ့ထူးဂုဏ်ထူးတွေ တပ်မထားပါဘူး။

စကားလုံး အချွန်အတက်တွေနဲ့လည်း နှလုံးသားကို ထိုးစိုက် [illegible]
ဘူး။

ရည်ရွယ်ချက်တစ်ခုတည်းပါ။

နားထောင်ဖူးရင် သိလိမ့်မယ်။

ချစ်သူလက်ညှိုးထိုးတိုင်း ပန်းတွေဝေပေးချင်တယ်။ အဲဒီအခွင့် [illegible]
ကိုလည်း ကျွန်တော်ရချင်တယ်။

တကယ် . . .။

ᨒ ᨒ ᨒ



လက်နှစ်ဖက်ကို ဘေးသို့ဆန့်တန်းပြီး ကျွန်တော် ချာချာလည်နေ
[illegible]တယ်။

ကျွန်တော့်နံဘေးမှာ မြက်ရိုင်းနဲ့တောပန်းတွေက လေစီးနဲ့ လိုက်ပါ
[illegible]ချောလို့။ ကျွန်တော်နဲ့အတူ ကကြိုးဆင်လို့။ တီးလုံးသံ မရှိဘူး။ သံစဉ်
[illegible]တ်အကျမရှိဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့သူတို့ အပေးအယူမျှနေပါတယ်။

ဘယ်တုန်းနဲ့မှ မတူတဲ့ အေးချမ်းမှုမျိုးနဲ့ ကျွန်တော်အေးချမ်းလို့
[illegible]တယ်။

အာရုံမှာ ဘာမှမရှိတော့ဘူး။

ခံယူချက်၊ စိတ်ဓါတ်၊ ခေါင်းဆောင်မှု၊ တိုက်ယူတောင်းဆိုမှု။

တဏှာသိုလ်ကျောင်း . . .

စတာ . . . စတာတွေကို မေ့ပျောက်ပြီး တောသက်၊ တောနံ့တွေ
[illegible] ကျွန်တော် ခံစားနေရပြီ။

အာဏာတွေမရှိတဲ့အရပ်မှာ ကျွန်တော်ပျော်နေပြီ။

ᨒ ᨒ ᨒ



www.burmeseclassic.com

www.burmeseclassic.com

ဗောပဇကိုကိုင်ပြီး ဇောက်ထိုးဆုပ်ခဲ့တဲ့
ကျွန်တော့်လက်ထဲမှာ၊
အခုတော့ . . . .
ဆာကူရာလေးတစ်လက် ရောက်နေပြီ။

* * *



ခေတ်တစ်ခေတ်ကို ပြောင်းလဲဖို့
ရှေ့အများကြီး မလိုဘူးတဲ့၊
မှန်လိုက်တဲ့စကား။
ဒါပေမဲ့ ဆရာ၊ ဗောပဇတွေ အများကြီးကျိုးခဲ့တာတော့
ဆရာသိမှာပါ။
ကျွန်တော်ကတော့ ဗောပဇအစား
ဆာကူရာလေးကို ပြောင်းကိုင်ထားတယ်။
ဆာလေ၊
ဘယ်လိုလဲ၊
ဆရာသိပါလိမ့်မယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

လောကဆိုတာ မေတ္တာပေးရင်
ရက်စက်ထတ်တဲ့ အမျိုးမဟုတ်မှန်း
ကျွန်တော်သိခဲ့တာ
ကြာပါပြီ။

* * *



## ကနောင်

ရီးမသည် မှိုင်းပျအုံ့ရီနေသည်။ ခပ်ဝေးဝေးဆီမှ ကျေးငှက်သံများကို ကြားနေရ၏။ ဝမ်းဖြူငှက်တစ်ချို့ ရီးမစပ်ဘက်ကို ဦးတည်ပျံသန်းသွားကြသည်။

နေဝင်ချေပြီ။

ဘာဂျာလေးကို လက်ဝယ်ပိုက်ရင်း အိမ်ပြန်လာခဲ့သည်။ အပြန်လမ်းက လာတုန်းကနှင့်မတူ။ သစ်ရိပ်ဝါးရိပ်ရှိသည်မို့ အနည်းငယ် မှောင်ချင်နေပြီ။ ဦးလေးသောင်းတန်၏ ကျယ်ဝန်းလှသော ခြံကျယ်ကြီးရှေ့ကို ရောက်တော့ စေ့ထားသောတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

တံခါးနှင့်တွဲထားသော ခြူသံလေးကြောင့် အလုပ်ရှုပ်နေသော ဦးလေးသောင်း ခဏတော့ သတိဝင်သွားပေမည်။ ပြီးမှ ကျွန်တော်ပြန်လာသည်ကို သတိရပြီး စိတ်အေးသွားလိမ့်မည်။

ခြံထဲကို တစ်လှမ်းချင်း လျှောက်ဝင်လာခဲ့သည်။ အလယ်တည့်တည့်ဟု ဆိုရမည်လား မသိသောနေရာမှာ သက်ငယ်မိုးထရံကာ တဲလေးတစ်လုံးရှိပါသည်။ တဲလေးဘောအဖီ ခေါင်းမိုးစွန်းပေါ်မှာ မီးခိုးတွေ တလူလူထွက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

တဲရှေ့ကိုရောက်တော့ အဖီတွင်းမှ ဦးလေးသောင်းခေါင်းထွက်လာပြီး . . .

"တူကြီး . . . ရေချိုးကွာ၊ ထမင်းစားရအောင်။ မင်းကြိုက်တဲ့ တောကြက်သားချက်ထားတယ်"

"ဟုတ်ကဲ့ . . . ဦးလေးသောင်း"

ကိုင်လာသော ဘာဂျာလေးကို ထရံကြားမှာညှပ်သည်။ ရေလဲပုဆိုးကိုယူကာ ရေတွင်းဘက်ကို ထွက်လာခဲ့လိုက်၏။ နှင်းဆီတွေ ဖူးနေကြပြီ။

ရေကို ကိုယ်တိုင်ငင်ကာ ခပ်သွက်သွက်ချိုးလိုက်ပါသည်။ ရေတွင်းမှာ အနည်းငယ်နက်သည်ကြောင့် သတိလည်း ထားရသေး၏။ အကာရံမလုပ်ရသေးသည် မဟုတ်ပါလား။ ရေချိုးပြီး တဲဆီပြန်လျှောက်လာတော့ ဦးလေးသောင်းမှာ စားဖို့အဆင်သင့်ဖြစ်နေပါပြီ။

တဲလေး၏အရှေ့ဘက် ဝါးကွပ်ပျစ်ပေါ်မှာ ထမင်းစားပွဲလေးကို ခင်းထားသည်။ ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေက အငွေ့တထောင်းထောင်းထလို့။ ခွေးသေးပန်းရွက်နှင့် ရောချက်ထားသော ကြက်သားဟင်းဆီပြန်က မွှေးနေသည်။ ကျွန်တော် တဲပေါ်တက်ကာ အဝတ်အစား လဲလိုက်ပါသည်။

ပြီးတော့ ရေနံဆီမှန်အိမ်(မီးအိမ်)လေးကို မီးစာညှိကာ ထမင်းဝိုင်းဆီ ဆွဲလာခဲ့၏။

"လာကွာ . . . စားရအောင်"

"ဦးလေးသောင်း အင်္ကျီမဝတ်တော့ဘူးလား"

အသားညိုညို၊ ဗိုက်ခေါက်ထူထူဖြင့် တင်ပျဉ်ခွေထိုင်ကာ ထမင်းစားရန်ပြင်နေသော ဦးလေးသောင်းကိုမေးတော့ . . .



"ဟင့်အင်း . . . စားပြီးမှဝတ်တော့မယ်"

ကျွန်တော် စားပွဲတွင်ဝင်ထိုင်၍ လက်ဆေးကာစားလိုက်သည်။ တောချက်ဖြစ်သည်ကြောင့် လက်ရာကကောင်းသည်။ ထမင်းပူပူ၊ ဟင်းပူပူနှင့် ရေနွေးပူပူကို မှုတ်သောက်ရင်း တူရိုးနှစ်ယောက်စားလိုက်ကြတာ ဟင်းအိုးတက်တက်ပြောင်မှပင် ရပ်၏။

ပြီးတော့ ပန်းကန်တွေကိုထပ်ကာ ရေအင်တုံမှာ ကျွန်တော် သွားဆေးသည်။ ထိုအချိန်တွင် ဦးလေးသောင်းက ကွပ်ပျစ်ရှင်းသည်။ ခေါင်းအုံးနှစ်လုံးကို ချသည်။ ခြောက်နာရီသတင်းအမှီ နားထောင်လေ့ရှိသော ရေဒီယိုလေးကို ဖွင့်ပါသည်။

တကျိုကျိုအသံများကို ပထမကြားရပြီး လိုင်းဝင်တော့ အစီအစဉ်ကြေညာသူ မိန်းကလေးအသံ ထွက်လာ၏။ ထိုစဉ်မှာ ကျွန်တော် ပန်းကန်ဆေးပြီးသွားလေပြီ။

ကွပ်ပျစ်တွင်ဝင်ထိုင်တော့ ဦးလေးသောင်းမှာ ဆေးပေါ့လိပ်ဖြူကြီးကို အရသာခံသောက်လို့။

ရေဒီယိုလေးကို အသံကျယ်ကာ တန်းပေါ် ကျွန်တော်လှမ်းတင်လိုက်၏။ ဒါသည်ပင် ကျွန်တော့်အလုပ်၊ ကျွန်တော့်အဖော်။ ဤလိုဆက်သွယ်ရေး ခက်ခဲလှသော တောကြီးမျက်မည်းတွင် လောကနှင့် အဆက်အသွယ်ဆို၍ ဤရေဒီယိုလေးသာ ရှိပါသည်။

ရေဒီယိုကိုတော့ စရောက်ကတည်းက ညစဉ်မပျက် နားထောင်၏။ အကြောင်းရှိသည်။ ခံယူချက်နဲ့ပတ်သက်သော ဝမ်းသာဖွယ်သတင်းတွေ၊ ဝမ်းနည်းဖွယ်သတင်းတွေကို ဤနေရာလေးမှပဲ သိခွင့်ရသည် မဟုတ်ပါလား။ ဒါပေမဲ့ ဝမ်းသာစရာထက် ဝမ်းနည်းစရာတွေကိုသာ အစဉ်သဖြင့် ကြားရလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ တူရိုးနှစ်ဦး ထမင်းလုံးစီရာ ကွပ်ပျစ်လေးဆီသို့ လေတွေတဟူးဟူး ဝင်လာနေသည်။ လေတိုးသည့်ကြောင့် တဲအတွင်း ပိုင်းဆီမှ တောင်ပံခတ်သံ တဖျတ်ဖျတ်ကို ကြားရ၏။ ဝါးခြမ်းကြားမှ အတွင်းကိုလှမ်းကြည့်ပြီး . . .

"ရွှေဂဲအခြေအနေ ဘယ်လိုလဲ"

"တော်တော်ကောင်းနေပါပြီ။ ထမင်းမစားခင်ကတောင် ငါ ဆေးထည့်ပေးထားသေးတယ်"

ရွှေဂဲဆိုသည်မှာ ဦးလေးသောင်း၏ တစ်ဦးတည်းသော အချစ် ရဆုံး ကြက်တူရွေးလေးဖြစ်ပါ၏။ အိမ်ထောင်မရှိ၊ လူပျိုကြီးဖြစ်သည် ကြောင့် ရွှေဂဲသည် ဦးလေးသောင်း၏ စကားပြောဖော်၊ တီးတိုးတိုင်ပင် ဖော်။ ဦးလေးသောင်းသည် ရွှေဂဲကို သားသမီးတစ်ယောက်လိုချစ်၏။

ရွှေဂဲကလည်း အားကိုးရပါသည်။ ဦးလေးသောင်း မြို့တက် သောအချိန်များတွင် ခြံစောင့်ပေးတတ်သည်။ တစ်နေ့ အိမ်တွင် ဘယ်သူမှ မရှိတုံး ရွာထဲကကြောင်သိုးကြီးတစ်ကောင် ခြံတွင်းရောက်လာ၏။ ရွှေဂဲ ကိုတွေ့တော့ စားဖို့ကြံသည်။ သို့ပေမယ့် ရွှေဂဲမှာ သံလှောင်အိမ်တွင်းမှာ မို့ အခွင့်မသာ။

ဒီတော့ မီးရာလှမ်းဆွဲရင်း ရွှေဂဲခြေထောက်မှာ ဒဏ်ရာရလေတော့ သည်။ ပန်းပင်တွေရေလောင်းပြီး ကျွန်တော် ပြန်ရောက်လာ၍သာ။ မဟုတ်ပါက . . .

ယခုတော့ တော်တော်ကောင်းနေပြီဆို၏။

ထိုစဉ်မှာပဲ ရေဒီယိုမှ သတင်းတစ်ပုဒ်ထွက်လာသည်။ လုံးဝ မကြားချင်ဆုံးသတင်း။

"ဆူပူအုံကြွမှုတစ်ခုနဲ့ ပတ်သက်ပြီး ကျောင်းသားခေါင်းဆောင် များနှင့် အရပ်သားတချို့ကို ခေတ္တထိန်းသိမ်းထားကြောင်း . . ."



ကျွန်တော် ဆတ်ခနဲ ခေါင်းထောင်သွား၏။

သတင်းကြေညာသူက အကျယ်တဝင့်ရှင်းသည်။

"ကျောင်းသားထုဦးဆောင်သော ဆန္ဒပြပွဲတစ်ခုသည် ဆူပူအုံ ကြွမှုအသွင် ဆောင်လာသည့်အတွက် ကျောင်းသားခေါင်းဆောင်များနှင့် အရပ်သားတချို့ကို ခေတ္တထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း"

စသည်ဖြင့် ပြီးခဲ့သောဓာတ်လမ်းအကျဉ်းကို ရှည်လျားတွေပြား စွာ ရှင်းပြပါသည်။ ကျောင်းသားထု ဆန္ဒပြပုံ၊ ဆန္ဒထုတ်ဖော်ရာနေရာ၊ အင်အား၊ ပဋိပက္ခ စတာတွေကို တစ်ခုပြီးတစ်ခု ရွတ်ဆိုပြီးသွားချိန်မှာ ကျွန်တော် သက်သက်မောမောစောင့်မျှော်နေသော သတင်းတစ်ခုသည် ရောက်လို့လာပါတော့၏။

"ကိုဘကောင်း၊ ကိုဖိုးတင်၊ ကိုညိုလွင်၊ ကိုအောင်သိမ်း . . ."

ပြီးတော့ ကျွန်တော်ရင်းနှီးခဲ့သော အရပ်သားတချို့။

နားထဲမှာ ဘာသံမှမကြားရတော့။ ကျွန်တော် ဆို့နင့်ကျသွား ရသည်။ ဤမျှထိ မြန်မြန်ဆန်ဆန် ဖမ်းဆီးသွားလိမ့်မည်ထင်မထား။

"ကိုဘကောင်း၊ ကိုညိုလွင်၊ ဖိုးတင်၊ အောင်သိမ်း"

နှုတ်မှ တိုးတိုးရွတ်ဆိုလိုက်မိ၏။ ဘာကြောင့်မှန်းမသိ။ လက် သီးဆုပ်တော့ ပါးပေါ်မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ ဆက်လက် နားထောင်နိုင်စွမ်း မရှိတော့သည့်ကြောင့် ကွပ်ပျစ်မှ ဆင်းလာခဲ့သည်။ မျက်ဝန်းမှာ ပုံရိပ်တွေ ဝေဝါးနေ၏။

အတူလက်တွဲခဲ့တာတွေ စည်းဝေးတိုင်ပင်ခဲ့တာတွေ၊ ဦးဆောင် လှုပ်ရှားခဲ့တာတွေ။

ပုံရိပ်တွေ တဖျတ်ဖျတ်ပြေးနေသည်။ အခုတော့ ကျွန်တော်က သူတို့နဲ့အဝေးကြီးမှာ သူတို့ကတော့ သမိုင်းတစ်ခုမှာ အာဇာနည် တွေ မှတ်ရသွားခဲ့ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွေ ဝေဝါးနေတဲ့ကြားက ဆရာဇော်ဂျီ၏ ကဗျာတစ်ပုဒ်ကို သတိရမိသည်။ ဘာမှမဆိုင်ပေမဲ့ ကဗျာစာသားတွေက ရင်ကို မီးစနဲ့ထိုးနေသလို၊ ကျွန်တော်ဟာ တာဝန်ကျေသူတစ်ယောက်လား၊ တာဝန်ကင်းမဲ့သူလား။ ဆရာဇော်ဂျီက ကဗျာရွတ်ပြီး ဆုံးဖြတ်ခိုင်းနေသလို။

"ထလော့မြန်မာ၊ အိုမြန်မာတို့၊

ထလော့မြန်မာ၊ အိုမြန်မာတို့ . . ."

ဆရာဇော်ဂျီက ကဗျာထိပ်ဆုံးစာကြောင်းကိုပဲ အကြိမ်ကြိမ်ရွတ်ပြီး ကျွန်တော့်ကို နှိုးနေသလိုထင်မိ၏။

တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်
စေတီစပါး၊ များလည်းများ၏
များပါလေလည်း တမွဲမွဲနှင့်
ဆင်းရဲကာသာ၊ ကာလကြာလျှင်
ယာစကာမျိုး၊ တညိုးညိုးနှင့်
ပုထိုးမြင့်မောင်း ကျောင်းကြိုကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ၊ ဝမ်းမဝ၍
ဆွမ်းမျှ မတင်နိုင်ရှိမည်တည်း။

တော်လိုက်တဲ့ဆရာ၊ ဆုံးမတတ်လိုက်တဲ့ဆရာ။ 'ယာစကာ' ဆိုတာ 'သူတောင်းစား' ကိုပြောတာပါ။ အဘိုးဖြစ်သူက မြေးယော်မြစ်ယော်များကို ရင်းရင်းနှီးနှီး ဆုံးမတဲ့လေသံနဲ့ အားမရကြောင်း ပြောပြသွားတာ။

သဘာဝသယံဇာတတွေ များပါလျက် လူ့စွမ်းအားအရင်းအမြစ်တွေ၊ စွမ်းအင်အရင်းအမြစ်တွေများပါလျက် မြန်မာတွေ ပျင်းနေ



တယ်ဆိုတာ ဆရာသိနေသည်။ ဒီအတိုင်းဆက်သွားပါက ဘုရားဝင် ဆွမ်းမတင်နိုင်သည့်ဘဝမျိုး၊ ကျောင်းအိုကျောင်းကြားတွင် လှည့်လည် တောင်းစားနေရသည့် ယာစကာမျိုးများ ဖြစ်သွားလိမ့်မည်ဟု ဆိုထားသည်။

ဘယ်သူတွေ ဘယ်လို အိပ်ပျော်နေပါစေ။ ပျင်းနေကြပါစေ။ ကျွန်တော် မပျင်းပါဘူးဆရာ။ ဒါပေမဲ့ . . .

မျက်ရည်တွေ တသွင်သွင် စီးကျရင်းနဲ့ 'တို့တိုင်းပြည်' ၏ တတိယအပိုဒ်ကို ကြားယောင်မိသည်။

"ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျော့လုံ့လ
သူ့ကစ၍၊ ငါကအားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့
ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ
ဤယာစပါး၊ ဘယ်သူ့စပါးလဲ
ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း
ဉာဏ်ရှေ့ပန်း၍
တစ်ဝမ်းတစ်စိတ် ညီစေသတည်း။

ညီချင်ပါသည်။ ကျွန်တော်တို့ လက်တွဲညီချင်ပါသည် ဆရာ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကျွန်တော်တို့ ညီညွတ်ချင်ပါသည်။ ဒီမြေမှာနေ၊ ဒီရေကိုသောက်ပြီး ဒီနိုင်ငံတော်ကြီးကို ကျွန်တော်တို့ တာဝန်ကျေချင်ပါသည်။

အကြံတူရင် မိတ်ဆွေဆိုတာ အားလုံးသိအောင် ပြောပြချင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုစဉ်မှာပဲ စိတ်ကူးနဲ့ သူ့ရဲကောင်းဖြစ်နေသော ကျွန်တော့်ကို ဆရာဇော်ဂျီက နောက်တစ်ကြိမ် တပ်လှန့်လိုက်သည်။ စိတ်ထဲတွင်စွဲမြဲနေသည့် ကဗျာတစ်ပုဒ်၊ နိုင်ငံသားတစ်ဦး၏တာဝန်ကို စံပေတံပေးလိုက်သည့် ကဗျာတစ်ပုဒ်။

ကဗျာနာမည်က . . . "သင်သေသွားသော်"

"ဩော် . . . လူ့ပြည့်လောက
လူ့ဘဝကား အိုရ၊ နာရ၊ သေရဦးမည်
မုန်ပေသည်တည့်။
သို့တပြီးကား သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

မှန်တာပေါ့ဆရာ၊ ကျွန်တော်တို့သေသွားရင် ကျွန်တော်တို့မြေ ကျွန်တော်တို့ရေမှာ မြင့်မားတိုးတက်မှုတွေ ကျန်အောင်ထားခဲ့သွားသင့်တာပေါ့။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်၊ မိသားစုတစ်စုတည်းအတွက်၊ အဖွဲ့အစည်း တစ်ခုတည်းအတွက်မဟုတ်ဘဲ နောက်မျိုးဆက်တစ်ခုလုံး အတွက် အခြေတိုးမြင့်အောင် လုပ်သွားသင့်တာပေါ့။

"သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏"

ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ စာပေကိုလည်း ကမ္ဘာ့အလယ်မှာ တင့်တယ်စွာ ကျန်နေသင့်တာပေါ့။

နောက်ဆုံးအပိုဒ်ကို ကျွန်တော်အကြိုက်ဆုံးပင်၊

"သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့် သစ္စာအရောင်



ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း"

ကဗျာဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသည်။

"ကနောင် . . . မင်းတာဝန်ကျေပြီလား"

ရှက်ဖွယ်လီလီ ကျွန်တော်ရယ်မိသည်။ ခံပြင်းမှုရှိန်းရှိန်းကြောင့် ရယ်သံက ခြောက်ကပ်ကပ်နိုင်လှသည်။

မေးခွန်းကို မဖြေနိုင်သေး။

အခုတော့ ဝေးလံခေါင်သီလှသော ရိုးမစပ်ရွာလေးတစ်ရွာမှာ ကျွန်တော် လာရောက်ပုန်းခိုနေရပါသည်။

ခြောက်ကပ်နေသော မျက်ရည်စတွေနဲ့အတူ ဆုတစ်ခုကိုတောင်းမိသည်။

"ဘကောင်း၊ ဖိုးထင်၊ ညိုလွင်၊ အောင်သိမ်း . . . ခင်ဗျားတို့ အေးချမ်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com

## ရှင်ယိုးမယ်

"ဂလောင် . . . ဂလောင် . . . ဂလောင်"

အချက်ပေးသံထွက်ပေါ်လာသည်။ အချိန်ကား မနက်(၅)နာရီ၊ မနက်(၅)နာရီထိုးတာနဲ့ ဦးချမ်းသာ၏အိမ်တော်ကြီးတစ်ခုလုံး ခွေးအစ လူအဆုံး အားလုံးနိုးထရသည်။ ဒါသည် ထုံးစံ။

ဦးချမ်းသာနေထိုင်သည်က ပွေးလှကုန်းရွာ။ ထိုရွာတွင် ဦးချမ်းသာသည် ခေသူတစ်ဦးမဟုတ်။ နာမည်နဲ့လိုက်အောင် အချမ်းသာဆုံး စာရင်းဝင်သည်။ သူပိုင်ဆိုင်သောခြံကြီးက ရွာမအကျယ်ကြီး။

နေထိုင်ရာအိမ်တော်က နန်းတော်ကြီးတမျှ။ ခြံထဲမှာပင် အိမ်အဆောင်ဆောင်၊ ဇရပ်အဆောင်ဆောင်၊ တင်းကုပ်အဆောင်ဆောင်နှင့် တပည့်တပမ်းတွေလည်း ပေါလှသည်။ အသက်တော့ ကြီးပါပြီ။ ငါးဆယ်ကို တစ်ဝက်စွန်းပြီးနေပြီ။

ဒါပေမဲ့ လူငယ်နဲ့မခြား သွက်လက်သည်။ အားလုံးက သူ့ဩဇာအာဏာအောက်မှာ သေသေဝပ်ဝပ်။ ဇနီးမရှိတော့။ ဆုံးပါးသွားတာ နှစ်နှစ်ဆယ်ကျော်ပေပြီ။ သူ့သမီးလေး တစ်သက်။



ဦးချမ်းသာတွင် ငုံထားမတတ်ချစ်ရပါသော သမီးလေးတစ်ယောက်ရှိ၏။ နာမည်ကား 'ရှင်ယိုးမယ်'။

"သမီးလေး . . . နိုးပြီလား"

"နိုးပြီ ကြီးမေ . . . အိပ်ယာသိမ်းနေတာ"

"အေးအေး . . . သမီးလေး၊ ပြီးရင် အောက်ဆင်းလာခဲ့နော်။ ကြီးမေ စားတော်ပွဲလေးနဲ့ ထမင်းကြော်ထားလိုက်မယ်"

"ဟုတ်ကဲ့"

ယိုးမယ် အိပ်ယာကို သွက်သွက်သိမ်းလိုက်သည်။ မနက်(၅)နာရီအချက်ပေးတာနဲ့ တစ်အိမ်လုံးထရသည့် စည်းကမ်းမို့ တစ်ဦးတည်းသော သမီးလေးဖြစ်သော်လည်း မနေသာပါ။ အခန်းပြင်ထွက်တော့ မနက်ဆာစောအေးလှသည်မို့ အတွင်းပြန်ဝင်ကာ အင်္ကျီထူ ထပ်လိုက်သည်။

ထို့နောက် အောက်ဆင်း၍ မျက်နှာသစ်၊ ခြေလက်ဆေးပါသည်။ ဒီလေးဆွဲလုပ်လို့ မရ။ တော်တော်အေးသည်။ မျက်နှာသစ်ပြီး၍ မီးဖိုခန်းတွင်းမှဖြတ်တော့ . . .

"သမီးလေး . . . ခဏနော်။ ထင်းတွေစိုနေတော့ မီးမဆွဲဘူးဖြစ်နေတယ်"

မီးခိုးတွေတလူလူကို မီးပြောင်းဖြင့် တဖူးဖူးမှုတ်ရင်း ကြီးမေက ပြောသည်။

"ရတယ်ကြီးမေ . . . သမီး၊ ဘုရားရှိခိုးရဦးမယ်။ ပြီးမှ စားတာပေါ့"

"အော် . . . အေးအေး၊ ကောင်းတယ်၊ ကောင်းတယ် . . . အတော်ပဲ"

ကြီးမေသည်က နာမည်ရင်း ဒေါ်အေးမေ။ ဤအိမ်ကြီးရဲ့ အိမ်စိုးရာဇာ ဦးချမ်းသာ၏ တစ်ဦးတည်းသော အစ်မရင်း။ သူမနဲ့ ဒေါ်ကြီး(ကျိုး



www.burmeseclassic.com

www.burmeseclassic.com

တော်) တော်စပ်သူ။ ဖေကြီးပြီးလျှင် သူမကိုအချစ်ဆုံးက ကြီးမေ။ အချ ကြီးပီပီ သူမကို သမီးလေးတစ်ယောက်လိုချစ်သည်။

အခန်းတွင်းပြန်ရောက်တော့ သနပ်ခါးလိမ်း၊ ခေါင်းဖြီး၊ အသေ လဲ စသည့် ဗာဟီရကိစ္စများကို ထုံးစံမပျက်လုပ်ရ၏။ အိပ်ယာထဲ နှင့် ဘုရားခန်းဝင်လျှင် ဖေကြီးက လုံးဝမကြိုက်။ ထို့ကြောင့် ကိုယ့်ကိုယ် ကိုယ် သပ်သပ်ရပ်ရပ်ဖြစ်အောင် အရင်လုပ်ရသည်။

ဘုရားခန်းဆီရောက်တော့ ဖေကြီးနှင့် တန်းတိုးပါသည်။ သူမ ယခုမှ ဘုရားခန်းဝင်ရန်မဟုတ်။ ဖေကြီးက အခန်းတွင်းမှ ပြန်ထော ထွက်လာပြီ၊ သူမကိုတွေ့တော့ ကျေနပ်စွာပြုံး၏။ ခေါင်းကိုအသာပု တော့ သူမ ဇက်ကလေးကို ပုပေးမိသည်။

ထို့နောက်တော့ နေ့သစ်တစ်ခုကို အမြတ်ဆုံးအလုပ်နှင့် စတင် မိပါသည်။ ဘုရားသောက်တော်ရေလဲ၊ ဆီမီးထွန်း၊ အမွှေးတိုင်ထွန်း ဘုရားပန်းကတော့ ဒီနေ့အတွက်ရသေးသည်။ မနက်ဖြန်တော့ သေချာ ပေါက် လဲရပါမည်။

တတ်သမျှမှတ်သမျှဖြင့် ရှိခိုးပူဇော်ပါသည်။ ဆယ်မိနစ်မရှိတ လောက် ကြာပြီးသွားချိန်မှာ ဘုရားရှိခိုးခြင်းအမှု ပြီးဆုံးသွားသည်။ မေ့ ပို့အမျှဝေကာ ဘုရားခန်းတွင်းမှထွက်တော့ အရှေ့ဘက်ကောင်းကင်မှာ အလင်းရောင်ပြို့ပြီး အောက်ထပ်ကို ဆင်းလာခဲ့၏။

ထမင်းစားပွဲတွင် ဖေကြီးရောက်နေပြီ။

"သမီးလေး . . . စားမယ်မလား"

"ဟုတ် . . . ကြီးမေ"

မီးဖိုဘက်ဝင်သွားပြီး ပြန်ထွက်လာတော့ အငွေ့တထောင်း ထောင်းထနေသော ထမင်းကြော်ပန်းကန်ပါလာသည်။ သူမ ဖေကြီးအား တွင်ဝင်ထိုင်ကာ . . .



"ဖေကြီး . . . ဒီနေ့ ကိုကြီးမောင် ပြန်လာမှာလား"

ဖေကြီးက ထမင်းကြော်စားနေရာမှ . . .

"အေး . . . ဒီနေ့ရောက်မယ် ပြောတာပဲ"

"ဟဲ့ယ် . . . ဒါဆို မြင်းပါလာမှာပေါ့"

ဝမ်းသာအဲ့ယ်လဲ သူမပုံစံကိုမြင်တော့ ဖေကြီးပြုံးသည်။

"ပါလာမှာပေါ့။ သူ့ကို မြင်းဝယ်ဖို့လွှတ်လိုက်တာပဲ"

"အဲ . . . ပျော်လိုက်တာ"

"ဘာလဲ . . . သမီးလေးက မြင်းစီးချင်နေပြီလား"

"စီးချင်တာပေါ့ ဖေကြီးရဲ့။ သမီး မြင်းမစီးရတာ ခြောက်လပြည့် တော့မယ်။ ဟီး . . . ဟီး . . . ပျော်လိုက်တာ"

ဖေကြီးက သူမပါးကို လိမ်ဆွဲသည်။

"ချက်ချင်းကြီးတော့ စီးလို့ရမယ်မထင်သေးဘူး"

"အာ . . . ဘာလို့လဲ"

နှုတ်ခမ်းကိုမဲ့ကာ ဆိုတော့ . . .

"အခုမှ မြင်းကဝယ်လာမှာ။ သမီးနဲ့ မယဉ်သေးဘူးလေ"

"ဖေကြီးကလည်း သမီးက မြင်းစီးကျွမ်းပြီးသားဥစ္စာ။ ဒီလောက် တတော့ အေးဆေးပဲ နော် . . . ဖေကြီး၊ စီးမယ်နော်"

ဖေကြီးက ဆိုးနွဲ့နေသောသူမကို ပီတိပြုံးတွေနဲ့ ကြည့်နေသည်။

"ဟာကွာ . . . ဖေကြီးကလည်း ပြန်လည်းမပြောဘူး။ အဲလို ကြီးပဲ ကြည့်နေတာပဲ။ ပြော . . . သမီး စီးရမှာလား"

မဖြေ၊ ပြုံး၍သာကြည့်နေသည်ကြောင့် . . .

"ဟာ . . . ဖေကြီး"

နှုတ်ခမ်းကိုက်ကာ စိတ်ဆိုးတော့မှ . . .



www.burmeseclassic.com

www.burmeseclassic.com

"အေးပါ . . . စီးစီး၊ ကြီးမောင်လည်း ရှိနေတာပဲ"

သူမ အမူအယာ ချက်ချင်းပြောင်းသွားပါသည်။ နှုတ်ခမ်းထူ စုကာ လက်သီးဆုပ်ပြီး . . .

"ဟာ . . . ဒါမှ ဒို့ဖေကြီးကွ"

အံကိုကြိတ်၍ ဖေကြီးပါးထူထူကြီးကို လိမ်ဆွဲပစ်လိုက်သည်။

"အဲဒါကြောင့် ဖေကြီးကိုချစ်တာ"

အဆာပြေစားပြီးပြီမို့ စားပွဲမှ ဖေကြီးထသွား၏။ ပြီး . . . တောင်ဝှေးတစ်ချောင်းကိုယူကာ အိမ်တွင်းမှ ထွက်သွားပါသည်။ မနက် တိုင်းလမ်းလျှောက်တာ ဖေကြီးအကျင့်။

ဖေကြီးထသွားတော့ ကြီးမေက သူမဘေးမှာ ဝင်ထိုင်သည်။

"ကြီးမေ . . . ခြံထဲကကလေးတွေကို မီးဖိုခိုင်းထားတယ်"

"ဟုတ် . . . ကြီးမေ၊ သမီး စားပြီး ခြံထဲဆင်းလိုက်မယ်"

သူမအတွက် လိုလေသေးမရှိစေရ။ ချမ်းနေမှန်းသိသည်မို့ မီးလှုံ ရန် မီးဖိုခိုင်းထားခြင်းဖြစ်သည်။ စားပြီးတော့ ခြံတွင်းကို ဆင်းခဲ့သည်။ သူမတို့ခြံကြီးက ဝိုးတဝါး အလင်းရောင်ကြားမှာ နိုးထသက်ဝင်လာပြီ။

ခြံရှိအလုပ်သမားတွေ ကိုယ့်အလုပ်ကိုယ် လုပ်နေကြပြီ။ ရေခပ် ထင်းခွဲ၊ နွားစာကျွေး၊ နွားခြံရှင်း၊ တံမြက်လှဲ စသဖြင့် တစ်ခြံလုံး ကိုယ့် အလုပ်နဲ့ကိုယ် တာဝန်ထမ်းဆောင်နေကြပြီ။

ခြံစပ်ပိတောက်ပင်အောက်တွင် သူမအတွက် မီးပုံလေးတစ်ပုံ ဖိုထား၏။ မီးခိုးတွေက တလူလူလွင့်နေသည်။ သူမ မီးလှုံရန်ဖြစ်သည် မို့ အနီးဝန်းကျင်တွင် မည်သူမျှမနေရဲ။ ယိုးမယ် တစ်လှမ်းချင်းလျှောက် ကာသွားလိုက်သည်။ ပဝါတစ်ထည်ခြုံလာသည်မို့ အရမ်းတော့မချမ်း။

မီးပုံလေးနားတွင်ရပ်တော့ အပူငွေ့ကို ခံစားရ၏။



တောင်ဘက်ယွန်းယွန်းမှာ တောင်စဉ်တောင်တန်းနဲ့ တောအုပ် တွေ အုံ့မည်းနေသည်။ မြူခိုးတွေက တဝေဝေ။ အရှေ့ဘက်တွင် ရောင်နီ သာတော့မည်။

ဘာရယ်မဟုတ်၊ တောင်တန်းများကို မျှော်ငေးနေမိ၏။ ကလေး တစ်ယောက်လို ချိုလွင်စွာပြုံးမိသည်။ မျက်လုံးကို မီးခိုးဟပ်သည်မို့ နေရာပြောင်းလိုက်ရ၏။

တောင်တန်းဘက်ဆီမှ အကြည့်ကိုချတော့ . . .

"အို . . ."

ရှက်သွေးသွားရ၏။ မျက်လွှာကို ချမိသည်။ ဒါပေမဲ့ ချက်ချင်း ငဲ့ပြန်ငေးကြည့်တော့ နောက်တစ်ကြိမ် လှုပ်ခတ်သွားပြန်သည်။

ပါးလေးများပင် ပူစပ်သွားသလို။

ယောက်ျားပျိုတစ်ယောက်။

ပုဆိုးကို တိုတိုဝတ်ထား၏။ အပေါ်ပိုင်း အဝတ်မဲ့သည်။ ပီသ လှပသော ယောက်ျားကိုယ်ခန္ဓာပေါ်မှာ မိုးစိုသလို ချွေးတွေရွှဲနေသည်။ ညာဘက်ပခုံးပေါ်တွင် တံပိုးလွတ်တစ်ခုကို ထမ်းထားသည်။

သူမကို မမြင်။

ကြီးကျယ်ခမ်းနားလှသော အိမ်တော်ကြီးကို တစ်ချက်မျှ ငဲ့ ကြည့်ဘဲ သူ့လမ်းသူသွားနေသည်။

မျက်နှာစိမ်းတစ်ဦး။

သူ့ကို ဤရွာမှာ မမြင်ဖူး။

သူများတွေချမ်းနေချိန် သူကတော့ တစ်ကိုယ်လုံး ချွေးရွှဲနေ၏။ ယိုးမယ် မျက်စိတစ်ဆုံး လိုက်ငေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

# XVI

ခြံဝကို ကနောင်ရောက်လာသည်။ တောလမ်းလေးအတိုင်း လျှောက်လာသော ဦးလေးသောင်းနှင့် လူကြီးတစ်ဦးကို တွေ့ရသည်။ ကျွန်တော့်ကိုမြင်တော့ ဦးလေးသောင်းက လက်လှမ်းပြ၏။

ကနောင် ရပ်စောင့်နေလိုက်သည်။ နီးလာမှ သဘောပေါက်သည်။ ဦးလေးသောင်းနှင့် အတူတွဲလျှောက်လာသူမှာ ပွေးလှကုန်းရွာသူဌေးကြီး ဦးချမ်းသာဖြစ်၏။ ကျွန်တော် ဟင်းရွက်သွားပို့ရာ လမ်းအောမှ အိမ်အကြီးကြီး၏ ပိုင်ရှင်ဖြစ်သည်။ အနားရောက်တော့ . . .

"ဦးချမ်းသာ . . . ဒါ ကျွန်တော့်တူလေ၊ မြို့ကနေ အလည်ရောက်နေတာ"

"ဟုတ်လား . . .၊ အေးကွာ ဦးလေးကို ဝိုင်းကူပေါ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ဦးချမ်းသာက နောက်ဘက်ရှိ ကျွန်တော်တို့ စိုက်ပျိုးရေးခြံကို လှမ်းကြည့်ပြီး . . .

"ကိုသောင်းတန်တို့ဘဝပဲ ကောင်းပါတယ်ဗျာ။ သီးပင်စားပင်လေး တစ်ပိုင်တစ်နိုင်စိုက်ပြီး ရောင်းချစား။ အေးချမ်းတယ်။ ကျွန်တော်တို့မှာတော့ ပူလောင်ပါ့ဗျာ"



ဦးလေးသောင်းက နှစ်လိုဖွယ်ပြုံးပြီး . . .

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့ ဘဝမျိုးက တစ်နေကုန် ပင်ပင်ပန်းပန်းလုပ်မှ တစ်ဝမ်းတစ်ခါး လောက်ငရုံပါ"

ဦးချမ်းသာက အဓိပ္ပာယ်ဖော်ရခက်သော အပြုံးတစ်ခုကိုပြုံး၍ . . .

"ကျုပ်ကတော့ ခင်ဗျားတို့ကို အားကျတယ်ဗျာ။ အခုတော့ ကျုပ်သည်း အသက်ကြီးမှ မာနနဲ့ဒေါသဒဏ်တွေကို ခံနေရပြီ"

နားမလည်ပါ။

"ကဲ . . . သွားဦးမယ် ကိုသောင်းတန်ရေ၊ နောက်များမှ တွေ့ကြတာပေါ့"

ပြောချင်ရာပြောပြီး ထွက်သွားသော ဦးချမ်းသာကျောပြင်ကို ကြည့်ကာ . . .

"ဦးလေးသောင်း . . . သူ ဘာတွေပြောသွားတာလဲ"

ချက်ချင်းမဖြေ။ ဦးလေးသောင်းက ဝန်းခြံတံခါးကို ဖွင့်သည်။ ချေသံမြည်တော့ . . .

"နူ . . . နူ . . . နူနူ . . ."

အတွင်းဘက်ဆီမှ ပြာတာတာ၊ ချွန်စူးစူးအသံလေးကို ကြားတော့ ကျွန်တော်တို့နှစ်ယောက်စလုံး ပြုံးမိပါသည်။ ဒီလောက်ဆိုလျှင် ချောက် အခြေအနေ တော်တော်ကောင်းနေပြီ။ ခြေသံကြား၍ လူဝင်လာပြီဖြစ်ကြောင်း အသံပေးခြင်းဖြစ်သည်။

စကားမပီသည့်ကြောင့် လူက 'နူ' ဖြစ်နေ၏။ ဦးလေးသောင်း၏ ရက်ပေါင်းများစွာ အပင်ပန်းခံ သင်ကြားပေးထားသော ရလဒ်ပင်။ ဦးလေးသောင်းက တံခါးကိုပြန်စေ့ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဦးချမ်းသာ ဘာဖြစ်နေတယ် မသိဘူးကွ။ မျက်နှာမကောင်း
ဘူး"

"ဦးလေးသောင်းနဲ့ ဘယ်မှာတွေ့လာတာလဲ"

"တောထဲမှာ။ ကုန်းမြင့်ပေါ်ရပ်ပြီး သူ့အိမ်နဲ့ခြံကြီးတို့ အငြိမ်
ကြီး ရပ်ကြည့်နေတာ။ ငေးငေးဆွေးဆွေးပဲကွ။ မျက်နှာလည်း မသာ
ငါမေးကြည့်တော့ ဝအောင်ကြည့်ထားတာလို့ ပြောတယ်။ ဘာတွေ
မသိပါဘူးကွာ။ ဦးချမ်းသာလိုလူမျိုးက တစ်ခါတလေ နားလည်ရ
တယ်"

ဟုတ်မှာပါ။ ထို့နောက်တော့ သူတို့တူရီးနှစ်ဦး ဘဲပေါ်တ
မနေ့ကကျန်သော ထမင်းကြမ်းခဲလေးကို တစ်ယောက်တစ်ဇော် မျှ
ပါသည်။

ᨁ ᨁ ᨁ



# XVII

နေ့လယ်ပိုင်းတွင် သူမစောင့်မျှော်နေသော ကိုကြီးမောင်မှာ
ရွှန်စွာ လှပသန့်ရှင်းသော မြင်းဖြူလေးတစ်ကောင်ကိုစီးပြီး ရောက်လို့
လာပါသည်။ ပျော်ရွှင်မှုတွေက ဒီရေအလား။

မြင်းလေးမှာ ဖြူလွှရှင်းသန့်နေ၏။ သူမနဲ့ အနေတော် ပုပုသွယ်
သွယ်လေးပါပင်။ မြင်းပေါက်လေးဖြစ်လေတော့ ပိုကောင်းသည်။ လိုရာ
ကိုသွင်းလို့ရသည်။

မြင်းလေးကိုကြည့်ပြီး ယိုးမယ် ပျော်လိုက်တာမပြောပါနှင့်။ အ
ထယ်တော်သော ဝမ်းကွဲအစ်ကိုတော်စပ်သူ ကိုကြီးမောင်ကိုလည်း ကျေးဇူး
တင်မိသည်။ ဖေကြီးကတော့ သူမ မြူးတူးကျေနပ်နေပုံကိုကြည့်ပြီး ပီတိ
တွေ ရွှမ်းရွှမ်းဝေလို့။

ဒီလိုနဲ့ပဲ ဖေကြီး၏ခွင့်ပြုချက်ဖြင့် စမ်းသပ်စီးနင်းခွင့် ရခဲ့ပါသည်။
ညနေခင်းတွင်ဖြစ်၏။

• • •

မြင်းဖြူလေးတစ်ကောင်နှင့် ကြည်လင်စင်ကြယ်သူ မိန်းကလေး
တစ်ဦး တောလမ်းလေးတစ်လျှောက်မှာ ကဆုန်ပေါက်နေသည်။ လိုက်
ဖက်လွန်းနေ၏။ မြင်းဖြူလေးမှာ သခင်၏အလိုတော်အတိုင်း သွက်လက်



www.burmeseclassic.com

www.burmeseclassic.com

ကျေပွန်ကာနေသည်။ မြင်းပေါ်မှ မိန်းကလေးမှာလည်း အလိုက်သင့် စီးမျောအံ့ဝင်စွာ မောင်းနှင့်လျက်ရှိပါသည်။

ပုံစံကိုမြင်ရုံနှင့် မြင်းစီးကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း သိသာသည်။

ဒါပေမဲ့ ထိုမြင်းဖြူလေးမှာ တစ်နေရာအရောက်၌ တုံ့ဆိုင်းသွားသည်။ တောလမ်းသည် ဖြူးကာနေ၏။ ရှေ့တွင် အတားအဆီး တစ်စုံတစ်ရာမရှိ။ အဘယ့်ကြောင့် ရပ်ပစ်လိုက်ပါသနည်း။ ထူးဆန်းသော အသံတစ်ခုကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

ယိုးမယ် မြင်းဇက်ကိုဆွဲကာ ငြိမ်ဝပ်နားစွင့်လိုက်မိသည်။ အသံလေးမှာ တိတ်ဆိတ်မှ ပိုမိုပီပြင်လာ၏။

"ဘာဂျာသံ"

ခွဲခြားသိလိုက်ပြီးနောက် တစ်ပြိုင်နက်တည်း အံ့သြစိတ်ဖြစ်မိသည်။ ဤနေရာ၊ ဤဒေသ၌ ယခုလိုအသံမျိုးကြားမိ၍ ထူးဆန်းသလိုလည်း ခံစားရသည်။ သူမ တစ်ခါမှ မကြားဖူးခဲ့ပါ။ နားထောင်ကြည့်ရသလောက်လည်း ရောက်တတ်ရာရာမဟုတ်။ ကျွမ်းကျင်ပိုင်နိုင်စွာ စီးပိုးအသက်သွင်းနိုင်သူတစ်ယောက်၏ လက်ရာမျိုး။

တိတ်ဆိတ်လေ ရှင်းလေမို့ အသံထွက်လာရာကို ခန့်မှန်းမိသည်။ ရှေ့ကွေ့လေးအလွန်မှဖြစ်၏။ တစ်ပြိုင်နက်တည်း စူးစမ်းလိုစိတ်ဖြစ်မိသည်ကြောင့် . . .

ဇက်ကိုလွှတ်တော့ မြင်းလေးက အလိုက်သင့်ပါလာသည်။ ဇက်ကုန်တော့ လွှတ်မပေးရဲ။ သင့်သလောက်သာ လျှော့ပေးထားသည်။ မြင်းဖြူလေးမှာ တစ်လှမ်းချင်းလှမ်း၍ ကွေ့ချိုးလေးအလွန်ကိုရောက်တော့ ဘာဂျာသံပျောက်သွားသည်။



ပတ်ဝန်းကျင်ကိုစူးစမ်းတော့ ထူးခြားမှု ရှိမနေပါ။ ထိုစဉ်မှာပဲ ဘာဂျာသံလေးမှာ ပြန်ပေါ်လာလေသည်။ ဒီတစ်ခါတော့ အသံထွက်ပေါ်ရာအရပ်ကို လေ့ကျက်မိသွားခဲ့ပြီ။ ညာဘက်တောင်ကုန်းလေးပေါ်မှ ထွက်လာနေခြင်းဖြစ်ပါ၏။

မြင်းခွာသံကို အတတ်နိုင်ဆုံး လုံအောင်ထိန်းရင်း ညာဘက်ကို ချိုးဝင်လိုက်သည်။ သစ်ပင်ငယ်အချို့ကို ဖြတ်ကျော်မိတော့ . . .

"ဟယ် . . ."

"သူ . . ."

'ဟယ်' နှင့် 'သူ' စကားနှင့်ဝက်လောက်သာခြားရင်း ဆက်တိုက်ထွက်သွားသည်။ တောင်ကုန်းလေးထက်ဆီမှာ ကျောပေးအနေအထားဖြင့် ထိုင်နေသူတစ်ယောက်။ လောကကြီးကိုမေ့ကာ ဘာဂျာလေးတစ်လုံး၌ စီးမျောနေသည်။

သူပါပဲ၊ မှားစရာမရှိ။ မနက်ကတင် အင်္ကျီဗလာဖြင့် သူမတို့ခြံရှေ့မှ ဖြတ်လျှောက်သွားသူ။ ယခု အင်္ကျီဝတ်ထားပေမဲ့ သူ့ရဲ့ကျောပြင်နှင့် ဆံပင်ပုံစံ၊ ခန္ဓာကိုယ်အနေအထားကို မှတ်မိနေသည်။ သူ့လက်ကြားဆီမှ ဘာဂျာလေးမှာ ရင်ကိုခွဲပြီး အော်မြည်ပေးနေ၏။

နားထောင်လို့ ကောင်းလိုက်တာ။

ယိုးမယ်ရော၊ မြင်းဖြူလေးပါ တုပ်တုပ်မျှ မလှုပ်တော့။ ဒါဟာ ဂီတတစ်ခု၏ အသက်သွေးကြောမှာ ပျော်ဝင်သွားတာလား။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လွှမ်းမိုးထားမှုမှ ရုန်းမထွက်နိုင်တာလား၊ မဆေခွဲတတ်။ ငြိမ်သက်ပင့်ရှိုက်သွားတာတော့ သေချာသည်။

ဒီသီချင်းကို သူမကြားဖူး၏။ ရေဒီယိုတွင် ခဏခဏလာသည်။ ပြီးတော့ သူမကျောင်းနေစဉ်တုန်းကလည်း ကျောင်းတွင် ဆိုဖူးသည်။ အဆိုတော် ခင်ညွန့်ရီရဲ့ 'ဗမာ့ကြွေးကြော်သံ' သီချင်း။

ဒါပေမဲ့ သူ့လက်ရာက မူရင်းနဲ့မတူပဲ လွှမ်းလွှမ်းဆွေးဆွေးနိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

အလွတ်နီးနီးရနေသောသီချင်းမို့ စိတ်ထဲက လိုက်ဆိုမိသည်။

"ပြည်ထောင်စုကို အသက်ပေးလို့ဖြစ့် ကာကွယ်မယ့်သူတွေ × × × ဘိုးဘွားအမွေနှစ်မို့ ချစ်မြတ်နိုးသတဲ့လေ၊ ဒါတို့ပြည်၊ ဒါတို့မြေ ကြွေးကြော်သံကြီး မြည်ဟည်းနိုင်မာစေ × × × မေးပါရစေတော့ မောင်တွေ၊ မယ်တွေ × × × ဘယ်ပုံဘယ်နည်းကာကွယ်၊ ကာကွယ်ကြမှာတုံးလေ"

သူကတော့ နောက်တွင် သူမရောက်နေသည်ကို သိပုံမပေါ်ပါ။ သီချင်းသံနှာသထောင်ရတာ ကြက်သီးထဖို့ပင် ကောင်းနေသည်။ သူ၏ ပြင်းထန်သောစိတ်ဓါတ်အဟုန်တွေ အလုံးအရင်းနဲ့ ပါနေသလိုမျိုး။

"တာဝန်တွေ ကိုယ်စီသိထားလေ၊ လိုမည် သတိတရားတွေ × × တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့မြေကြီးကို ကာကွယ်လေ × × × တို့ အခြေခိုင်မြဲ မယိုင်လဲအောင်လေ။ ကြည်းတပ်ရေတပ်၊ လေတပ်တွေ × × ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ × × × ပေါင်းရုံးလို့ အားအင်ဖြည့်ပါလေ"

သီချင်းဆုံးတော့ ကနောင် ဆို့နင့်ကြေကွဲမိပါသည်။ လက်မောင်းသားတွေမှာ ကြက်သီးတွေ စူးခနဲ စူးခနဲ ပွင့်နေ၏။

အမေရေ . . . အမေ့သီချင်းကို သူတို့ ပြောင်းပြန်လှန်ပစ်လိုက်ကြပြီ။ တိုင်းပြည်ကို ကာကွယ်မဲ့သူတွေက တိုင်းပြည်ရဲ့ ရင်သွေးတွေကို . . .

စာအုပ်နဲ့ ဘောပင်သာ ကိုင်ထားတဲ့ ကျွန်တော်တို့ ကျောင်းသား / ကျောင်းသူတွေကို ရက်ရက်စက်စက် . . .

"တောက်"

ဟော . . . သီချင်းဆုံးသွားပြီ။ သို့ပေမဲ့ မှော်အုပ်ခံထားရသူ တစ်ယောက်လို သူမ ငြိမ်သက်ကြောင်ေးလျက် ရှိနေတုန်းပါ။ သူက



တော့ လက်ထွင်းမှ ဘာဂျာကိုချကာ အနောက်ဘက်တောင်ရိုးပေါ်မှ မေးတင်လုလု နေလုံးကြီးအား မမှိတ်မသုန် စိုက်ကြည့်နေသည်။ ထို့နောက်မှာ သူမရှိရာကျောဘက်သို့ ဆတ်ခနဲလှည့်လိုက်ရာဝယ် . . .

"အို . . ."

သူစိုးလူမိသလို ယိုးမယ် ရှက်ရွံ့ထူပူသွားသည်။ ထိုအချိန်ရောက်မှ သတိဝင်ကာ မြင်းကိုဇက်ဆွဲရင်း လှည့်ပြေးရတော့၏။ ရှက်စိတ်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ရေနွေးပူနဲ့ အပက်ခံရသလို စပ်ဖျင်းထူအမ်းသွားသည်။

ကျွန်တော်ကတော့ ရှက်အမ်းပြိုလဲသွားသူ မိန်းကလေးအား နူးစူးတောက်တောက် ငေးသွားမိပါသည်။

အဖြူရောင်မြင်းနဲ့ အဝါရောင် နတ်သမီးတစ်ပါး၊ ရပ်တန့်မှု အလျဉ်းမရှိဘဲ မြင်းကိုဒုန်းစိုင်းကာ ရွာဘက်လှည့်ပြေးသွား၏။ ကိုယ်တွင်းမှ ဘာဒ်သာဗေဒတစ်ခုကို အားယူအဖြေရှာမိသည်။

ကျွန်တော်လည်း ရင်ခုန်နေပါသည်။

သူမကို သိနေခဲ့တာ ကြာပါပြီ။ ဘယ်လိုရေစက်ရယ်မသိ။ မြင်းစီးသောမိန်းကလေးကို သမိုင်းစာအုပ်နှင့် တယ်လီဗေးရှင်းတွေထဲမှာသာ မြင်ဖူး၏။ မျက်ဝါးထင်ထင်တွေ့တော့ မဟာပဲဆန်နေသလို။

ဒီညနေခင်းလေးကို ဖြစ်နိုင်လျှင် သိမ်းဆည်းထားချင်၏။ အိမ်ပြန်ရောက်တော့ 'ရွှေဂဲ'နှင့် စကားတွေအများကြီး ပြောဖြစ်သည်။

မြင်းစီးသော မိန်းကလေးအကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

# XVIII

"ချလွင် . . ."

ခြူသံလေးထွက်သွားစဉ် . . .

"နီ နီ . . . နီ နီ . . . နီ . . ."

ရှေ့ဂဲဆီမှ သတိပေးသံလေး ထွက်ပေါ်လာ၏။ နောက်ပြား ကိုယ်စီနှင့် မြောင်းဖော်နေရာမှ ကျွန်တော်တို့တူရီးနှစ်ယောက် ခြံဝဆီလှမ်း ကြည့်မိတော့ . . .

"ကိုကြီးမောင် . . ."

နှုတ်မှ တိုးတိုးထွက်သွား၏။ ပွေးလှကုန်းရွာ၏ မျက်နှာဖုံး သူဌေးကြီး ဦးချမ်းသာရဲ့ လူယုံတော်(သို့) တူတော်မောင်။ ဦးလေးသောင်း နဲ့က အရင်တည်းက ရင်းနှီးနေသူ။ ရောက်လာတာ မကြာသေးပေမဲ့ ခြံထဲကို ခဏခဏလာတတ်သည့်အပြင် လူငယ်ချင်းလည်း ဖြစ်သည် မို့ ကျွန်တော်နဲ့လည်း အတော်အတန် ရင်းနှီးသည်။

ကျွန်တော်တို့အနီးရောက်လာတော့ . . .

"တူရီးနှစ်ယောက် စောစောစီးစီးအလုပ်ကြိုးစားနေကြပါလား" ဦးလေးသောင်းက နှစ်လိုဖွယ်ပြုံးရင်း . . .



"မနက်စောစော ရောက်လာတာထောက်ရင် ပန်းတွေညှိုးတုန် းမှတ်တယ်"

"ဟုတ်ပါ့ဗျာ . . . သုံးရက်ပြည့်ပြီလေ"

ကိုကြီးမောင်မှာ ကျွန်တော်တို့ခြံသို့ သုံးရက်တစ်ခါ ပန်း လာဝယ်တတ်သူ။ ပန်းခူးဖို့ကိစ္စအား ဦးလေးသောင်းက ကျွန်တော့်ကို တာဝန်ပေးပါသည်။ ထို့ကြောင့် လုပ်လက်စအလုပ်ကိုချကာ ပန်းခင်း ဆက် ဆင်းခဲ့လိုက်သည်။ ကိုကြီးမောင်မှာ ကျွန်တော့်နောက်က ပါလာ ၏။

နှင်းဆီခင်းရှေ့ရောက်တော့ × × ×

"နှင်းဆီပဲယူမှာလား"

"ရတယ် . . . ဘာပန်းပဲဖြစ်ဖြစ်၊ များများသာခူးပေးနော်။ မနက် ဖြန် နတ်ပြရင်းလည်း သုံးရဦးမှာ"

"ရှီးရာနတ်လားဗျ"

"မဟုတ်ဘူး ကိုကြီးကျော်"

ကိုကြီးကျော်နတ်ပြသည် ဆိုတာကြောင့် အနည်းငယ်တော့ အံ့ သြသွားရသည်။ ဒါပေမဲ့လည်း ကိုယ်နဲ့မဆိုင်သည်မို့ ဆက်မမေးဖြစ် တော့။ ဝယ်သူအလိုကျအတိုင်း ပန်းသာများများခူးပေးလိုက်ပါသည်။ လိုသလောက်ရတော့ တဲအိမ်လေးဆီ ပြန်လာခဲ့သည်။

ပန်းစည်းကို နီးထုတ်ပေးတော့ ကိုကြီးမောင်က ဝါးကွပ်ပျစ် လေးပေါ်မှ ကျွန်တော်ဖတ်လက်စ စာအုပ်နှစ်အုပ်ကို လှန်လှောကြည့် နေ၏။

'မြန်မာမင်းအဆက်ဆက် အုပ်ချုပ်ပုံစာတန်းများ' စာအုပ်နှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော 'အမေရိကန်နိုင်ငံရေး' လှုပ်ရှားမှု



www.burmeseclassic.com

www.burmeseclassic.com

သမိုင်း' စာအုပ်တို့ဖြစ်ပါသည်။ ကိုကြီးမောင်က ထိုစာအုပ်နှစ်အုပ်အား ဖင်တစ်ပြန် ခေါင်းတစ်ပြန် လှန်လှောကြည့်နေရာမှ . . .

"ဒါတွေ ခင်ဗျားဖတ်တာလား"

"အင်း . . ."

"တော်တော်တော့ ဖတ်ရမယ်နော်"

ခေါင်းညိတ်ပြတော့ ခပ်လှမ်းလှမ်းတွင် မြောင်းဖော်နေသော ဦးလေးသောင်းက လှမ်းအော်၏။

"ကြီးမောင် . . . မင်းကိုမတွေ့တာ တော်တော်ကြာနေပြီ။ ဘယ်ပျောက်နေတာလဲ"

"မြင်းလိုက်ဝယ်နေတာ . . . ဦးလေးသောင်းတန်ရေ၊ မနေ့ကမှ ပြန်ရောက်တာ"

"ဟုတ်လား . . . ဘယ်သူ့အတွက်လဲ"

'ဘယ်သူ့အတွက်ရှိရမှာလဲ။ အိမ်တော်ရှင်မ ရှင်ယိုးဓယ်အတွက်ပေါ့။ ခြံထဲကမြင်းတွေကို တစ်ကောင်မှ သဘောမကျဘူးတဲ့လေ"

ကိုကြီးမောင်စကားကြောင့် ဦးလေးသောင်းက သဘောတကျရယ်ကာ . . .

"မင်းညီမလည်း မိန်းကလေးတန်မဲ့ မြင်းစီးတော့ ဝါသနာပါသားကွ"

"ပါဆို ငယ်ငယ်ကတည်းက ဖက်လှဲတကင်းနေလာတာကိုးဗျ။ သူစီးနေကျ မြင်းမလေး ရောဂါရပြီးသေသွားတော့ တစ်ပတ်လောက် မျက်ရည်တိတ်တာ မဟုတ်ဘူး။ အခုမှ ဘကြီးချမ်းသာက ပြန်ဝယ်ပေးတာ။ မနေ့ညနေကတောင် လိုက်စီးနေသေးတယ်"

"ဟုတ်လား၊ ငါဖြင့် မတွေ့ပါဘူး"



"မနေ့ကမတွေ့ရင် ဒီနေ့တွေ့လိမ့်မယ် . . . ဦးလေးသောင်းတန်ရေ . . . စောင့်သာကြည့်ပေတော့ ကျုပ်ညီမ အချော်အလှကို"

ကိုကြီးမောင်က ရယ်ကျဲကျဲပြောသည်။ ဦးလေးသောင်းကတော့ ခေါင်းသာငြိမ့်နေ၏။ ပန်းစည်းအား နှီးထုပ်ပြီးတော့ ကိုကြီးမောင်က ငွေဆံတစ်ရွက်ကို လက်တွင်းထည့်ပေးပြီး . . .

"ကဲ . . . သွားလိုက်ဦးမယ်"

ခြံဝဘက် ခြေလှမ်းပြင်ပြီးကာမှ . . .

"ဒါနဲ့ . . . မနက်ဖြန် အိမ်မှာ အောင်ဇေယျကြီးကို ပွဲပေးပြီး နတ်ပြမှာဗျ။ ဦးသောင်းတန်တို့ တူရီးနှစ်ယောက် ကျုပ်တို့ခြံထဲ လာခဲ့ကြမလား"

"မလာအားပါဘူးကွာ။ မနက်ဖြန် ပျိုးကျဲစရာတွေ ကျန်နေသေးတယ်"

"ဒါဖြင့်လည်း ပြီးတာပါပဲ။ ကဲ . . . ကျုပ်သွားတော့မယ်"

"အေး . . . အေး . . ."

ကိုကြီးမောင်မှာ ခြံထဲမှ အိပ့်အိပ့်ဖြင့် ထွက်ခွာသွားသည်။ ခြံပြင်ရောက်မှ နားမလည်တာတွေကို ဦးလေးသောင်းထံ မေးရပါသည်။

"ဦးလေးသောင်း . . . အောင်ဇေယျကြီး နတ်ပြမယ်ဆိုတာ ဘာလဲဗျ"

"အောင်ဇေယျဆိုတာ ဦးချမ်းသာရဲ့ အချစ်တော်နွားကြီးပေါ့ကွာ"

"နွား . . ."

"အေး . . . မင်းမမြင်ဖူးဘူးနဲ့တူတယ်။ အကောင်ကြီးကို ဟီးသို့၊ ချိုထောင်ကြီးကလည်း ချွန်နေတာမှ မြနေတာပဲ။ တကယ့်အား ကောင်းမောင်းသန် ချိုစုံနွားကြီးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"သူတို့က နွားကိုနတ်ပြပြီး ဘာလုပ်ကြမှာလဲ"

ကျွန်တော့်အမေးကို ဦးလေးသောင်းက ယောင်ယောင်လေးပြုံးပြီး တုံ့ပြန်သည်။ ပြီးတော့ . . .

"ဝါသနာဆိုတာကြီးက တော်တော်ဝွကျတာကွ"

ဆက်ပြော၏။

"ဦးချမ်းသာက နွားတိုက်ဝါသနာကြီးတယ်"

* * *



# XIX

သူမရောက်လာမှ ဘာဂျာသံလေးမှာ ပျောက်ကွယ်သွားသည်။ သူသူကင်းမဲ့လျက်ရှိနေသော တောင်ကုန်းလေးကိုကြည့်ပြီးလည်း အံ့သြသွားရပါသည်။ ခုနလေးတင် ကြားရသေး၏။ အခု အသံ ဘယ်ပျောက်သွားပါလိမ့်။ ဒါမှမဟုတ် သူမပဲ စိတ်ထင်နေလို့လား။

ခပ်ဝေးဝေးတည်းကပင် ကြားနေရတာပါ။ မနေ့ကအတိုင်း မြင်းသံကို လုံအောင်ထိန်းကာ တရွေ့ချင်းချဉ်းကပ်လာခြင်းဖြစ်၏။ ဒါသမဲ့ ယခု လူသူကင်းမဲ့နေသည်။

"ဘယ်သူ့ကို ရှာနေတာလဲမသိဘူး"

နောက်ဘက်မှအသံကြောင့် လန့်ဖျပ်ပြီး လှည့်ကြည့်စဉ် . . .

"အို့ . . ."

ပါးစပ်ကို လက်ဝါးနဲ့အုပ်လိုက်မိပေမဲ့ နောက်ကျသွားချေပြီ။

"တစ်ယောက်ယောက်ကို ရှာနေတာနဲ့ တူတယ်နော်"

"မရှာပါဘူး"

"ဟုတ်ရဲ့လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမအဖြေကြောင့် နံဘေးကိုရောက်လာပြီး စုံထောက်မျက်လုံးနဲ့ ရပ်ကြည့်သည်။ ယိုးမယ် ချက်ချင်းပင် မျက်နှာတစ်ဖက်လွှဲလိုက်ရ၏။ သူမ မျက်နှာတစ်ပြင်လုံး ထူပူရှက်အမ်းနေသည် မဟုတ်ပါလား။

"ဒါဆို ဒီမှာ ဘာရပ်လုပ်နေတာလဲ"

ခက်ချေပြီ။ ဘာကြောင့်များ ဖြေရခက်တဲ့ မေးခွန်းတွေလာမေးနေတာပါလိမ့်။

"ရှုခင်းလာကြည့်တာ"

"ဩော် . . . ဟုတ်လား"

ပျက်ချော်ချော်စကားကြောင့် သူမ အံကိုကြိတ်ကာ . . .

"ဘာဟုတ်လားလဲ"

နှုတ်ခမ်းထောင့်စွန်း မထိတထိတွန့်ကွေးပြီး . . .

"ဒါဆို . . . လာ . . ."

"ဟင် . . . အယ် . . ."

ဆတ်ခနဲ မြင်းဇက်ကြိုးကို ကိုင်ဆွဲသွားသည်။ သူမ လန့်ဖျပ်သွား၏။ ထင်မထားသည်ကြောင့် လူကနောက်ကိုလန်သွားသည်။ သူမဖြစ်ပျက်နေမှုကို တစ်ချက်မျှပင် လှည့်မကြည့်ဘဲ . . .

"မင်းရပ်နေတဲ့နေရာက တောင်ကုန်းနဲ့ကွယ်နေတယ်။ ဘယ်ရှုခင်းမှ မမြင်ရဘူး။ ရှုခင်းကြည့်လို့ရတဲ့နေရာ မင်းကိုပြမယ်"

သူမ အချစ်တော်မြင်းလေးမှာ တုပ်တုပ်မျှမလှုပ်ဘဲ သူကြိုးဆွဲရာနောက်ပါသွားပါသည်။ သူမသည်ရော၊ သူမလည်း မလွန်ဆန်နိုင်ပါ။ သူခေါ်ဆောင်ရာနောက် ပါသွားခဲ့ရသည်။

သူထိုင်နေကျ တောင်ကုန်းမြင့်လေးပေါ်ရောက်တော့ အရှေ့ဆီကို လက်ညိုးညွှန်၍ . . . .



"ဘယ်လိုလဲ . . . လှလား"

ညွှန်ပြသောအရပ်ဆီသို့ ခဏတဖြုတ်ငေးသွားမိပါသည်။ ဒီလူဤနေရာတွင် ဘာကြောင့်လာလာထိုင်ရသလဲဆိုတာကိုလည်း သဘောပေါက်မိသွားသည်။ ရိုးမပေါ်မေးတင်လုလုနေလုံး၊ မြူခိုးတို့ ယှက်သန်းစပြုနေသည့်တောတန်း၊ တောင်ကျချောင်းလေးတစ်ခု သူမတို့ရွာကိုပတ်ကာ ဖြတ်စီးနေသည်။

အတော်ကြာအောင် သူမ ငြိမ်သွားမိတော့ . . .

"မင်းကြည့်ရတာ တိရိစ္ဆာန်တွေကို သိပ်ကြင်နာပုံမရဘူး"

"ဘာဖြစ်လို့လဲ"

"မြင်းလေးတော့ ခါးညောင်းနေရှာမယ်"

"မြင်းပေါ်ကဆင်းလို့ ပြောလည်းရပါတယ်ရှင်"

လွှားခနဲခုန်ဆင်းလိုက်တော့ . . .

"သဘောပေါက်လွယ်သားပဲ"

"ဟွန်း . . ."

သူရယ်သည်။

"မင်းနာမည် ရှင်ယိုးမယ်မလား"

သူမ မျက်လုံးလေးဝိုင်းသွားတော့ . . .

"ကိုယ့်နာမည် ကနောင်လို့ခေါ်တယ် မှတ်ထား။ မေ့တတ်ရင်နောက်မှာရေးပေးလိုက်မယ်"

"ဘာရှင့် . . ."

ရယ်ပြန်ပါသည်။ အရယ်တော်တော် ဝါသနာပါသည်ထင်၏၊ ဒါမှမဟုတ် သူမကပဲ ရယ်စရာဖြစ်နေလို့လား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်က ဘယ်လိုလုပ်ပြီး ကျွန်မနာမည် သိနေတာလဲ"

"မင်းက ပွေးလုကုန်းရွာရဲ့ မျက်နှာဖုံးသူဌေးကြီးဦးချမ်းသာရဲ့ တစ်ဦးတည်းသောသမီး၊ နာမည်က ရှင်ယိုးမယ်။ အသက် (၁၉)နှစ်။ မြင်းစီးဝါသနာပါတယ်။ ဟုတ်တယ်မလား"

မျက်လုံးသာ ဝိုင်းမိပါတော့သည်။ ဒီလူ ဘယ်လိုပါလိမ့်။ သူ ကိုယ်ရေးကိုယ်တာများကို ပြောချသွားလိုက်တာ တန်းစီလို့။

"ရှင် . . . စုံထောက်လား"

'ဟက်' ခနဲရယ်သည်။

"စုံထောက်တွေကိုကြောက်လို့ လာပုန်းနေတဲ့လူပါဗျာ"

"ဘယ်လို"

သူမ နားမလည်ဖြစ်သွားပေမဲ့ သူကတော့ အေးအေးသက်သာ ပင် စကားထပ်ဆိုသည်။

"မင်း . . . မြင်းစီးတာကို အရင်က မမြင်ဖူးပါဘူး"

"ရှင့်ကိုလည်း မမြင်ဖူးဘူး"

သူမစကားကြောင့် ဟက်ခနဲ ရယ်သံကိုပြုသည်။ ပြီးတော့ တစ်နေရာကို လက်ညှိုးညွှန်ကာ . . .

"ဟောဟိုက ဥယျာဉ်ခြံကိုတွေ့လား"

ညွှန်ပြရာဆီ လှမ်းကြည့်တော့ ညာဘက်တော်တော်ဝေးဝေးမှာ ဥယျာဉ်ခြံတစ်ခုကိုတွေ့ရ၏။

"အဲ့ဒီဥယျာဉ်ခြံမှာ ကျွန်တော်နေတယ်။ ခြံပိုင်ရှင်ဦးသောင်းတန် က ကျွန်တော့်ဦးလေး။ မြို့ကနေ အလည်သဘောရောက်နေတာ ဆိုပါ တော့"



သြော် . . . ဒါကြောင့်မလို့ သူ့ကို ဒီအနီးတိုက်မှာ မြင်နေရတာကိုး။ သူမ စိတ်တွင်းမှ ပြောမိလိုက်သည်။ သူကတော့ အဝေးတစ်နေရာ ဆီသာ ငေးငေးရီရီ ကြည့်နေပါသည်။ ယခုမှ ထိုလူ့မျက်နှာကို သူမ သေချာ အကဲခတ်ခွင့်ရသည်။

ယောကျ်ားပီသသော ရုပ်ရည်ရှိ၍ ကိုယ်နေဟန်ထားနှင့် မျက်နှာပေါက်က ဗမာစစ်စစ်တစ်ယောက်ပုံစံ။ ဒါပေမဲ့ လုံးဝလိုက်ဖက်မှု မရှိတဲ့ အနီရောင်ဘာဂျာလေးတစ်လက်ကို လက်မှာကိုင်ထားသည်။

"ခစ် . . ."

သူမရယ်သံကြောင့် အဝေးကိုငေးနေရာမှ လှည့်ကြည့်လာသည်။ ပြီးတော့ . . .

"ဘာလဲ . . . ကိုယ့်ပုံစံနဲ့ ဘာဂျာကိုင်ထားလို့ သဘောကျနေ တာလား"

ရယ်ချင်ပက်ကျိမျက်နှာလေးကို အတတ်နိုင်ဆုံးထိန်းကာ . . .

"အဲ့လိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ရှင်နဲ့ သိပ်မလိုက်သလို ဘဲ"

• • •

ကျွန်တော် ပြုံးမိလိုက်သည်။ ကျွန်တော်ဝါသနာပါရာ ကျွန်တော် တို့ ကျင်လည်ကြိုးစားရာ အလုပ်တွေနှင့် ဤလိုအနုပညာပစ္စည်းလေးက ဘယ်မှာ လိုက်ဖက်ပါမည်နည်း။

ဒါပေမဲ့ ဂီတ၏ နူးညံ့မှုတွေကြားမှာတော့ ကျွန်တော် ပျော်မွေ့စ ပြုနေပါပြီ။ သူမကိုလည်း မှတ်ချက်တစ်ခု ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲကထွက်လာသော မုသားမဲ့တင်ပြမှုလေးပါ။

"မင်းကတော့ ဒီမြင်းဖြူလေးနဲ့ အရမ်းလိုက်ပါတယ်"

သူမ ပြုံးသွားလား၊ မဲ့လိုက်လား သတိမထားမိလိုက်။ မထော်မြဲခြင်းသဘောကို ထိုခဏလေးနဲ့ ကျွန်တော် နားလည်လိုက်သည်။ အကြောင့်မှန်းမသိ မြင်းပေါ်ခုန်တက်ကာ ထွက်ခွာသွားပါ၏။ ငေးမောသူသည် ယနေ့လည်း ကျွန်တော်သာဖြစ်ပါသည်"



# XX

မှတ်မှတ်ရရပါပင် ထိုညက ကျွန်တော် တစ်ရေးမှအိပ်မပျော်ခဲ့ပါ။ ဦးလေးသောင်းကတော့ ထူပွပွစိုက်ကြီးကို ပိန်လိုက်ဖောင်းလိုက်လုပ်ပြီး တခူးခူးအိပ်ပျော်နေသည်။ ကျွန်တော် အိပ်မရသည့်နောက်မှာတော့ ဦးလေးသောင်း၏အချစ်တော် ရွှေဂဲမှာ မားစာခံဖြစ်သွားရတော့သည်။

ညကြီးအချိန်မတော် ငှက်လှောင်အိမ်လေး ရှေ့တွင်ချပြီး စကားတွေပြောနေလိုက်သည်။ ရွှေဂဲအတွက်ကတော့ အကျိုးမယုတ်စေရ။ မာလကာသီးပွပွတစ်လုံး ကျွေးထား၏။

ထူးထူးခြားခြားတော့မဟုတ်။ ရှင်ယိုးမယ်ဟူသော မိန်းကလေးတစ်ယောက်အကြောင်းပါပဲ။ ပြောရတာညောင်းတော့ အတွေးကိုပြောင်းသည်။ ညနေက နှစ်ဦးသားပြောခဲ့သော စကားများကို ပြန်ကြားယောင်သည်။ သူမမျက်နှာလေးကို တသိမ့်သိမ့်ပုံဖော်ပြီး တဖွဖွကြည်နူးမိသည်။

တစ်ညလုံးပင် နေလို့ထိုင်လို့ မရခဲ့။ မနက်(၄)နာရီထိုးတော့ ဘယ်လိုမှနေမရတော့ဘဲ ပန်းခင်းများဘက်ဆီ ဆင်းခဲ့ရတော့၏။ ညမှောင်မှောင်အောက်မှာပင် ပန်းရှူးရင်း ကြည်နူးနေခဲ့သည်။ နောက်တစ်နာရီကျော်ကျော်လောက် ကြာပြီးသွားချိန်မှာ ဦးလေးသောင်း နိုးလာသည်။ ရောင်စုံပန်းတစ်ပွေ့တစ်ပိုက်နှင့် ပြန်လာသော ကျွန်တော့်ကိုကြည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com

"ဟ . . . ထူးထူးခြားခြားပါလား။ မိုးမလင်းသေးဘူး ပန်းချီဘာလုပ်မလို့တုံး"

ထင်ချင်သလိုသာထင်တော့ ဦးလေးသောင်းရေ။ ကျွန်တော်သူ့ကိုမတွေ့ရရင် မနေနိုင်တော့ဘူးဗျ။ စိတ်ထဲမှာ ရဲရဲပြောပစ်လိုက်သော်လည်း တကယ့်တကယ် နှုတ်မှထွက်လာတော့ . . .

"ကိုကြီးမောင်တို့အိမ် သွားမလို့။ နတ်ပြပွဲဖိတ်ထားတယ်လေ"

လူပျိုကြီးပေမဲ့ ဒါမျိုးတော့ နပ်ပါသည်။ ရယ်ကျဲကျဲအမူအရာဖြင့် . . .

"မင်း . . . ရှင်ယိုးမယ်ကို စိတ်ဝင်စားနေပြီမလား"

"မဟုတ်ပါဘူး"

အကြောက်အကန်ငြင်းလိုက်ပေမဲ့ မှန်တာပြောတတ်သော မျက်လုံးများကို လုံအောင်မဖုံးနိုင်ခဲ့ပါ။ ကျွန်တော့် ရှက်တက်တက်အမူအရာကို ကြည့်ပြီး ဦးလေးသောင်းက တဟားဟားအော်ရယ်သည်။

"ပိပိရိရိလေးတော့လုပ် ကိုယ့်လူရေ၊ ဦးချမ်းသာက သမီးထိန်းကြည့်လူစားမျိုး"

• • •

ပထမဆုံးအခက်အခဲက လူရှုပ်သောနေရာဌာနကို ရောက်လာရခြင်းဖြစ်ပြီး၊ ဒုတိယအခက်အခဲကတော့ ခမ်းနားထည်ဝါလှသော အိမ်ကြီးရဲ့ အရှိန်အဝါကို ထိတ်လန့်နေခြင်းဖြစ်ပါသည်။

များသောအားဖြင့် လူရှုပ်သောနေရာများကို ကျွန်တော်မသွားတတ်။ (အငြိမ့်၊ ဇာတ်ပွဲ၊ ရုပ်ရှင်ရုံ၊ ဈေး)စသည့်နေရာများကို ကျွန်တော် အမြဲရှောင်တတ်သည်။

သို့ပေမဲ့ တွန်းပို့နေသော ရင်ထဲက အားတစ်ခုကြောင့် ထိုအခက်



နှစ်ခုလုံးကို ရင်ဆိုင်ကျော်ဖြတ်၍ ခြံဝန်းတွင်း ဝင်ခဲ့ပါသည်။ အိမ်ရှေ့မြေကွက်လပ်တွင် လူတွေ များပြားကာနေသည်။ ရောင်နီထွက်စပင် ရှိသေးပေမဲ့ ပွဲငယ်တစ်ခုမျှ စည်ကား၍နေ၏။

ဤခြံတွင် ဒီလောက်လူအများကြီး မနေနိုင်ပါ။ ပုံစံတွေကြည့်ရတာ ရွာထဲက လာရောက်ကြည့်ရှုသူများ ဖြစ်နိုင်ပါသည်။ ပန်းစည်းလေးကိုင်ကာ ခြံထဲဝင်လာသော ကျွန်တော့်ကို မည်သူမှ သတိထားမိပုံမပေါ်။ ကိုယ့်ကိုယ်ကိုယ် မလုံနေသူမို့ သတိမထားတာပဲ ကောင်းပါသည်။

လူအုပ်ကြီးက ဝိုင်းကြီးပတ်ကာ အလယ်မှအရာတစ်ခုကို စိတ်ဝင်တစား ကြည့်ရှုနေကြ၏။ ဘာလုပ်ရမှန်း မသိသည်မို့ အများနည်းတူ တိုးဝင်ကြည့်မိတော့ . . .

လွှဲနှစ်ဖွာလုပတောင့်တင်းသော နွားကြီးတစ်ကောင်။ နွားကြီးရှေ့မှာ အသေအချာထိုးထားသော နတ်စင်တစ်စင်။ နတ်စင်အပေါ်ဆုံးမှာ အား ကိုကြီးကျော်ရုပ်တု။ ထိုအောက်မှာက အုန်းပွဲ၊ ငှက်ပျောပွဲများ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကိုလည်း ထွန်းညှိပူဇော်ထားသည်။

လူတစ်ယောက်က နွားကြီးအား နဖားကြိုးမှထိန်းပေးထားပြီး နတ်ဆရာဟုထင်ရသူတစ်ယောက်က ရွတ်ဖတ်နေ၏။ ဤမျှအားကောင်းမောင်းသန်အကောင်မျိုး တစ်ခါမှမမြင်ဖူးခဲ့။ လူတစ်ရပ်နီးနီး အမြင့်ရှိပြီး ဦးချိုကြီးနှစ်ချောင်းမှာ နေရောင်တွင် တလက်လက်ထနေသည်။

ဦးချမ်းသာက ညာဘက်တွင် ကုလားထိုင်တစ်လုံးဖြင့်ထိုင်ကာ သူ့နွားကြီးအား ကျေနပ်အားရဖွယ် ကြည့်ရှုနေသည်။ ရည်ရွယ်ချက်ကြီးကြီးဖြင့် မွေးထားသောနွားကြီးမှန်း သံသယဖြစ်ဖွယ်မရှိ။ ကျွန်တော့်ကို ပထမဆုံး သတိထားမိသွားသူက ကိုကြီးမောင်။ ဦးချမ်းသာနောက်တွင် မတ်တတ်ရပ်နေရာမှ ကျွန်တော့်ကိုတွေ့တော့ ပြုံးပြသည်။ ပြီး လူအုပ်တွင်းမှထွက်ကာ ကျွန်တော်ရှိရာဘက် လျှောက်လာ၏။ အနားရောက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဦးသောင်းတန်ရော မပါဘူးလား"

သူဗိုက်ထားသောကြောင့်ဟု ထင်နေပုံရသည်။ အမှန်က ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်။ ဒါပေမဲ့ . . .

"မပါပါဘူးဗျာ၊ ခြံထဲမှာ အလုပ်တွေမပြတ်သေးတာနဲ့ နေရစ်ခဲ့တာ။ ရော့ . . . ကိုကြီးမောင် လိုအပ်မယ်ထင်လို့ ကျွန်တော် ရှူးလာခဲ့တာ"

လက်ထဲမှ ပန်းစည်းကိုကမ်းပေးတော့ . . .

"ဟာ . . . အတော်ပဲဗျာ၊ ပန်းလိုနေတာနဲ့။ ကျွန်တော်တောင် ခဏနေ ခင်ဗျားတို့ခြံဘက် လာတော့မလို့ . . . ကျေးဇူးပဲ"

ပန်းစည်းကိုယူကာ အိမ်မကြီးဘက်လျှောက်သွား၏။ ကျွန်တော်ကတော့ နေရာမှာပင် ရပ်ကျန်နေခဲ့သည်။ လူကရပ်နေပေမဲ့ မျက်လုံးကတော့ အငြိမ်မနေပါ။ ရှင်ယိုးမယ်ကို တွေ့လိုတွေ့ငြား မျက်လုံးရောက်သလောက် ရှာကြည့်မိပါသည်။ ခြံထဲမှာ လူတွေကမနည်း။ သို့သော်မဲ့ ကျွန်တော်ရှာနေသူနဲ့ တူတာမရှိ။

တစ်အောင့်ကြာတော့ အိမ်တွင်းမှ ကိုကြီးမောင်ပြန်ထွက်လာသည်။ 'လာဗျာ' ဟုဆိုကာ ကျွန်တော့်ကို ပခုံးဖက်ပြီး တစ်နေရာခေါ်သွား၏။ နတ်စင်နောက်သို့ ဖြစ်သည်။ ရှေ့ဘက်တွင်သာ လူတွေဝိုင်းအုံနေကြပေမဲ့ နောက်ဘက်မှာတော့ ရှင်း၍နေသည်။

ကိုကြီးမောင်က ငှက်ပျောပွဲများကြားမှ ရှေ့ကို လက်ညှိုးထိုးပြရင်း . . .

"အောင်ဇေယျဆိုတာ ဒီကောင်ကြီးလေ"

"အင်း . . . ကျွန်တော် ရိပ်မိတယ်"

"ပွဲမတိုင်ခင် နတ်ပြရတာ ထုံးစံပဲ။ နတ်ပြပြီးတာနဲ့ ဒီကောင်ကြီးကို အမှောင်ခန်းသွင်းတော့မှာ။ အရိုင်းစိတ်ဝင်အောင်ပေါ့"

"သြော် . . . "



နွားတိုက်ခြင်းသဘောကို ရှင်းပြနေခြင်းဖြစ်သည်။

"နွားပွဲနေ့ရောက်မှ သူ့ကို အမှောင်ခန်းထဲကထုတ်မှာ။ အဲဒီအချိန်ဆို အရမ်းသတိထားရတယ်။ အရိုင်းစိတ်ဝင်ထားတာဆိုတော့ ညည်းမည်းမြင်ရာ ဝှေ့ချင်နေတာ။ ထိန်းနိုင်မှ . . . မဟုတ်ရင် မလွယ်ဘူး။ နွားပွဲနေ့ရောက်ရင် လိုက်ကြည့်ပါဦးလား"

"ဘယ်တော့လဲဗျ"

ကိုကြီးမောင်က မြန်မာရက်တစ်ရက်ကို ရွတ်ပြသည်။ တော်တော်တော့ လိုပါသေးသည်။

"ဘယ်နွားနဲ့ တိုက်မှာလဲဗျ။ ဘယ်မှာ တိုက်ကြမှာလဲ"

"ဒွေးပင်ရွာက ဦးသိုက်ညိုရဲ့ နွားနက်ကြီးနဲ့"

ဒွေးပင်ရွာဆိုတာကိုတော့ ကြားဖူး၏။ ကျွန်တော်တို့လိုပင် ရိုးမစပ်ရွာလေးတစ်ရွာ ဖြစ်ပါသည်။ ဘယ်လောက်ဝေးသည်တော့ မသိ။ တစ်ခါမှလည်း မရောက်ဖူး။

ပြီးတော့ ဦးသိုက်ညိုဆိုတာကိုလည်း မကြားဖူး။ ကိုကြီးမောင်ကတော့ တက်ကြွသောပုံစံနှင့် အံကိုကြိတ်ကာ ဆက်ပြောသည်။

"ဦးသိုက်ညိုဆိုတာလည်း ဒီနယ်တစ်ကြောမှာတော့ ဆရာတစ်ပါးပဲ။ တို့အကြီးလိုပေါ့ကွာ။ ဒါပေမဲ့ ဘကြီးချမ်းသာနဲ့ မတူတဲ့အချက်ဟာ မကောင်းတာမှန်သမျှ ဦးသိုက်နန် အကုန်လုပ်တယ်။ အရမ်းလည်း ချမ်းသာတယ်။ သူ့နွား 'တိုင်းကျော်' ဆိုတာကလည်း အဝှေ့ကောင်းနာမည်ကြီးပေါ့။ ရှုံးပွဲမရှိသေးဘူးတောင် ကြားတယ်။ ကျုပ်တို့ အောင်ဇေယျကြီးလိုပေါ့"

အရှေ့ဆီလှမ်းကြည့်တော့ နတ်ဆရာမှာ အောင်ဇေယျကြီးအားနံ့သာရေများဖြင့် ပက်ဖျန်းနေပါ၏။ နွားကြီးမှာ တိုက်ပွဲဝင်ရတော့မည်ကို သိနေသလိုမျိုး။ ဦးတခါခါ၊ လည်တမော့မော့နှင့် ရုန်းကြွနေသည်။ ဦးချမ်းသာမှာတော့ သူ့သားကြီးကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်၊



www.burmeseclassic.com

www.burmeseclassic.com

"ပြီးခဲ့တဲ့လက ကျုပ်ဘကြီးနဲ့ ဦးသိုက်ညို ကြက်ပွဲဖြစ်သေးတယ်။ ဘာပြောကောင်းမလဲဗျာ၊ ကျုပ်တို့ကြက်ခွပ်လိုက်တာမှ တစ်ဖက်ကြက်အသေပဲ။ အဲ့ဒီပွဲမှာ ဦးသိုက်ညို တော်တော်ရှုံးသွားတယ်ဗျ။ အဲဒါကို မကျေနပ်လို့ ဒီပွဲကိုစိန်ခေါ်တာ။ နွားပွဲစိန်ခေါ်တော့ ကျုပ်တို့အကြိုက်ပေါ့။ ကျုပ်တို့အောင်ဖေယျကြီးကလည်း နွားဖြစ်ကတည်းက ဖေ့လာတာတစ်ပွဲမှမရှုံးဖူးသေးဘူး။ ဟိုမှာကြည့်လေ ခင်ဗျားမြင်တဲ့အတိုင်းပဲ တက်ကြွနေတာ ဟား . . . ဟား . . . ဟား . . ."

အမှန်ပါပင်။ အောင်ဖေယျကြီးကြည့်ရတာ လည်တစ်ထောင်ထောင်နှင့် တိုက်ပွဲဝင်ရမည်ကို ထက်သန်စိတ်ပြင်းနေသည့်ဟန်။

"ဘယ်နေရာမှာ တိုက်ကြမှာလဲဗျ"

"ကျုပ်တို့ ပွေးလှကုန်းနဲ့ ဒွေးပင်ရွာကြားက ဆားမြေကွင်းမှာ"

ကိုကြီးမောင်ပြောသောနေရာကို ကျွန်တော်မသိ။

"သူတို့နယ်လည်းမရောက်၊ ကျုပ်တို့နယ်လည်း မရောက်၊ ကြားနေရာပေါ့ဗျာ။ ပွဲကြီးပွဲကောင်းတော့ဖြစ်လိမ့်မယ်။ အနီးနားရွာတွေကတောင် အောင်ဖေယျာနဲ့ တိုင်းကျော်တိုက်ကြမယ်ဆိုလို့ စိတ်ဝင်စားနေကြပြီ"

စကားဆုံးတော့ ကိုကြီးမောင်က ဘကြီးတော်စပ်သူ ဦးချမ်းသာကို တစ်ချက်လှည့်ကြည့်ကာ . . .

"ကျုပ်ဘကြီးလည်း ဒီအတောအတွင်း မူပျက်နေတယ်။ နေတာ ထိုင်တာ အရင်နဲ့မတူဘူး။ ကျုပ်အထင် လာမယ့်နွားပွဲက ဘကြီးသက်တမ်းတစ်လျှောက် ကြေးအကြီးဆုံးပွဲတစ်ပွဲ ဖြစ်လိမ့်မယ်ထင်တာပဲ"

"ဟုတ်လား၊ ဘယ်လောက်တောင် များလို့လဲ"

"အဲဒါတော့ ကျုပ်မသိဘူး"

ထိုစဉ်မှာပဲ နတ်ဆရာက အုန်းပွဲကိုမ,ပြီး ထအော်သည်။



"အောင်ပြီ . . . အောင်ပြီ . . ."

ရပ်နေသူအားလုံးလည်း တစ်ခဲနက် လိုက်အော်ကြ၏။

"အောင်ပြီ . . . အောင်ပြီ . . ."

အောင်စည်ဟိန်းသံကြီးက ခြံဝင်းတစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

"အောင်ပြီ . . ."

"အောင်ရမယ် . . ."

"အောင်ရမယ် . . ."

လက်သီးလက်မောင်းတန်းကာ အော်လိုက်သံတွေက ရိုးမတစ်ခွင် လွင့်သွားသလို။

အထက်အာကာတိုင် ထစ်ချုန်းသွားသလို။

ထို့နောက်တော့ နတ်ပြပွဲလာသူများအားလုံးကို ဦးချမ်းသာက ငါးခြောက်ဟင်းနှင့် ထမင်းကျွေးသည်။

ထမင်းဝင်စားရန် ကိုကြီးမောင်က ကျွန်တော့်ကို အသည်းအသန်ခေါ်၏။ ငြင်သာစွာပင် ငြင်းမိသည်။

ကျွန်တော်ရောက်လာခြင်းသည် နတ်ပြပွဲကြည့်ရန်မဟုတ်၊ ထမင်းစားရန်မဟုတ် . . .။

ဒါပေမဲ့ . . . ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## XXI

နောက်တစ်ရက် ကြာပြီးသွားချိန်မှာတော့ ကျွန်တော်တွေ့ချင်လွန်းလှသော (ဝါ) အိမ်တိုင်ရာရောက် သွားကြည့်ခဲ့ရသော ရှင်ယိုးမယ်ဆိုသူ မိန်းကလေးမှာ ကျွန်တော်တို့ခြံတွင်းသို့ သိုက်သိုက်မြိုက်မြိုက်ရောက်လာလေတော့သည်။ နှင်းဝေသော မနက်ခင်းတွင်ဖြစ်၏။

ကျွန်တော်တို့ ခြံဝန်း၏ ပထမတံခါးဖြစ်သော စည်းရိုးဝါးတံခါးကို သူမ အခက်အခဲမရှိ ဖြတ်ကျော်နိုင်ခဲ့ပါသည်။ သိမ်မွေ့လွန်းသောတံခါးဖွင့် အတတ်ပညာကြောင့်လား၊ ဒါမှမဟုတ် ကျွန်တော်တို့ကဝတံခါးလုံအောင် ပိတ်မထားလို့လားမသိ ခါတိုင်း မြည်နေကျခြူသံလေးမှာ မြည်မလာခဲ့။

ဒါပေမဲ့ ဒုတိယမြောက်တံခါးကိုတော့ သူမ ဖြတ်ကျော်ဖို့ မတတ်နိုင်ခဲ့ပါ။ ခွေးဂုဏ်သည် တော်လွန်းလှ၏။

"ဟုတ် ဟုတ် . . . ဟုတ် . . . ဟုတ်"

ခွေးဂုဏ်အော်သံကြောင့် သူမ ခြေလှမ်းတို့ သေချာပေါက် ရပ်သွားလိမ့်မည်။ ဒုတိယအနေနဲ့ ခြံဝန်းတွင်းကို အထိတ်တလန့် ငေးဝဲအကဲခတ်ပါလိမ့်မည်။ ခွေးဂုဏ်အသံကြားတော့ ပေါက်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေသော ကျွန်တော် ပန်းခြံအကွယ်မှ ထရပ်လိုက်ပါသည်။



"ဟင် . . ."

"အို . . . "

ကျွန်တော့်ကိုမြင်တော့ သူမ ထိတ်လန့်အံ့ဩသွားသလို ကျွန်တော့်ကိုယ်တိုင်လည်း မယုံကြည်နိုင်ခြင်း၊ လှိုက်မောမှင်တက်ခြင်းတွေနဲ့ တုံ့ဆိုင်းသွားရသည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ဘာလုပ်ရမှန်းမသိ။

ပထမဆုံး သတိဝင်လာသူက ကျွန်တော်ဖြစ်ပြီး ပထမဆုံးစကားစပြောသူကတော့ သူမသာဖြစ်ပါသည်။

"ဟို . . . ဘုရားပန်းဝယ်ချင်လို့ပါ"

ကံကောင်းတာလား၊ ကံဆိုးတာလား မသိ။ ခြံထဲတွင် ဦးလေးသောင်း ရှိမနေပါ။ မြို့တက်ရောင်းမည့်ဈေးသည်ဆီသို့ ဦးလေးသောင်းဟင်းရွက်သွားပို့သည်။ လူတစ်ယောက်လုံး ကိုယ့်ရှေ့ရောက်နေတာတောင်အရိပ်အကဲနားမလည်ဘဲ မေးလိုက်မိသေးသည်။

"ကိုကြီးမောင် မအားလို့လား"

ကျွန်တော့်အမေးကြောင့် အလိုမကျဟန်အရိပ်လေးတစ်ချက်သူမမျက်နှာတွင် ပေါ်သွားပြီး . . .

"အင်း . . . သူမအားဘူး။ ဘာလဲ . . . ဘုရားပန်းက ကိုကြီးမောင်လာဝယ်မှ ရောင်းတာလား"

ထိုစကားကြားတော့ ကျွန်တော် နှုတ်ခမ်းမဲ့ကာ ပြုံးမိလိုက်၏။ တော်တော်လာသည့် ကောင်မလေးပါလား။ အမှန်က စကားမရှိ စကားရှာ ပြောလိုက်ခြင်းဖြစ်ပါသည်။ ဒါပေမဲ့ သူမ၏ အလိုမကျဟန် တုံ့ပြန်မှုလေးကတော့ မနက်စောစော ကျွန်တော့်ရင်ကို နွေးသွားစေပါ၏။

သူမပုံစံကိုကြည့်ပြီး အနည်းငယ် စနောက်ချင်စိတ်လည်း ဖြစ်သွားသည်ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ကိုကြီးမောင်လာဝယ်မှ ရောင်းတာ"

"ဘာရှင့် . . ."

ခါးထောက်ထားသော စိမ်းစူးစူးအကြည့်တစ်ခု ကျွန်တော့်ဆီ ရောက်လာကာ . . .

"ဒါဆို ကျွန်မကို မရောင်းဘူးပေါ့"

"မရောင်းဘူး။ အလကားပေးမယ်"

မျက်စောင်းလှလှတစ်ခု ဖျတ်ခနဲရောက်လာပြီး . . .

"မယူသေးဘူး"

"ဒါဆိုလည်း ပိုက်ဆံနဲ့ပဲ ရောင်းတာပေါ့"

ပေါက်ပြားကိုချပြီး တဲအိမ်လေးဆီလျှောက်သွားလိုက်သည်။ သူမကတော့ မူလနေရာမှာပင် ရပ်လျက်ကျန်ရစ်ခဲ့၏။ ထရံကြားမှ ဓား ပါးလေးတစ်လက်ကို နှုတ်ယူပြီးတော့ . . .

"ပန်းခင်းက ဟိုဘက်မှာ"

တဲအိမ်လေးရဲ့ တစ်ဖက်ခြမ်းဆီ ညွှန်ပြလိုက်ပါသည်။

"ကျွန်မ ဒီမှာနေခဲ့လို့မရဘူးလား"

"အပွင့်မရွေးဘူးဆိုရင် နေခဲ့လေ"

မိန်းကလေးတစ်ယောက်ဖြစ်သည်ကြောင့် ပန်းကြိုက်မည်မှာ သေချာသည်။ ပန်းချင်းယှဉ်ပါကလည်း မိန်းကလေးတို့ သဘာဝအရ အပွင့်လှတာကိုသာ ဦးစားပေးပေလိမ့်မည်။ ပန်းခင်းကြီးတစ်ခုလုံး မျက်စိ ရှေ့တွင် ရှိနေလျက်မှ သူများခူးပေးတာကို မျက်စိမှိတ် မယူတန်ကောင်း ပါ။

အလိုရှိသောအပွင့်ကိုသာ လက်ညှိုးထိုး ခူးခိုင်းချင်ပေလိမ့်မည်။ ကျွန်တော့်တွက်ကိန်း မှန်သွားခဲ့ပါသည်။

"ဦးသောင်းတန် မရှိဘူးလား"



ကျွန်တော့်နောက်သို့ လိုက်ရမည်မို့ အဖော်ရှိလို့ရှိငြား မေးခြင်း ဆဲ၊ လိမ်လည်း မပြောချင်သည်မို့ . . .

"မရှိဘူး။ ဟင်းရွက်သွားပို့တယ်"

"ဒါဆို ဒီခြံကြီးတစ်ခုလုံးမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းပေါ့"

"ဟုတ်တယ်လေ"

"ရှင်က ယုံရပါ့မလား"

ကျွန်တော် ပခုံးတွန့်လိုက်မိသည်။

"ဘာလဲ . . . နှစ်ယောက်တည်းဆိုပြီး ငါ့ကိုကြောက်နေတာ လား။ ဟိုနေ့ညနေတုန်းကလည်း နှစ်ယောက်တည်းပါ"

လွန်ခဲ့သော သုံးရက်ခန့်က တွေ့ဆုံခဲ့မှုကို အကြောင်းပြုပြော တော့ သူမက နှုတ်ခမ်းကို လုပစွာ တွန့်ကွေးပြသည်။

"ဩော် . . . ဒါက ရှင်တို့ခြံလေ"

ကျွန်တော်တို့နယ်မြေဖြစ်သည်ကြောင့် သူမ လိုက်မလာရဲသည့် သဘော။

"ဒါဆိုလည်း ခုနနေရာမှာ ပေါက်ပြားချထားခဲ့တယ်။ အဲဒါ ဆို ယူလာခဲ့ချည်"

"ဘာလုပ်ဖို့လဲ"

"ငါ မဟုတ်တာလုပ်ရင် ရိုက်ရအောင်လေ။ ပေါက်ပြားနဲ့ရိုက် ရင် လူတစ်ယောက်တော့ ကောင်းကောင်းသေလောက်ပါတယ်"

ပြော့ပြီး ပန်းခင်းရှိရာဘက် ဆင်းခဲ့လိုက်သည်။ ဒီလိုဆိုပြန်တော့ လည်း သူမ မနေသာပါ။ ကျွန်တော့်နောက်ဘက် ခပ်လှမ်းလှမ်းမှ လိုက် လာသည်။ ပေါက်ပြားတော့ လက်ထဲတွင်ကိုင်မထား။ ဒါပေမဲ့ စိုးရွံ့ဟန် လေးတော့ ရှိနေ၏။ ပြုံးမိလိုက်ပါသေးသည်။

"အရင်က ဒီခြံကိုရောက်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com

အနေခက်မည်စိုးသောကြောင့် အကြောင်းမရှိ အကြောင်းရှာ လိုက်သောစကား . . .

"အင်း . . . တစ်ခါ၊ နှစ်ခါတော့ ရောက်ဖူးတယ်"

အဲဒါကြောင့် ဖြစ်ပါလိမ့်မည်။ စိုးရွံ့ဟန်ရှိပေမဲ့ ပတ်ဝန်းကျင်က သူမနဲ့ သူစိမ်းဆန်မနေ။ ဟိုဟိုဒီဒီ ငေးမောရင်း နီးစပ်ရာသစ်ပင် လေးတွေကိုပင် တို့ထိဆော့ကစားလာသေး၏။ နောက်ပြီး သူမဆော့ ဆောင်နေမှုကို ကျွန်တော်မြင်တွေ့မှာ စိုးရိမ်သလိုမျိုး တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်နေသေးသည်။

နှင်းဆီခင်းဆီရောက်လာတော့ . . .

"ဟယ် . . . လှလိုက်တာ"

ရင်ဘတ်ကိုဖိပြီး လှိုက်လှဲစွာပြော၏။ ကျွန်တော်ကတော့ သူမ နှစ်ခြိုက်သဘောကျစေမည့် ပန်းပွင့်များကိုသာ ရွေးချယ်ဖြတ်ခူးပေး လိုက်သည်။

"ဟိုအပွင့်လေး ခူးပေး"

"ဒီဘက်က ပန်းရောင်အပွင့်လေးရော"

သူမ လက်ညှိုးညွှန်ရာ ဖြစ်စေရင်း ကျွန်တော် ကြည်နူးနေမိ သည်။ လေးငါးပွင့် ရပြီးချိန်၌ ကြည်နူးမှုကို အရှိန်ထပ်မြှင့်လိုက်သည့် စကားလေးတစ်ခွန်း သူမထံမှ ထွက်လာသည်။

"တစ်နေ့က ရှင် ကျွန်မတို့အိမ်ကို လာတယ်ဆို"

"အင်း . . ."

ငုံ့ဖြတ်လုလုပန်းတစ်ပွင့်ကို လက်လွှတ်ရင်း ပြန်ဖြေတော့ . . .

"ကိုကြီးမောင်ပြောလို့"

သတင်းထွက်ပေါ်ရာအရပ်ကို ရှင်းလင်းနေသေး၏။

"ဟုတ်တယ် . . . ကိုကြီးမောင် ပန်းလာဝယ်ရင်းနဲ့ နတ်ပြ



တ်သွားလို့လေ။ ဒါနဲ့ အဲဒီနေ့က မင်းကိုမတွေ့ဘူးနော်"

"ဟွန်း . . . ကျွန်မလား ထွက်ကြည့်မှာ"

သူမစကားနဲ့ ဟန်ပန်ကြောင့် အံ့ဩရပါသေးသည်။ ဒီလောက် လူတွေအများကြီး လာကြည့်ကြတဲ့ပွဲကို ဘာကြောင့်ပါလိမ့်။

"ဘာဖြစ်လို့လဲ၊ ဒီလောက်လူတွေအများကြီး လာကြည့်တဲ့ဟာ"

"ကျွန်မက လောင်းကစားလုပ်တာကို အရမ်းမုန်းတယ်"

ဖျတ်ခနဲ လှမ်းကြည့်တော့ တကယ်ပင် မုန်းတီးဟန်အရိပ် အယောင်များ သူမမျက်နှာမှာ တွေ့ရ၏။ အဖေလုပ်သူက လောင်းကစား သမားကြီးပြီး သမီးဖြစ်သူက လောင်းကစားကို အရမ်းမုန်းတီးပါသတဲ့။ ဖြစ်တတ်ပါသည်။

ယခုပန်းဝယ်ခြင်း၊ ပန်းရောင်းခြင်းကိစ္စမှာ လောင်းကစားမဆန် သည်မို့ ကျွန်တော် လွတ်လွတ်လပ်လပ်ပင် ရောင်းပေးလိုက်သည်။ သူမစိတ်ကြိုက် ပန်းပွင့်ကြီးများ လက်တစ်ပွေ့စာရတော့ . . .

"တော်ပြီ . . . ဒီလောက်ဆို အိမ်ကပန်းအိုးတွေ ကြပ်နေလောက် ပြီ"

အမိန့်တော်အတိုင်း ပန်းခူးသောလက်ကို ရပ်ပစ်လိုက်သည်။ ဒီနောက်မှာတော့ သူမလက်တွင်းမှပန်းခိုင်များကို လက်ပြောင်းယူရင်း အိမ်လေးဆီ ပြန်လျှောက်လာခဲ့၏။

အပြန်မှာတော့ အသွားနဲ့မတူ။ ကျွန်တော့်နောက်တွင် ကပ် လျှောက်ပါလာသည်။ ဒီတော့ သူမဆီမှ ကိုယ်သင်းနံ့လိုလို ချိုအီမွှေးဆန် သော ရနံ့လေးတစ်ခု ကျွန်တော့်နှာသီးဝကို အလုပ်ပေးလာတော့၏။ ထို အခါမှာပဲ ကျွန်တော့်ရင်ခုန်နှုန်းတွေ မြန်လာတော့သည်။

မနေနိုင်မထိုင်နိုင် နောက်လှည့်ကြည့်တော့ ခေါင်းလေးငုံ့လျှောက်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လှမ်းနေ၏။ ထိုပုံစံလေးကိုမြင်တော့ ကျွန်တော့်စိတ်တွေ ယောက်ယက်ခတ်သွားတော့သည်။ ရင်ထဲမှဆန္ဒတွေက အပြင်ကို မိုက်မိုက် တိုးထွက်ချင်လာသည်။

တစ်ဦးတည်း အကြိမ်ကြိမ်ပြောဖူးခဲ့သောစကားကို ယခု လိုက်ရမည်လား။

အခွင့်အရေးယူသလို ဖြစ်ကောင်းဖြစ်သွားနိုင်သည်။ ဒါဆို လုပ်ရမည်လဲ။

ရှေ့တွင် အသီးတို့ ပြွတ်သိပ်ကြပ်ညှပ်နေသော မာလကာ လေးတစ်ပင် ရှိနေသည်။ ရွှေဂုံ၏ နေ့စဉ်စားသောက်ဖွယ်ရာ အပင် အပင်အောက်ရောက်တော့ အသီးမှည့်တစ်လုံး မြေတွင်ကြွေကျနေသည် တွေ့ရသည်။ အသီးကိုကောက်ယူပြီးချိန်၌ . . .

"မာလကာသီး စားမလား"

"ရှင် . . ."

ရုတ်တရက်လှည့်မေးသော ကျွန်တော့်၏ အူကြောင်ကြောင် စကားကြောင့် သူမ ဆွံ့အသွားသည်။ ပြီး ကျွန်တော့်လက်တွင်းမှ လကာသီးမှည့်လေးကိုကြည့်ပြီး . . .

"ဟင့်အင်း . . . မာလကာသီး မကြိုက်ဘူး"

"ဟုတ်လား . . . ဒါဆိုလည်း ပြီးရော"

သေလိုက်ပါတော့။ အစစအရာရာ သွက်လက်ခဲ့သော က ယခု ဘယ်လိုဖြစ်သနည်း။ အချစ်နဲ့ နဖူးတွေ့ဒူးတွေ့ တကယ်ရင်ဆိုင် ရလျှင် လူတိုင်းအခုလို နေမထိ၊ ထိုင်မသာ ဖြစ်တတ်ပါသလား။

မပြောရဲမဆိုရဲ ဖြစ်တတ်သလား။ အယောင်ယောင် အမှား ဖြစ်တတ်ပါသလား။ ဦးလေးသောင်းပြန်လာလျှင် မေးကြည့်ရဦးမည်။

အော်ဟစ်တောင်းဆိုသံတွေကြား၊ လက်သီးဆုပ်တွေကြား



အမိန့်ပေးစကားသံတွေကြားမှာ တိုက်ပွဲတွေ အလီလီနွှဲခဲ့သော ယောကျ်ား ...င့်မာတစ်ယောက်က အချစ်နဲ့တွေ့စဉ်မှာ ပုံပျက်ပန်းပျက်ဖြစ်ရပါသတဲ့။

စိတ်တွေယောက်ယက်ခတ်ပြီး တည်ငြိမ်မှုမရ ဖြစ်နေပါသတဲ့။ ...ချင်ယိုးမယ်ဟူသည့် မိန်းကလေးတစ်ယောက်ကို နောက်တွင်ထားပြီး ...င်တွေ တဆတ်ဆတ်ခုန်နေပါသတဲ့။

ဟိုတစ်နေ့ညနေကပင် တောင်ကုန်းလေးတစ်ခုပေါ် မြင်းဖြူ ...လေးအလယ်မှာထားပြီး တည်ငြိမ်နိုင်ခဲ့ပါသေးသည်။ ယခုလည်း မြင်း ဖြူလေး မပါတာကလွဲပြီး နှစ်ယောက်တည်းပါပဲ။ ဒါကို ဘာကြောင့် ...တ်တွေ လှုပ်ရှားနေရတာလဲ။

ကျွန်တော် မဝေခွဲတတ်။ ဦးလေးသောင်းရော ဖြေနိုင်ပါ့မလား။

နောက်ဆုံးတော့ တဲလေးဆီသာ ပြန်ရောက်လာခဲ့ပါသည်။ ...တ်ထဲမှ မာလကာသီးကိုလည်း ရှက်ရှက်နှင့် ရွှေဂုံဆီ ပစ်ပေးလိုက် သည်။ ထိုမှာ ဇာတ်လမ်းစတော့၏။

"သူက စကားတတ်တယ်ဆို ဟုတ်လား"

ကိုကြီးမောင်ထံမှ ကြားထားတာ ဖြစ်နိုင်ပါသည်။

"အင်း . . . နည်းနည်းပါးပါးပေါ့"

ခပ်ပေါ့ပေါ့အဖြေပေးပြီး လက်တွင်းမှပန်းစည်းများကို ကွပ်ပျစ် ပေါ်ချသည်။ တုပ်နှောင်ရန်အတွက် နှီးတစ်ပင်ရေသွားဆွတ်တော့ . . .

"ချင်ယိုးမယ် . . . ချင်ယိုးမယ်"

"ဟင် . . ."

ကျွန်တော် ဆတ်ခနဲလှည့်ကြည့်တော့ . . .

"ချင်ယိုးမယ်"

ရင်ထဲမှာ ဒိန်းခနဲ တစ်ချက်မြည်သွားသည်။ ချိတ်ဆွဲထားသော ...ှက်လှောင်အိမ်လေးကိုကိုင်ပြီး ကျွန်တော့်ကို မျက်လုံးပြူးလေးနဲ့ ကြည့်



www.burmeseclassic.com

နေသောသူမ။

သေလိုက်တော့။ ကိုယ့်ကိုယ်ကိုယ် အမဲဖြတ်ချမ့်သွားလောက်အောင် စိတ်ပျက်သွားသည်။ ကျွန်တော်၏ နမော်နမဲ့နိုင်ခြင်းပင်။ အချင်းနေ့များက ရွှေဂဲကို မာလကာသီးကျွေးပြီး သူ့ရှေ့တွင် ရှင်ယိုးမယ်ဆိုသော နာမည်ကို အခေါက်ပေါင်းများစွာ ကျွန်တော် ပြောထားဖူး၏။

ဘာရယ်မဟုတ် မြင်းစီးလာသော ကောင်မလေးအကြောင်းကိုလည်း ကျွန်တော် ရင်ဖွင့်ထားဖူး၏။ ယခု ဒီကောင်က . . .

"ချင်ယိုးမယ်"

သွားလေပြီ။ မာလကာသီး တစ်ပေါက်စားလိုက်၊ နာမည်တစ်ခါခေါ်လိုက်၊ မာလကာသီးစားရလျှင် နာမည်ခေါ်ရမည်ဟု ဒီကောင် ဘယ်လိုမှတ်ယူလိုက်တာနည်း။

"ချင်ယိုးမယ် . . . ချစ်ရိုက်တာ"

"ဟာ . . ."

ထူပူကာသွားလေပြီ။ လက်ထဲက ရေဆွတ်ရန်ကိုင်ထားသော နှီးပင် လွတ်ကျသွားလားမသိ။ သူမကတော့ မျက်နှာတစ်ပြင်လုံး နီမြန်းကာ ကျွန်တော့်ကိုတစ်လှည့်၊ ရွှေဂဲကိုတစ်လှည့်။

ကျွန်တော်သည်လည်း ဘာလုပ်ရမှန်းမသိ။ မတ်တတ်မေ့သွားသည့်ခဏ . . .

ခြံပေါက်ဝဆီ သူမ ချာခနဲ လှည့်ပြေးသွားတော့သည်။ သူမ၏တိုးတိုက်လိုက်မှုကြောင့် ပန်းပင်လေးတွေ လှုပ်ယမ်းသွားတော့ . . .

"ရှင်ယိုးမယ် . . ."

ခြေလှမ်းတို့ တိခနဲရပ်သွားစဉ် . . .

"ပန်းတွေ ယူသွားဦးလေ"

"မယူတော့ဘူး။ ခဏနေ ကိုကြီးမောင်လာလိမ့်မယ်"



ကျောပေးလျှက်မှပင် တုန်ရီနေသောအသံလေးတစ်ရပ် ထွက်လာပြန်တော့ . . .

"မနက်ဖြန် လာခဲ့ပါဦးလား"

သူမ နှုတ်ခမ်းကို ဖိကိုက်လိုက်မိပါသည်။ ရှက်ပြုံးနွေးနွေးလည်း ဖြစ်သွားကာ . . .

"ပန်းတွေက တစ်ရက်တည်းနဲ့ မညှိုးဘူးရှင့်"

"သန်ဘက်ခါ ဆိုရင်ရော"

သူမ နှစ်လိုစွာ ပြုံးမိသည်။ မျက်နှာတစ်ပြင်လုံးက ပူနွေးရှက်အမ်းလို့။

"ဒါဆိုရင်တော့ ပန်းတွေ မြန်မြန်ညှိုးပါစေ ဆုတောင်းရမှာပဲ"

သူမ ပြေးထွက်ခဲ့တော့၏။

• • •

တစ်အောင့်ကြာတော့ တကယ်ပင် ခြံထဲသို့ ကိုကြီးမောင်ရောက်လာသည်။ သူ့ညီမနဲ့ ပတ်သက်၍ ခပ်ညည်းညည်း တစ်ခွန်းဆို၏။

"ငါ့ညီမကတော့ တကယ့်စံပဲ။ ပန်းလာဝယ်ချင်တာလဲသူ၊ ပန်းခူးတာ မစောင့်နိုင်လို့ ပြန်ပြေးလာတာလဲ သူပဲ"

ဟော . . . ယိုးမယ် ကျွန်တော့်တို့ခြံဆီ ပန်းလာဝယ်ချင်ပါသတဲ့။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာပါ

နှင်းပွင့်တို့ လဲပြိုချိန်၌ အထက်ပါစကားလေးလုံးကို ထူးဆန်းစွာ မြင်တွေ့ရပါသည်။ မင်္ဂလာပါဟူသောစကားသည် ထူးဆန်းသောစကားတစ်ခုတော့မဟုတ်။ ဒါပေမဲ့ အမြင်ဆန်းနေ၏။ အရင်က ဤနေရာမှာ မမြင်ဖူးခဲ့။ ယနေ့မှ မြင်တွေ့ရခြင်းဖြစ်ပါသည်။

ပြုလုပ်ထားပုံမှာလည်း ထူးဆန်းလှ၏။ ဝန်းခြံတံခါးတွင် အထက်ပါစာလေးလုံးအား ပန်းလေးများဖြင့် ပုံဖော်ကာထားသည်။ ဒါသည် သူမရောက်လာမည်ကိုသိနေ၍ ကြိုဆိုပြုလုပ်ထားတာလား။

နှင်းကွဲစမနက်ခင်းလေးမှာ ကြိုဆိုထားပုံလေးက ကဗျာဆန်လှသည်။ တံခါးကို တွန်းဖွင့်တော့ . . .

"ဟယ် . . ."

အံ့ဩစိတ်ဖြင့် ကြည်နူးသွားရသည်။ ပန်းစီထားသော လမ်းလေးတစ်ခု။ ပန်းခင်းလမ်းမဟုတ်။ ဂန္ဓမာပန်း အဖြူပွင့်လေးများကို လမ်းလေး တစ်ဖက်တစ်ချက်စီမှာ စီတန်းစိုက်ပျိုးထားပါသည်။ ပန်းပွင့်ဖြူလေးတွေက သူမလျှောက်ရန် လမ်းတစ်လျှောက် ရထားသံလမ်းနှစ်ခုသဖွယ် စီတန်းရှင်းလင်းနေ၏။ ကြည့်ရတာ မျဉ်းဖြူနှစ်ကြောင်း ယှဉ်ဆွဲထားသလို။

နံဘေးတွင် ဝါးတိုင်စိုက်ထားသော ဆိုင်းဘုတ်တစ်ခု။ ဖတ်ကြည့်လိုက်တော့ . . .

> ရဲရဲလျှောက်ဝင်ခဲ့ပါ
> မင်းအတွက် ပန်းစီသောလမ်းလေး
> ဖော်ပေးထားတယ်
> ပန်းစိုက်သမားဆီမှာတော့
> ရိုးသားသိမ်မွေ့မှုတွေသာ ရှိပါတယ်။

ဒီစာလောက်ဆိုလျှင်ဖြင့် သူမအတွက်ဆိုတာ သေချာသွားခဲ့ပြီ။ ဒါဟာ သူမလျှောက်လှမ်းဖို့ ကနောင်ခင်းပေးထားတဲ့ ပန်းစီလမ်းလေးပေါ့။ နောက်ပြီး သူမဝင်လာဖို့ ကြောက်စိတ်မဖြစ်ရန်လည်း သူရိုးသားပါကြောင်း ဆိုင်းဘုတ်ထောင်ထားပေးသေး၏။

ဒီလိုဆိုပြန်တော့ ကြည်နူးစိတ်အပြုန်နဲ့ပဲ သူမ ရဲတင်းပွင့်လင်းစွာ လျှောက်ဝင်ခဲ့ပါသည်။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း . . .

ကြိုးနေကျ ရွှေဂဲအသံကို မကြားရ။ သူမရောက်လာမည်ဆိုတာ ကြိုသိနေလို့ တမင်ရှောင်ပေးထားတာ ဖြစ်ပါလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးစိတ် ရှိန်းရှိန်းတွေနဲ့ ပန်းစီလမ်းလေးမှာ သူမခြေလှမ်းတွေ တစ်လှမ်းချင်းလျှောက်လို့။

ဟိုအရှေ့ဆီမှာ ကနောင်တို့တူရီးနှစ်ဦး၏ တဲအိမ်လေးရှိပါသည်။ ဒါပေမဲ့ လူရိပ်လူယောင်မမြင်ရ။ ကနောင် ဘာတွေလုပ်ထားတာလဲ။

လမ်းဆုံးသွားတော့ နောက်ထပ်ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ ဒါကတော့ လမ်းညွှန်ဆိုင်းဘုတ်ပါ။



ညာဘက်ကိုချိုးကွေ့တော့ နောက်ထပ်ပန်းစီလမ်းလေးတစ်ခုကို ထပ်တွေ့ရပြန်သည်။ ယခုတစ်ခါတော့ အဝါရောင်ပန်းပွင့်များနှင့် စီခြယ်ထား၏။ ယခုလမ်းလေးမှာလည်း ပထမလမ်းအတိုင်း ရှင်းလင်းဆိတ်ငြိမ်လို့။

တစ်ခြံလုံးမှာ ဘာသံမှမကြားရ။

ရင်ခုန်ကြည်နူးစိတ်တွေဖြင့် လျှောက်လာရာ အဝါရောင်ပန်းစီလမ်းလေးဆုံးသွားစဉ်၌ . . .



အမြင့်မကြောက်ဘူးလို့ မျှော်လင့်ပါတယ်။
ကြောက်တတ်ရင် ခဏနားပြီးအားမွေးပါ။

ယခုတစ်ခါတွင်တော့ ဘယ်ဘက်ကိုလမ်းညွှန်ထားပါသည်။ လမ်းညွှန်မှုအတိုင်း ချိုးကွေ့တော့ . . .

ခရမ်းရောင်ပန်းလေးများကို စီတန်းလျက်တွေ့ရသည်။ ခရမ်းရောင်လမ်းလေးပေါ့။ အမြင့်မကြောက်တတ်သူမို့ ခဏနားပြီး အားမွေးရန် မလိုပါ။ စီတန်းပေးထားသော ခရမ်းရောင်ပန်းနှစ်စင်းကြားမှ လျှောက်ဝင်လာလိုက်သည်။

နောက်ထပ် လမ်းညွှန်ဆိုင်းဘုတ် မမြင်ရတော့။ အတော်အတန်လျှောက်လှမ်းပြီးချိန်မှာ လမ်းလေး၏ ခရီးဆုံးကို မြင်တွေ့လိုက်ပါပြီ။ တတိယမြောက်လမ်းလေးမှာ သစ်ပင်ကြီးတစ်ပင်အခြေသို့ ဦးတည်စိုက်ခင်းထား၏။

အရွက်အလက်စုံလင်သော အင်ကြင်းပင်ကြီးတစ်ပင်ပါ။ အသီးအပွင့်တို့ ဖူးသစ်ကာနေသည်။ ခရမ်းရောင်လမ်းလေးက ထိုအပင်ကြီးဆီသို့ ဦးတည်ကာထားသည်။ အင်ကြင်းပင်ကြီးတစ်ဖက်တွင် ကနောင်ရှိနေမှာလား။

သူမကို ဘယ်ပုံဘယ်နည်းနှင့် စောင့်ကြိုနေမှာလဲ။ ယခုကဲ့သို့ ပန်းစီလမ်းလေးတွေဖြင့် ညွှန်ပြခေါ်ဆောင်ထားတာကရော ဘာအဓိပ္ပာယ်လဲ။ အတွေးပေါင်းများစွာနဲ့ သူမ ရင်ခုန်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်ကြင်းပင်ကြီးမှာ အုံ့ဆိုင်းလှပလွန်းလှ၏။ အကိုင်းအခက်တို့ကား စွင့်စိမ်းစိုနေသည်။ ရင်ခုန်လှိုက်မောစွာ လျှောက်ရှိုင်း အပင်ခြေ ရောက်သွားစဉ်မှာတော့ . . .

ပင်စည်ကြီးက မွဲခြောက်ခြောက် စိမ်းပုပ်ရောင်ကို ဆောင်ထားသည်။ အောက်ခြေတွင် အင်ကြင်းပန်းခြောက်များ ကျဲလွင့်ကြွေကျထား၏။ အရှေ့ဘက်ပန်းခင်းစပ်ဆီမှာ လိပ်ပြာလေးတွေ ကူးလူးပျော်လွှားနေသည်။

ဒါပါပဲ။

ဒါ့ထက်ထူးခြားမှုမရှိ။ ပန်းစီလမ်းလေးဆုံးတော့ အင်ကြင်းပင်ကြီးအောက်ကိုရောက်လာသည်။ ဒါပဲဖြစ်၏။ လေတိုးသံသဲ့သဲ့မှတစ်ပါး အားလုံးတိတ်ဆိတ်နေသည်။ ယခုချိန်ထိ လူရိပ်လူယောင် မမြင်ရသေး။

ကနောင် ဘယ်မှာလဲ။

သူမအတွက် စီစဉ်လမ်းညွှန်ထားတာ သေချာပေမဲ့ လမ်းဆုံးနေပါပြီ။ ကနောင့်ကိုမတွေ့။ အနီးဝန်းကျင်ကို သတိထားရင်း အင်ကြင်းပင်ကြီးကို တစ်ပတ် ပတ်ကြည့်လိုက်တော့ . . .

"ဟယ် . . ."

မြင်ကွင်းကိုကြည့်ပြီး ပင့်သက်လှိုက်မောသွားသည်။ လုံးဝထင်မထား။ သူမရပ်နေရာ၏ တစ်ဖက်ခြမ်းမှာ ပန်းလေကားလေးတစ်ခု အပေါ် ယံကြည့်ပြီး ခိုင်းနှိုင်းလိုက်ပေမယ့် တကယ့်တကယ်က ဝါးလှေကားလေးပါ။ ဝါးလှေကားလေး၏ လက်ရန်းနှင့်ခြေနင်းပေါ်မှာ ပန်းပွင့်တွေ စီခြယ်ကပ်တွဲထားသည်ကြောင့် ပန်းလှေကားဟု သုံးနှုန်းလိုက်ခြင်းဖြစ်သည်။

ဘေးတွင် စာတစ်စောင် ကပ်ထားသေး၏။



**ရဲရဲတက်ခဲ့ပါ**

**နိုင်ခံ့မှုအတွက် တာဝန်ယူပါတယ်**

သူမစိတ်တွင်းမှ ပြုံးမိသည်။ အပင်ပေါ်လှမ်းမျှော်ကြည့်တော့ နောက်ထပ်လှေခါးနှင့်ဆင့်ကို တွေ့ရပါသည်။ သစ်ကိုင်းတစ်ခုမှ တစ်ခုသို့ ချိတ်တွဲ၍ လှေကားသွယ်ထားခြင်းဖြစ်သည်။

စဉ်းစားမနေတော့၊ ဤမျှဆွဲဆောင်ထားမှုကို မြင်ယုံဖြင့် စိတ်ဝင်စားဖို့ ကောင်းနေပါပြီ။ ပြီးတော့ ဤမျှအပင်ပန်းခံ လုပ်ဆောင်ထားမှု၏ အဆုံးသတ်ကို သိချင်နေသည်။

ခြေတစ်လှမ်းတက်တော့ ဝါးလှေကားလေးဆီမှ အချင်းချင်းအံကြိတ်သံတွေ ထွက်လာသည်။ နိုင်ခံ့မှုကို အာမခံထားသည်မို့ နောက်တစ်ဆင့် ထပ်တက်လိုက်သည်။ ပြီးတော့ တတိယအဆင့် . . .

ပထမလှေကားဆုံးသွားစဉ်မှာ ဝါးခြမ်းလေးများဖြင့် လူတစ်ကိုယ်ရပ်ရရုံ ခြေနင်းပြားသဘောမျိုးလေးတစ်ခု လုပ်ထားသည်။ ခြေစုံရပ်ကာ ပန်းလှေကားလေး၏ကူညီမှုဖြင့် သူမ အင်ကြင်းပင်ပေါ် ရောက်ခဲ့ပါပြီ။

အမြင့်မကြောက်ပေမဲ့ သစ်ပင်တစ်ခါမှ မတက်ဖူးသူမို့ အနည်းငယ်တော့ ကြောက်စိတ်ဖြစ်မိသည်။ ဒါပေမဲ့လည်း ထိုကြောက်စိတ်က ရင်ခုန်မှုကို မကျော်လွန်နိုင်ပါ။ ဤလှေကားထစ်များအဆုံးတွင် ဘာရှိနေမလဲ။ ရင်ခုန်စွာ သူမသိချင်နေသည်။

အပေါ်ကို မော့ကြည့်တော့ လိမ်ယှက်ကာတက်နေသော အင်ကြင်းကိုင်းကြီးများနှင့် အင်ကြင်းပန်းများကို တွေ့ရသည်။ သစ်ပင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ပဲလား၊ အင်ကြင်းပွင့်အနံ့ပဲလား မသိ။ သူမနှာသီးဖျားမှာ ရနံ့တစ်ခုကို ခံစားနေရ၏။ တံတွေးတစ်ချက် မျိုချလိုက်သည်။

ဒုတိယလှေကားအတွက် ပဏာမခြေတစ်လှမ်း၊

ဝါးလုံးလေးများ၏ အံကြိတ်သံ ထွက်လာပြန်သည်။ ပန်းပွင့်လေးများကို မနင်းမိစေရန် အာရုံထားတက်လှမ်းနေရသည်မို့ အမြင့်ပိုင်းသို့ တဖြည်းဖြည်း ရောက်လာကြောင်း သတိမထားမိလိုက်။ ဒုတိယလှေကားမှာ စုစုပေါင်း ကိုးထစ်ရှိပါသည်။

လှေကားကိုးထစ်ဆုံးတော့ ပထမလှေကားအဆုံးလို ရပ်နားရန် ခြေနင်းပြားလေး လုပ်ထားပေးသေး၏။ ထိုအပေါ်ရောက်မှ သူမရောက်နေသောအမြင့်ကို သတိထားမိလိုက်သည်။ ဘုရား၊ ဘုရား အမြင့်မေနည်းမှာမဟုတ်။ အပေါ်တွင် နောက်လှေကားတစ်စင်း ကျန်သေး၏။

သက်ပြင်းကိုချကာ ခြေလှမ်းကိုစသည်။ ဘယ်လိုပဲဖြစ်ဖြစ် လှေကားဆုံးအောင်တော့ တက်ရပေမည်။ အင်ကြင်းပင်၏ လှေကားအဆုံးတစ်နေရာ၌ သူမစိတ်ကို ပြင်းပြင်းပြပြ ဆွဲဆောင်ထားသော အရာတစ်ခု ရှိနေနိုင်သည် မဟုတ်ပါလား။

လှေကားလက်ရန်းနှင့် ခြေနင်းတွင် ချိတ်ဆွဲသီကုံးထားသော ပန်းပွင့်လေးတွေ လေရှိန်ကြောင့် ဖျတ်ဖျတ်လွင့်နေသည်။ ယိုးမယ်မှာတော့ ရောင်စုံပန်းပွင့်လေးများကို ရှောင်နင်းရင်း တတိယလှေကားကို တက်လှမ်းနေ၏။ အဆုံးကိုတော့ လှမ်းမြင်နေပြီ။ လှေကားအဆုံး သစ်ပင်ခွကြား၌ လင့်စင်ငယ်သဘောမျိုးလေး တစ်ခုဆောက်လုပ်ထား၏။

ခေါင်းတည့်တည့်အမြင့်မှာမို့ ထိုလင့်စင်ငယ်လေးပေါ်တွင် ဘာရှိနေသလဲ မမြင်ရသေး။ ထိုအပေါ်တွင် ကနောင်များ ရှိနေမှာလား၊ လှေကားဆုံးလျှင်တော့ တွေ့ရလိမ့်မည်။ အားလုံးပေါင်း ဆယ့်တစ်ထစ်။



နောက်ဆုံးလှေကား ဖြတ်ကျော်ပြီးချိန်မှာ အထင်နဲ့အမြင် တော်တော်ကွဲသွားချေပြီ။ လင့်စင်ပေါ်တွင် ဘာမှရှိမနေပါ။ ဒါဆို . . .

အံ့သြစိတ်အဟုန်ဖြင့် အင်ကြင်းပင်ခွကြား လင့်စင်ငယ်ပေါ်တွင် မတ်တတ်ရပ်မိစဉ်မှာပဲ . . .

အောက်ဘက်မှ လှုပ်ရှားမှုတစ်ခု။

"ဟင် . . ."

သစ်ကိုင်းတစ်ခုကို အားပြုကာ ငုံ့ကြည့်တော့ . . .

ကနောင်။

မြေပြင်မှထောင်ထားသော ပထမလှေကားကို ဖြုတ်ကာ ထမ်းယူသွားသည်။ ပြီးတော့ နီးစပ်ရာသစ်ပင်တစ်ပင်တွင် သွားထောင်ထား၏။ သူမ တုန့်လှုပ်သွားသည်။ ကနောင် ဘာလုပ်လိုက်တာလဲ။ မြေပြင်မှလှေကားကို ဖြုတ်ယူတော့ သူမ မည်ကဲ့သို့ ဆင်းရမည်နည်း။

မေးမည်ပြုတော့ ကနောင်က အင်ကြင်းပင်အောက်မှ လှစ်ခနဲအောင် ပြေးထွက်သွားသည်။ ကနောင်ပြေးသွားရာနောက် သူမလိုက်ကြည့်မိစဉ်မှာပဲ အင်ကြင်းပင်ကြီး၏ အရှေ့ဘက်မလှမ်းမကမ်း တစ်နေရာတွင် ရပ်သွားသည်။

ကနောင်ရပ်လိုက်ရာနေရာက သူမ၏ရှေ့တည့်တည့်၊ သူမရှိနေရာ လင့်စင်ပေါ်မှ ရှင်းလင်းပြတ်သားစွာ တွေ့မြင်နေရသည့် မြေပြင်တစ်နေရာ။

ကနောင်၏ညာဘက်ဘေးတွင် ဝါတာ (သို့) ပလတ်စတစ်အပြာရောင်အုပ်ထားသော ရှည်မျောမျောအရာနှစ်ခု။ ထိုနှစ်ခုဘေးတွင် ရပ်ကာ ကနောင်က သူမရှိရာလင့်စင်ပေါ် မော့ကြည့်သည်။ ပြီး လက်နှစ်ဖက်ကို ဖြေ့ရမ်းကာ အမူအရာတစ်ခု လုပ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com

'မျက်လုံးပိတ်ထား' ဟူသော အမှုအရာ။

ပထမတော့ ယိုးမယ် ကြောင်အအ ဖြစ်နေသေး၏။ သုံး၊ လေး ကြိမ်လုပ်ပြမှ သဘောပေါက်ကာ ကနောင်လုပ်သလို သူမ မျက်လုံးမှိတ် လိုက်သည်။ ရင်ခုန်နေ၏။ သူမကို ဘာကြောင့် မျက်လုံးမှိတ်ခိုင်းထား လဲ။ ကနောင်သားမှ ဝါတာအုပ်ထားသည့် ရှည်မျောမျောအရာက ဘာ လဲ။

လက်ဝါးနှစ်ဖက်ကို မျက်လုံးတွင် အုပ်ထားလိုက်သည်။ ရင် ခုန်မှုကြောင့် လက်များပင် တဆတ်ဆတ်တုန်နေသလို၊ မျက်လုံးဖွင့်လျှင် ဘာတွေ့ရမှာလဲ။ ထိုမေးခွန်းက ရင်ထဲတွင် အထပ်ထပ်ပဲ့တင်ပြီး သထား လ။

"ရပြီ . . . ဖွင့်တော့"

မြေပြင်မှ အော်သံတစ်ခုထွက်လာပြီးနောက်မှာ . . .

မှိတ်အုပ်ထားသောမျက်လုံးအား ဖွင့်ချလိုက်ပါတော့သည်။

မျက်လုံးဖွင့်ဖွင့်ချင်း တွေ့လိုက်ရသည်ကား . . .

"အို့ . . ."

ဖုံးအုပ်ထားသော ဝါတာတစ်စမရှိတော့။ ထိုအောက်မှာ အဖြူ ရောင်ပန်းခင်းတစ်ခင်းရှိနေသည်။ ရိုးရိုးပန်းခင်းမဟုတ်။ အဓိပ္ပာယ်တစ်ခု ကို ဖော်ဆောင်ထားသောပန်းခင်း။

ယိုးမယ်ကို ချစ်တယ်



ခုန်လွန်းသွားသောရင်ကို လက်နဲ့ ဖိထားလိုက်ရသည်။ လုံးဝ ထင်မထား။ ဒါဟာ ကနောင် သူမကို ချစ်ရေးဆိုလိုက်တာပေါ့။ မြေပြင် မှ အဖြူရောင်ပန်းလေးတွေက ဝေဟင်မှ သူမကို စီရီညီညွတ်စွာ ချစ်ခွင့် ပန်နေတာပေါ့။

သူမကို အမြင့်တက်ရန် ဆွဲဆောင်ထားသော ရည်ရွယ်ချက် အား ယခုမှ သိလိုက်ရသည်။ ပန်းခင်းမှပြောသောစကားသည် အမြင့် ပေက ကြည့်ပါမှ ရှင်းလင်းနားလည်စွာ မြင်နိုင်သည်မဟုတ်ပါလား။

ကနောင်က ထိုပန်းခင်းလေးရှေ့တွင် ဒူးထောက်ကာ လက်နှစ် ဖက်ကို စုအုပ်ကိုင်ချည်ထား၏။ ဒူးထောက်အသနားခံနေသည့်သဘော။

သူမကတော့ ရင်ခုန်လွန်း၍ အသက်ရှူပင် မမှန်ချင်တော့ပါ။ ကြည်နူးစိတ်အဟုန်၊ ရှက်အမ်းစိတ်အဟုန်ဖြင့် ရင်တွင်းမှာ တလှပ်လှပ်။ နောက်ထပ်အုပ်ထားသော အရာတစ်ခု ကျန်နေသေးသည်။ ထိုအရာက ရော ဘာလဲ။

ယိုးမယ်စိတ်ကို နားလည်သည့်အလား ကနောင် ဒူးထောက် နေရာမှ ထသည်။ ပြီးနောက် ဒုတိယမြောက် ဖုံးအုပ်ထားသောအရာကို ဆွဲဖွင့်လိုက်ပါသည်။ ကနောင်ဆွဲယူလိုက်သော ဝါတာအောက်တွင် ပေါ် လာသော ပန်းတစ်ခင်းမှာကား . . .

ပြန်ချစ်မှာလား . . . ?

www.burmeseclassic.com

www.burmeseclassic.com

ပြီးသွားခဲ့လေပြီ။

ချစ်ခွင့်ပန်ပြီးသည်နှင့် အဖြေပေးရန်ကိုပါ တစ်ခါတည်း ထည့်သွင်းထားသည်။ သူမနှုတ်ခမ်းကို ဖိကိုက်တော့ ကနောင်က 'ဘယ်လိုလဲ' ဟူသည့်သဘော မေးငေါ့ပြ၏။

တစ်ခါတည်း အဖြေတောင်းနေတာပါ။

ညစ်ကျယ်ကျယ်အမူအရာဖြင့် သူမ လက်ခါပြတော့ . . .

"တကယ်လား"

ရုပ်တည်နဲ့ အောက်မှထအော်သည်။ ယိုးမယ် နောက်တစ်ကြိမ် လက်ခါပြလိုက်ပြန်တော့ . . .

"တကယ်ပြန်မချစ်ဖူးပေါ့"

"ချစ်ဘူး"

နှုတ်ခမ်းကိုမဲ့ကာ ဖြေလိုက်သည်။ ထိုအခါမှာ . . .

"ရတယ်လေ . . . အဲဒါဆိုလည်း သစ်ပင်ပေါ်မှာပဲ တစ်သက်လုံးနေတော့။ အောက်ပြန်မချပေးတော့ဘူး"

"ရှင် . . ."

သူမ ကြောက်လန့်တကြား အောက်ငုံ့ကြည့်မိလိုက်သည်။ ပထမလေ့ကားမှာ မြေပြင်နှင့်သစ်ပင်ကြားတွင် ကင်းလွတ်လျက်။ အခုမှ လှေကားဖြုတ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်း သဘောပေါက်သွားတော့သည်။ သွားလေပြီ။

ကနောင် အကွက်ချပြီး စီစဉ်ထားခြင်းပါ။

ကြည့်ဦး၊ ပုံစံက အမြင်ကပ်ဖွယ်။ မြေပေါ်တွင် လှဲအိပ်နေသည်။ သူမကို ဂရုမစိုက်သည့်သဘော။ ပြန်မချစ်လည်း ရတယ်။ အောက်ပြန်မချပေးဘူးဟူသည့်သဘော။



ကနောင် . . ."

သူမ လှမ်းအော်လိုက်ပေမဲ့ မြေပေါ်လှဲအိပ်နေသူက တစ်ချက်မျှပင် ခေါင်းထောင်မကြည့်ပါ။

"ကနောင် . . . ယိုးမယ်ကို အောက်ပြန်ချပေး"

ညစ်ကျယ်ကျယ်ပုံစံဖြင့် လှဲအိပ်နေရာမှ ဘေးနားရှိ (?) ပုံ ခံပန်းစာလုံးကို လက်ပုတ်ပြသည်။

ဘယ်လိုလဲ၊ ပြန်ချစ်မှာလား ဟူသည့်သဘောပေါ့။

သူမ ခြေဆောင့်တော့ ဂရုမစိုက်သလို လှဲအိပ်နေပြန်ပါသည်။

ယိုးမယ် စိတ်တိုလာရသည်။ သူ့ပုံစံကြည့်ရတာ အဖြေမပေးချင်း အောက်ချပေးမှာမဟုတ်။ ပက်လက်လှန် လက်ပိုက်နေရာမှ ဒူးင် နန့်နေလိုက်သေးသည်။ ကြည့်စမ်းပါဦး . . . အဖြေတောင်းပုံက ဘယ်လောက်များ အမြင်ကပ်ဖို့ ကောင်းလိုက်သနည်း။

အောက်ကိုငုံ့ကြည့်တော့ အမြင့်ပေက တော်တော်များနေပြီ။ လှေကားနှစ်စင်း ပြန်ဆင်းလျှင်တောင် အောက်ခြေမှ တော်တော်မြင့်နေသေး၏။ လှေကားမထောင်ပေးဘဲ ဘယ်လိုမှ အောက်ဆင်းလို့ရမှာ မဟုတ်။

ခုန်ချလျှင် ခြေကျိုးဖို့က သေချာသည်။ သစ်ပင်တွယ်ဆင်းရ အောင်က ပင်စည်မှာ စင်းလုံးချော။ အကိုင်းအခက် တွယ်ကုတ်ယူစရာ မရှိ။ ကနောင့်ကို လှမ်းကြည့်တော့ မူလပုံစံမပျက် လက်ပိုက်ဒူးနန့်နေ၏။

ယိုးမယ် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်မိသည်။

ကနောင်၏ အမြင်ကပ်ဖွယ်ပုံစံကို ကြည့်ပြီးလည်း စိတ်ထဲမှာ ယ်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ . . .

"ချစ်တယ် . . ."

နှုတ်ဖျားမှ တိုးတိုးလေးထွက်သွားပေမဲ့ ကနောင် ဆတ်ခနဲခေါင်းထောင်ထလာသည်။ မျက်နှာက ချက်ချင်းပုံစံပြောင်းကာ ပျော်ရွှင်လိုက်မောမှုတွေ အပြည့်။ ဝမ်းသာအယ်လဲ ခုန်ထကာ နားကို လက်နှစ်ဖက်ကာပြ၏။

"မကြားလိုက်ရဘူး။ ထပ်ပြောဦး" ဟူသည့်ပုံစံ။

ကလေးငယ်တစ်ယောက်လို သူမ ချိုလွင်စွာ ရယ်မိပါသည်။ ချစ်ဖို့ကောင်းလိုက်တာကွယ်။

ကနောင့်ပုံစံအတိုင်း ပါးစပ်ကို လက်ကာ၍ အော်ပြောလိုက်သည်။ ကနောင်ပင်မဟုတ်၊ ရိုးမတစ်ခွင်လုံး ကြားလိုက်ရမည်ထင်၏။

"ချစ်တယ် . . ."

"ချစ်တယ် . . ."

"ချစ်တယ် . . ."



BURMESE CLASSIC .com

ဒုတိယပိုင်း



www.burmeseclassic.com

www.burmeseclassic.com

# XXII

စည်သူ ထိုင်နေရာမှ ခပ်သာသာထလိုက်ပါသည်။ ဓာတ်လစ်း ရှည်ကြီးတစ်ပုဒ်က ရင်ထဲတွင် ကြည်နူးလို့က်ခါနေ၏။

ကိုကြီးမောင်ကတော့ သစ်ခြောက်ပင်ကြီးမှိထိုင်ရင်း မှုန်ရီငေး မောကာနေပါသည်။

"ဒါနဲ့ ခင်ဗျား အခုပြောသွားတဲ့ထဲမှာ ဒီခြောက်သွေ့တောင်ကုန်း နဲ့ ပတ်သက်ပြီး ရွာက အဆက်မပြတ် လူသေမှုတွေနဲ့ ပတ်သက်ပြီး၊ သက်ဆိုင်တာတစ်ခုမှ မပါသေးဘူးနော်"

ကိုကြီးမောင်က ခြောက်ကပ်စွာ ရယ်သည်။

"ဘယ်လိုဖြစ်တာလဲ . . . ကောင်လေးရ၊ လောလှချည်လား"

လွယ်အိတ်တွင်းမှ ဆေးပေါလိပ်တစ်လိပ်ထုတ်ယူကာ မီးညှိ သည်။ ပြီး မီးခိုးငွေ့တွေကို မိုးပေါ်ထောင်မှုတ်ထုတ်ရင်းနဲ့မှ . . .

"အခု ငါဆက်ပြောမယ့်ထဲမှာ မင်းသိချင်တာတွေ အားလုံးပါ လာလိမ့်မယ်"

သိုးဆောင်း

မြန်မာစ်တော်ချိန် ညနေသုံးနာရီ

ငါးဆယ့်ရှစ်မိနစ် ရှိပါပြီခင်ဗျာ။

ဓာတ်သိမ်းပိုင်း ဆက်လက်ထွက်လာပါမည်။



www.burmeseclassic.com